စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# မန်းတောင်ရိပ်ခို

## ကြည်ညိုလေးစား ဆရာများ
## လက်တွဲလုပ်ဖော် ရဲဘော်များ

မောင်စွမ်းရည်



mgyoe.com



# မန်းတောင်ရိပ်ခို

ကြည်ညိုလေးစား ဆရာများ

လက်တွဲလုပ်ဖော် ရဲဘော်များ

မောင်စွမ်းရည်

ISBN 9789997130006
POEM94
9 789997 130006
4,000.00KS

mgyoe.com

မန်းတောင်ရိပ်ခို ကြည်ညိုလေးစားဆရာများ လက်တွဲလုပ်ဖော် ရဲဘော်များ၊ မောင်စွမ်းရည်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
တမျက်နှာ ၂၇၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– မောင်စွမ်းရည်ရေးတဲ့ စာပါးလုတ်ပါးပြည့်
[မောင်သစ်လွင်(လူထု)၏ အမှာစာ] က
၁။ ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် မှန်တာကိုသာ
ရေးမယ်ဆိုတဲ့ သတင်းစာဆရာကြီး ရွှေဥဒေါင်း ၁
၂။ ရွှေမန်းသားစာရေးဆရာကြီး မြမျိုးလွင် ၆
၃။ အမေလူထု ဒေါ်အမာမွေးနေ့သို့... ၁၁
၄။ ကျွန်တော်တို့ရဲ့အမေ
ဘဝတစ်ပါးပြောင်းသွား ကွယ်လွန်ခဲ့ပေမဲ့ ၁၆
၅။ သတင်းစာဆရာ၊ ပုံပြင်ဆရာကြီး လူထုဦးလှ ၂၁
၆။ ပုံပြင်ဆရာကြီး ပုံပြောဆရာကြီး လူထုဦးလှ ၂၇
၇။ ပန်းချီဆရာ ကာတွန်းဆရာ ထွန်းလှိုင် ၃၃
၈။ မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင် ဦးအေးမြင့် ၃၉
၉။ သူငယ်ချင်း မောင်သာနိုး ၄၇
၁၀။ တစ်သက်တာစာပေဆုရှင် သူငယ်ချင်း မောင်သာနိုး ၅၅
၁၁။ ကဗျာဆရာ မောင်သိင်္ဂါ ၆၄
၁၂။ ဝတ္ထုရေးဆရာ မောင်သာရ ၇၁
၁၃။ မန်းတက္ကသိုလ် ကဗျာဆရာတစ်ဦး
တက္ကသိုလ်မောင်ထွန်းဝေ (၁၉၃၃– ၂၀၁၈) ၈၇
၁၄။ ကိုအံ့ကြီး၊ ကိုတင်မိုးနဲ့ ဝင်းဖေသုံးယောက် ၉၄
၁၅။ တင်မိုး၊ မောင်စွမ်းရည်နဲ့ ကိုညိုကြီး ၁၀၀
၁၆။ ပန်းရည်ဘဏ်တိုက်ဆောက်သူ ၁၀၄
၁၇။ သူ့ကိုပြန်ပို့လိုက်ပါပြီ ၁၀၈


mgyoe.com

mgyoe.com


၁၈။ တက္ကသိုလ်ဝင်း ခေါ် ကိုဝင်းမောင် ၁၁၂
၁၉။ သူငယ်ချင်း ကဗျာဆရာ ညွန့်အေး(အင်းဝ) ၁၁၉
၂၀။ သူငယ်ချင်း ဇော်ဇော်အောင်ရေ မင်းသွားနှင့်တော့နော် ၁၂၄
၂၁။ ကဗျာညီလေး မောင်စန်းသော်
ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ရီ ၁၂၆
၂၂။ ဆရာဝန် ကဗျာဆရာ မောင်စန်းသော် ၁၃၁
၂၃။ ယနေ့တိုင် မမေ့နိုင်တဲ့ အမှတ်တရတစ်ခု ၁၃၉
၂၄။ သူငယ်ချင်း ပင်းယမွေး ၁၄၄
၂၅။ ကမ္ဘာလှည့်ပြီး ကမ္ဘာကြည့် ကြည့်တဲ့ ချစ်ဦးညို ၁၅၀
၂၆။ မင်းသစ် အလွမ်းစာ ၁၅၆
၂၇။ ဟံသာဝတီ ဦးဝင်းတင်
သူ့ ဘာစာအုပ်တွေ ကြိုက်သလဲ ၁၆၂
၂၈။ သမိုင်းလူသား ကျွန်တော်တို့ဆရာ ဒေါက်တာသန်းထွန်း
တပည့်ရဲဘော် မောင်စွမ်းရည် ၁၆၇
၂၉။ သမိုင်းပါရဂူ ဒေါက်တာသန်းထွန်း ၁၈၄
၃၀။ ဒေါက်တာသန်းထွန်းနဲ့ ပါရဂူဘွဲ့ ၁၉၃
၃၁။ မန္တလေးသတင်းစာဆရာ ဦးကြည်မြ ၁၉၈
၃၂။ ခရစ်ယာန် သာသနာပိုင်ချုပ် သူငယ်ချင်း
ကဗျာဆရာ မောင်ပေါက်စည် ၂၀၃
၃၃။ သတ္တိကောင်းတဲ့ သတင်းစာဆရာ လူထုစိန်ဝင်း ၂၀၉
၃၄။ သူငယ်ချင်းကဗျာဆရာ ကြည်အောင် ၂၁၅
၃၅။ သာမန်ပြည်သူတွေကြားက တော်ဘုရားလေး ဦးအောင်ဇေ ၂၂၄
၃၆။ တောင်သူလယ်သမား ပါမောက္ခ ဆလိုင်းထွန်းသန်း ၂၃၀
၃၇။ မြေလတ်မိခင် ရဲမေ ဒေါ်မြရီ ၂၄၁
၃၈။ ကြံ့ရ ဆုံရ ဗိုလ်သော်က ၂၄၈
၃၉။ လွယ်အိတ်တစ်လုံးနဲ့ ရွာလည်သူ မောင်မိုးသူ ၂၅၆
၄၀။ သူငယ်ချင်း မောင်သိန်းနိုင် ၂၆၃


mgyoe.com

mgyoe.com

## မောင်စွမ်းရည်ရေးတဲ့ စာပါးလုတ်ပါးပြည့်

အခု နိုဝင်ဘာလထဲ မောင်စွမ်းရည်က ကျွန်တော့်ဆီ သူ ရေးတဲ့ စာမူကြမ်းကြီး ပို့လိုက်တယ်။

ဖတ်ကြည့်။

ခံစားချက် သုံးသပ်ချက် ရေးကြည့်တဲ့။

ဖတ်ပါတယ်။

မောင်စွမ်းရည်ရေ… ရေးလိုက်တာများ

ပါးလုတ်ပါးပြည့်ကြီးပါလား။ ဇာတ်အိမ်က အကြီးကြီး၊ အကျယ်ကြီး။ ဇာတ်ဆောင်တွေကလည်း များလှချည့်။ အကြီး အငယ် လူရွယ်လူလတ် ဦးရေ ၂၀၀ ကျော်ကြီးများတောင်။

နာမည်က မန်းတောင်ရိပ်ခို

ကြည်ညိုလေးစား ဆရာများ

လက်တွဲလုပ်ဖော် ရဲဘော်များ တဲ့။

ဖတ်ကြည့်ပါတယ်။ အရေးအသားက ကောင်းလိုက်တာ ရသစုံလှိုင်းတွေ ထသွားတာပဲ။ ရေးတဲ့အကြောင်းအရာက နိုင်ငံရေး၊ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ။ ဝေနေအောင် ရေးလိုက်တာ ဗြိတိသျှ ကိုလိုနီဘဝကနေ စစ်အစိုးရဒီဘက်ခေတ်အထိ။ အတုယူဖွယ်၊ မှတ်သားဖွယ်၊ အားတက်ဖွယ်၊ ကြေကွဲဖွယ်၊ စာနာဖွယ် စုံလို့။ ဒီနေရာမှာ ဟံသာဝတီ ဦးဝင်းတင် သုံးခဲ့တဲ့စကားကို

mgyoe.com

mgyoe.com



ယူသုံးရရင် "တိုက်ပွဲဝင်သင့်ရင် ဝင်ရမယ်ဆိုတာကို ဒီစာအုပ်က အကူအညီ ပေးပါတယ်" လို့ ပြောချင်တယ်။

သတင်းစာအယ်ဒီတာစားပွဲက စကားလုံးတွေနဲ့ ပြောရရင် မျက်နှာဖုံး သတင်း၊ ပြည်တွင်းရေးရာ၊ နိုင်ငံတကာရေးရာ၊ ခေါင်းကြီး၊ ဆောင်းပါး၊ ပုဒ်ရှည်၊ ပုဒ်တို၊ ပြည်သူ့ရှုထောင့်၊ ပြည်သူ့အာဘော် စုံလို့။ အဲဒါ သူ့စာတွေ ပေါ့။ ဒေါ်ဒေါ် (လူထုဒေါ်အမာ)က သူ့ကိုယ်သူ သတင်းစာဆရာလို့ မပြော ဘူး။ သတင်းစာအလုပ်သမားတဲ့။ ဒေါ်ဒေါ်ရေးတဲ့စာအုပ်တွေမှာ ရှာကြည့် ပါ။

အခု သတင်းစာအလုပ်သမားတစ်ယောက် ဖြစ်တဲ့ ကျွန်တော်က ဦးလေး နဲ့ ဒေါ်ဒေါ့်ရဲ့သား လူထုတိုက်ထွက် စာရေးဆရာ၊ ကဗျာဆရာ မောင်စွမ်း ရည်ရဲ့ စာမူတစ်ထပ်ကြီးကို ဖတ်ပြီးသကာလ ဒီလိုတင်ပြလိုက်ပါတယ်။

**စာမျက်နှာပေါ်က တွေ့ရှိချက်များ**

ဆရာကြီး သခင်ကိုယ်တော်မှိုင်း
ရွှေဥဒေါင်း
ပီမိုးနင်း
ဦးထွန်းဖေ
မြမျိုးလွင်
ကျောက်စာဝန် ဦးမြ
စစ်ကိုင်းဦးဘိုးသင်း
ရွှေကိုင်းသား (ဦးသောဘိတ၊ ထွန်းလှိုင်)
လူထုဒေါ်အမာ (ခင်လဝင်း၊ မြမဥ္ဇူ)
အမ်အေဒေါ်အုန်း
မာလာ
လူထုဦးလှ (ကြီးပွားရေးဦးလှ)
မောင်သာနိုး
မောင်မိုးသူ
တင်မိုး (မောင်ဘဂျမ်း၊ ကိုရင်ဂျမ်း၊ ကန်မြဲနန်းမြင့်နွယ်)

mgyoe.com

mgyoe.com


ကြည်အောင် (ကြည်လင်) (အင်းဝအောင်ဆွေ)
မောင်သာရ
ဝင်းဖေ
ပေါ်ဦးသက်
ရွှေပြည်ဦးဘတင်
ကိုအောင်ဆန်း
ကိုဗဟိန်း
ဦးရာဇတ်
မဟာဆွေ
ဇေယျာမောင်
ဦးဘကွန်း (ညိုချော)
ဦးလူဖေဝင်း
ရတနာပုံလှိုင်ခင်အေး (ထွန်းလှိုင်၊ ရွှေကိုင်းသား)
ဦးဝင်းတင်
ကာတွန်းဝင်းအောင်
ဦးဘဂျမ်း
ပုပ္ပား ဦးကျော်ရင် (ဦးကောဝိဒ)
ဦးအေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်းပညာရှင်)
ဦးကြွယ်လေး
ဘဏ်ဦးခင်မောင်
ပျဉ်းမနားဦးလှ
ဦးနု
ဦးသန့်
ဗိုလ်နေဝင်း
ဒေါ်ခင်မေသန်း
ဗိုလ်ခင်ညွန့်
ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)
စန်းသော်တာ (ကိုသန်းညွန့်စာအုပ်ဆိုင်)

m.gyoe.com

mgyoe.com



အမျိုးသားစာအုပ်ဆိုင်
မိုးဦးပန်းစာအုပ်တိုက်
ကျော်လှိုင်ကဖေး
ကိုပညာ (ကိုပညာ–အမရပူရ)
ဦးထွန်းဝေ (ရုပ်ရှင်မင်းသား)
မိုးမိုး(အင်းလျား)
တက္ကသိုလ်ဘုန်းနိုင်
ခင်နှင်းယု
ခင်ဆွေဦး
ဒေါက်တာသန်းထွန်း
ပန်းချီ ကိုနန်းဝေ
မောင်သိန်းနိုင်(ဂုဏ်ထူး)
မုံရွာတင်ရွှေ
ကိုသာလှ(မြင်းခြံ)
ကသာဝင်းကြွယ်
ကိုဝင်းဘို(မုံရွာ)
မေဝင်းကြည်(ကောလင်း)
ကိုလေး(အင်းဝဂုဏ်ရည်)
ဘုတလင်ချစ်လေး
မောင်သန်းဌေး
မောင်မျိုးမြင့်
ဆန်းထွန်း(မန်းတက္ကသိုလ်)
မောင်သိဂ်ါ (မောင်သာနိုး၊ ကျောက်ဆောက်သာနိုး)
သူရ(ရှမ်းပြည်)
ကိုညိုကြီး
စန္ဒရားသိန်းမောင်
စောထွန်း(မန်းစာဂုဏ်)
လေးမောင်(မြင်းခြံ)

mgyoe.com

mgyoe.com



မောင်ပေါက်စည်
မောင်အောင်သျှန်
တက္ကသိုလ်နှယ်ထွန်း
တက္ကသိုလ်မောင်ထွန်းဝေ
မင်းကျော်
ဦးကျော်ငြိမ်း
မောင်ဉာဏ်
ကိုခင်မောင်ဦး
ဒို့ဘုရင် ဦးဘရင်
ဗိုလ်ခင်မောင်လေး
ဝိရူရ သခင်ချစ်မောင်
ဝင်းခက်
ကြေးမုံဦးသောင်း
မင်းသိင်္ခ
ပွင့်လန်း(သတ္တုတွင်း)
ဒေါက်တာမောင်မောင်ညို
ဒေါက်တာအောင်ခင်
ရှုမဝဦးကျော်
မောင်ဝဏ္ဏ
မအိ
မောင်တင်ဦး
ဦးအောင်ကြီး
ဦးသိန်းဖေမြင့်
ဒေါက်တာထွန်းရွှေ
တက္ကသိုလ်ဝင်း
ညွန့်အေး(အင်းဝ)
ပင်းယဌေး
ပင်းယမွေး

mgyoe.com

mgyoe.com



အရိုင်း (ရွှေမန်းအညာမြေ)
တမ္ဘဝတီမောင်ငွေစန်း
ရွှေဘိုတူးမာ
မောင်သီလာ
သလ္လာမောင်သင်းရီ(ဇော်ဇော်အောင်)
မုံရွာဝင်းဖေ
ရေဦးမြင့်မောင်
မောင်မျက်သျှင်
ဂျူး
နုနုရည်(အင်းဝ)
နန်းတော်ရှေ့ ဝင်းဝင်းမြင့်
မဝင့်(မြစ်ငယ်)
ညီပုလေး
အောင်မြင့်ဦး
နုယဉ်
ငွေတာရီ
နွယ်(စစ်တွေ)
ကျော်ရင်မြင့်
သိုက်ထွန်းသက်
နေထွတ်
မြကေတု
သစ်ရာကောက် မောင်တင်စိုး
ဒေါက်တာခင်မောင်ညွန့်
ကိုအုံကြီး
မာမာအေး
ကဗျာဆရာကိုသက်
ကျောက်ဆည်ဝင်းဖေ
ဒေါက်တာဝင်စတန်ခင်

mgyoe.com

mgyoe.com



ကိုအေးကျော်(ကန်မြဲ)
ချစ်ဦးညို
လင်းခေးလုလင်
ဇော်သလ္လာ
မောင်ဖြူး
ရွှေမန်းရီရီ
အမာစိန်
နွဲ့နွဲ့စန်း
လေဘာတီမမြရင်
မောင်နီသင်း
ဦးဘကောင်း
သန်းထွတ်
သိပ္ပံမျိုးတင်
ဒေါင်းနွယ်ဆွေ
မောင်စန်းသော်
ခင်သစ်နှင်း
ကသာညွန့်ဝေ
ကြည်အေး
မျိုးမြင့်ဆွေ
စိန်ဗေဒါ
စိန်လှမောင်
ရွှေနန်းတင်
အံ့မောင်
ထွန်းဦး
ခင်စုလှိုင် (ကေသီလှိုင်)
ဒဂုန်ခင်ခင်လေး
ချစ်ဦးညို
မြတ်လေး

mgyoe.com

mgyoe.com



ဗိုလ်ကလေးတင့်အောင်
နန်းတော်ရှေ့ ဆရာတင်
သဟာယဆရာတင်
ဝိုင်အမ်ဘီသခင်တင်
ရွှေတိုင်ညွန့်
ကိုစောညိန်း
ကိုနေဝင်း
ခင်ဝမ်း
ဝင်းမင်းထွေး
မင်းသစ် (ဘိုင်အိုမင်းသစ်)
ရှုယ်လီထွား
ခက်သီ
ရဲဦးမြင့်မောင်
ခက်မာ
စုထား
ရာသက်ပန်(တောင်ငူဆောင်)
မောင်သင်းခိုင်(ပျဉ်းမနား)
မင်းယုဝေ
မောင်နှစ်သိမ့်
ဟံသာဝတီဦးဝင်းတင်(ပေါ်သစ်)
အောင်တိတ်
တွတ်တွတ်
ပေါ်သိမ်း
မောင်ဝန်ဇင်း
ငွေဥဒေါင်း (ဦးကြီးမောင်)
တိုက်စိုး
နတ်နွယ်
မင်းမော်

mgyoe.com

mgyoe.com



ဂျာနယ်ကျော်ဦးချစ်မောင်
အောင်ဗလ
စိန်ခင်မောင်ရီ
မင်းသူ(သတင်းထောက်)
မောင်ခိုင်မာ
ညာဏ
ဇဝန
မောင်ထင်
ဦးတင့်ဆွေ
သိပ္ပံမောင်ဝ
ဦးသန့်
ဦးမျိုးမင်း
သူရိယကန္တိ
ကိုအောင်ဆန်း
ကိုအောင်ကျော်
သခင်ဇင်
သခင်အုန်းမြင့်
လေထီးဦးကျော်ရင်
ဦးသန်းတင့်
ရေစကြို ကိုညွန့်အောင်
ကိုမြသန်း(မြသန်းတင့်)
ဗိုလ်မှူးဗထူး
ကွန်သာယာ
ကိုဇော်ဝင်း
ကိုစောလွင် (ကိုတောလူ)
တိုးလှ
မောင်နေနွယ်
လင်းယုန်နီ

mgyoe.com

mgyoe.com


သူရိယဦးသန်းမောင်
ကိုကိုကြီး
ဦးလှရွှေ
သိန်းသန်းထွန်း
ဦးသော်ကောင်း
ဒေါ်နီနီမြင့်
မောင်ထွဏ်းနွယ်
ဆရာပုံ
ဆရာခြို
ကြည်မြ
နှင်းဦး
ကိုဌေးမြိုင် (ဒဂုန်တာရာ)
ဗိုလ်မှူးကြီး ကြည်မောင်
ဆန်းထွန်း(မန်းတက္ကသိုလ်)
စောလူ(စောထွန်း)
ခင်မျိုးချစ်
ဦးရွှေသွင်
မာမာအေး
မောင်ပေါက်စည်
ယဉ်မင်းပိုက်
လူထုစိန်ဝင်း (ဝင်းဖော်)
စိုးဝင်းမောင်
မြင်းခြံအောင်သူ
ဇေယျ
ဖိုးသံချောင်း

mgyoe.com

mgyoe.com


**မောင်စွမ်းရည်ရဲ့ စာနဲ့ မောင်သစ်လွင်ရဲ့ ရင်တွင်းစကား**

ဦးအေးမြင့်ကို ကျွန်တော်တို့ စသိတာက ကျွန်တော်တို့ တစ်တွေ ကျောင်းသားဘဝမှာပေါ့။ မန္တလေးဈေးချိုတော် 'အေရုံ' ရဲ့အနောက်ဘက် (မွေ့ရာတန်း အပြင်ဘက်) မှာ စန်းသော်တာ စာအုပ်ဆိုင်ကလေးရှိတယ်။ ဈေးချိုတော် တောင်ဘက်တန်းမှာ တော့ အမျိုးသားစာအုပ်ဆိုင်နဲ့ မိုးဦးပန်းစာအုပ်တိုက် ရှိတယ်။ 'မိုးဦးပန်း' စာအုပ်တိုက်က ကြီးကြီးကျယ်ကျယ် မဟုတ်ပေမဲ့ မောင်မိုးသူရဲ့ဆိုင်လေ။ အဲဒီနေရာတွေက စာရေးဆရာ၊ ပန်းချီ ဆရာ၊ ဂီတဆရာတို့ရဲ့ ဆုံရပ်ပါ။ စာအုပ်ဆိုင်မှာ မတ်တတ်နေ ကြရတာ ကြာသွားရင်၊ လူတွေလည်းစုံရင် မွေ့ရာတန်းကြားထဲ က 'ကျော်လှိုင်ကဖေး' ဆိုတဲ့ လက်ဖက်ရည်ဆိုင်လေးမှာ တမေ့ တမော ထိုင်လေ့ရှိကြတယ်။

စန်းသော်တာ စာအုပ်ဆိုင်ကို သတိရတယ်၊ လွမ်းတယ်။ တစ်ချိန်က ကျွန်တော်တို့ လူငယ်စာပေသမားတွေရဲ့ ဆုံရပ်ပါ။ တိုက်ဆိုင်လိုက်တာ။ ၁၈–၁၁–၂၀၁၉ နေ့က မန္တလေးမှာ မောင်မိုးသူ တွေ့ဆုံပွဲလုပ်တော့ ကိုသန်း ညွန့် ဇနီးနဲ့ သမီး လာလို့ အလွမ်းစကား ပြောဖြစ်သေးတယ်။

ဒါကြောင့် မန်းတက္ကသိုလ် စာပေလှုပ်ရှားမှုမှာ ၁၉၅၆– ၁၉၆၆ ခုနှစ် ဆယ်နှစ်တာကာလလောက်ဟာ စည်ကားမြိုင်ဆိုင် မှုအရှိဆုံး ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီ ဆယ်စုနှစ်ကာလတစ်ခုအတွင်း မန်းတက္ကသိုလ်မှာ (၁) မန္တလေး သီးခြားတက္ကသိုလ် အကြိုပွဲတော်၊ (၂) မန်းရာပြည့် ပွဲတော်၊ (၃) တက္ကသိုလ် ကောလိပ်ကျောင်းပေါင်းစုံ အားကစားနဲ့ ယဉ်ကျေးမှုပွဲတော်တွေနဲ့လည်း ပေါင်းဆုံမိခဲ့ကြပါတယ်။ ဒီပွဲတော်တွေမှာ တက္ကသိုလ်ကောလိပ်ကျောင်းသားတွေရဲ့ စာပေ ယဉ်ကျေးမှု အနုပညာရပ်များနဲ့ အားကစားဆိုင်ရာ လှုပ်ရှားမှု တွေဟာ တက်ကြွမြိုင်ဆိုင်မှုရှိပြီး မိတ်ဆွေဖြစ်ရေး ပေါင်းသင်း ဆက်ဆံရေးမှာလည်း အထူး တိုးတက်ခဲ့ပါတယ်။ တကသများ လှုပ်ရှားမှု ဒီရေမြင့်သစ်ပါပဲ။

mgyoe.com

mgyoe.com



'သမဂ္ဂတည်တဲ့ချင် ယဉ်ကျေးမှုထိန်းသိမ်း အစဉ်
မိတ်ဆွေဖြစ်ရေးလည်း တို့အင်္ဂါပင်
ငြိမ်းချမ်းရေးတော့ အချစ်ဆုံးသာပင်' ဆိုတဲ့

သီချင်းလေးတစ်ပုဒ်ကို တူညီသီဆိုခဲ့ကြတာလည်း သတိရပါတယ်။

ကျွန်တော်တို့က သတင်းသမားလေ။ သတင်းစာမျက်နှာပေါ် မပြတ်မလပ် တင်ပေးခဲ့တာပေါ့။ ဒါ ကိုယ့်တာဝန်ပဲ။

ခုအခါ ကျန်းမာရေးမကောင်းပေမဲ့ သူ့စာအုပ်တွေ ဆက်လက် ထွက်နေတာ ဝမ်းသာရပါတယ်။ သူ့ဇနီးနဲ့ သူ့တူမတွေက ကူညီရေးပေးနေပုံ ရပါတယ်။ ဘယ့်လိုပဲဖြစ်ဖြစ် သူများတကာ လုပ်နိုင်ခဲတဲ့ စာပေလောကတာဝန်တွေကို ထမ်းဆောင်နေတဲ့ ကျွန်တော်တို့ သူငယ်ချင်းအတွက် ကျွန်တော်တို့ ဂုဏ်ယူမဆုံးပါ။ မြန်မာစာပေလောကရဲ့ အဓိကလိုအပ်ချက်တွေ ယုတ်စွအဆုံး သူငယ်ချင်းတွေရဲ့ အဓိကလိုအပ်ချက်တွေကို ပါရမီဖြည့်ပေးနေတာလို့ ယုံကြည်ပါတယ်။ သူငယ်ချင်း မောင်သာနိုး ကျန်းကျန်းမာမာနဲ့ အသက်ရာကျော်ရှည်ပါစေ။

ဟိုးနှစ်တွေကတည်းက စာနယ်ဇင်းလောကမှာ အတူလှုပ်ရှားခဲ့ကြတာပဲ။ ဝင်ထွက်သွားလာခဲ့တာပဲ။ နတ်နွယ်က "မောင်သာနိုး၊ တက္ကသိုလ်ဝင်း၊ မောင်သစ်လွင်(လူထု) နဲ့ မိမိတို့ဟာ လူထုတိုက်ထွက်တွေပဲ" လို့ မိုးဝေမှာ ရေးခဲ့တယ်။ ကျွန်တော် 'ရွှေဝတ်ရည်မဂ္ဂဇင်း' ကိုင်လို့ သူ့ဆီတောင်းတော့ သူ ရေးပေးတယ်။ အထက်ဗမာနိုင်ငံစာရေးဆရာအသင်းဝင်တွေလေ။ ကျန်းမာပြီး အသက်ရှည်စေချင်တယ်။ ဒီအတိုင်း ဆုတောင်းတယ်။

ကိုသာနိုးရေ.... ကျွန်တော် မမေ့နိုင်တာကလေးတစ်ခု ရှိသေးတယ်။ ဗိုလ်နေဝင်းက ကျွန်တော်တို့ အထက်ဗမာနိုင်ငံစာရေးဆရာအသင်းကို ဖိတ်လို့ ဦးလေးတို့ ခေါင်းဆောင်ပြီး ကျွန်တော်တို့ လူငယ်စာရေးဆရာတွေပါ တက်ကြတဲ့ အခမ်းအနားတစ်ခု မန္တလေးနန်းတွင်း နန်းတော်အုတ်ခုံပေါ်မှာ ကျင်းပတယ်။

ဦးလေးတို့လူကြီးတွေက ရှေ့တန်းက၊ ကျွန်တော်တို့လူငယ်တွေ

mgyoe.com

mgyoe.com



မောင်စွမ်းရည်၊ ကိုသာနိုး၊ မောင်သိန်းနိုင်တို့က နောက်တန်းက ကုလားထိုင်တွေနဲ့ ထိုင်လို့။ ဗိုလ်နေဝင်းက နှုတ်ဆက်ဖို့ထွက်လာ၊ လူက မူးနေပြီ၊ ယိုင်ထိုးယိုင်ထိုးနဲ့။ မလဲအောင် စစ်ဗိုလ်တစ်ဦးက သူ့ကို ထိန်းနေရတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့လည်း ယစ်နေပြီ။ ကျွန်တော်တို့တစ်တွေက စောစောပိုင်းက ဘုတ်တလုတ်ကန်ပတ်လည်မှာ ဖွင့်ထားတဲ့ အရက်ဆိုင်ကလေးတွေမှာ သောက်ခဲ့ပြီ။ ဗိုလ်နေဝင်း တစ်ချက်ယိုင်လိုက် ကျွန်တော်တို့က 'ဂူး' တစ်ချက် အော်လိုက် လုပ်ကြတာ။

ဗိုလ်နေဝင်း လဲမလိုယိုင်လိုက် ကျွန်တော်တို့ လူငယ်စာရေးဆရာတွေက 'ဂူး–ဟေး–ဝါး' အော်လိုက်ကြ။ ဒီအထဲမှာ အသံအကျယ်ဆုံးနဲ့ တအားအအော်ဆုံးက ကိုသာနိုးပါပဲ။ အော်လိုက်ကြ ဟားတိုက်လိုက်ကြ။ ရင်ထဲကအသံ အပြင်လျှံထွက်။ သတိရတယ် ကိုသာနိုးရေ။

မဆလ စစ်အစိုးရလက်ထက်မှာ ဆရာတွေ ပြန်မပြောဝံ့လို့ မတော်မတည့် လုပ်နေကြရတဲ့ကိစ္စတစ်ခု ရှိပါသေးတယ်။ ပါတီကောင်စီခေတ်မှာပေါ့။ ဆရာတွေကို ကျောင်းလုံခြုံရေးအတွက် ဂိတ်ပေါက်တွေကစ ကင်းစောင့်ဖို့ အလှည့်ကျ တာဝန်ယူရတဲ့ ကိစ္စ။... စစ်တပ်က နေရာတကာ လိုက်ပြီး အာဏာပြနေတာပါ။ ဆရာကတော့ "ဆရာဆိုတာ စာဖတ်ရတယ်၊ လေ့လာရတယ်၊ သုတေသနလုပ်ရတယ်။ ကင်းစောင့်တာ ဆရာအလုပ် မဟုတ်ဘူး" လို့ ပြန်ပြောဖူးသတဲ့။ ဆရာတွေကို ကင်းစောင့်ရတဲ့ တာဝန် မပေးတော့တာတော့ သတိထားလိုက်မိပါတယ်။...

ဆရာနဲ့ ဟောပြောပွဲတွေ အတူသွားဖူးတယ်။ ဆရာက သူ စိတ်မဝင်စားရင် ဟောပြောပွဲစားပွဲပေါ် ခေါင်းတင်ပြီး အိပ်နေတော့တာပဲ။ လူထုတိုက်ဝင်ထွက်နေတာ၊ ကျွန်တော်နဲ့ တရင်းတနှီး ရှိလှတယ်။ ဒီနေ့တွေ့ နောက်နေ့ ဆုံးဆိုတော့ ဟိုက်ခနဲ ဖြစ်ခဲ့ရတယ်။

ကျွန်တော်တို့ အထက်ဗမာနိုင်ငံစာရေးဆရာအသင်းက စစ်အစိုးရလက်ထက်မှာ နှစ်စဉ် စာဆိုတော်နေ့တိုင်း စာဆိုတော်ကြီးများ ကန်တော့ပွဲနဲ့အတူ စာပေဟောပြောပွဲနဲ့ စာတမ်းဖတ်ပွဲများ ပြုလုပ်ခဲ့ကြပါတယ်။ ပြီးရင် စာတမ်းပေါင်းချုပ်စာအုပ်

mgyoe.com

mgyoe.com



ထုတ်ပါတယ်။ တစ်နှစ်တစ်အုပ် ထုတ်သွားတာ ဗိုလ်နေဝင်း စစ်အစိုးရက အသင်းကိုလည်းဖျက်၊ စာတမ်းဖတ်ပွဲတွေကို ပိတ်လိုက်တော့မှ ရပ်သွားခဲ့ပါတယ်။ စာတမ်းပေါင်းချုပ် စာအုပ်တွေကတော့ ၁၀ အုပ်လောက် အဖတ်တင်တယ်ဆိုတော့ အခုအခါမှာ သမိုင်းနဲ့ မြန်မာစာ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့စာတမ်းတွေအတွက် ကိုးကား မှီငြမ်းပြုစရာ စာအုပ်တွေ ဖြစ်နေပါတယ်။

ဟံသာဝတီသတင်းစာ မဏ္ဍလေးမှာထုတ်တော့ အယ်ဒီတာချုပ် ဦးဝင်းတင်က 'စနေစာပေဝိုင်း' ဆိုပြီး စာတမ်းဖတ်ပွဲတွေ ကြိုးစားလုပ်လိုက်သေးတယ်။ ဗိုလ်နေဝင်း စစ်အစိုးရကပဲ ဟံသာဝတီသတင်းစာပါ ပိတ်ပစ်လိုက်ပါရောလား။ ဦးဝင်းတင်က သက်သေလိုက်အစစ်ခံပါဦးဆိုလို့ ကျွန်တော် အစစ်ခံခဲ့ရသေးတယ်။

လူထုဦးလှ၊ ဒေါက်တာသန်းထွန်း၊ ပါမောက္ခချုပ် ဦးကျော်ရင်၊ ကျောက်စာဝန် ဦးမြ၊ ရွှေကိုင်းသား ဦးသောဘိတ၊ ဦးမောင်မောင်တင်တို့ဟာ သုတေသီလောက၊ ပညာရှင်လောကမှာ ထိပ်တန်းပုဂ္ဂိုလ်ကြီးတွေပါ။ သူတို့တစ်တွေဟာ အထက်ဗမာနိုင်ငံစာရေးဆရာအသင်း စာတမ်းဖတ်ပွဲတွေကို ဗဟိုပြုပြီး စည်းလုံးမိကြပါတယ်။ အထူးသဖြင့် လူထုဦးလှ၊ ဦးကျော်ရင်၊ ဒေါက်တာသန်းထွန်းတို့အတွဲပါ။... သူတို့ ဆုံကြတဲ့ကာလမှာ... စာပေကိစ္စနဲ့ လူငယ်တွေ စုစည်းမိတဲ့ကိစ္စကိုပဲ ဝမ်းသာအားရ အားပေးဖို့စိတ်အားထက်သန်ခဲ့ကြပါတယ်။ 'ရဲသုံးဖော်' လို့ခေါ်ရင် မယဉ်ကျေးရာကျမလား မဆိုနိုင်ပါ။ အထူးသဖြင့် ဟိုးလေးတကျော်ဖြစ်တာက 'ဆင်သွားမှူ' လို့ နာမည်ကြီးခဲ့တဲ့ စကားပြောသလိုရေးသားခြင်းကိစ္စပါပဲ။ 'ခေတ်ပေါ် မြန်မာစာအရေးအသားသစ်' အဖြစ်နဲ့ မောင်သာနိုးက လေ့လာရေးသား ဖတ်ကြားခဲ့ပါတယ်။ ၁၉၆၅ မှာပါ။

ကျေးဇူးကြီးတဲ့ ဆရာတွေပါ။ 'ရဲသုံးဖော်' ခေါ်လို့ရတာပေါ့။ လူငယ်တွေ စည်းလုံးမှုက မှတ်တမ်းပဲ။

အောင်ဗလ အမည်ခံ သတင်းစာဆရာကြီး ကြေးမုံ

mgyoe.com

mgyoe.com



ဦးသောင်းက လူထုဒေါ်အမာနဲ့ လူထုစိန်ဝင်းတို့ရဲ့ စကားတွေကြားရ၊ စာတွေဖတ်ရပြီး သတ္တိကောင်းတဲ့ သတင်းစာဆရာကြီးများအဖြစ် ဂုဏ်ပြုချီးကျူးတဲ့ ဆောင်းပါးတစ်စောင် ရေးလိုက်တာကို ဖတ်ရပါတယ်။

အင်န်အယ်လ်ဒီက နအဖ ကို တရားမဝင်တဲ့အဖြစ်က တရားဝင် ကြားဖြတ်အစိုးရအဖြစ်နဲ့ အသိအမှတ်ပြုပေးမယ်၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းရအောင်လို့ ကမ်းလှမ်းပါတယ်။

ဒီလို လူကြီးလူကောင်းနည်းနဲ့ လမ်းဖွင့်တာကို နအဖက (သေနတ်ခါးထိုး စားမိုးအစိုးရက) ပယ်ချငြင်းဆိုလိုက်တဲ့အခါ သတင်းဌာနတွေက လမ်းပိတ်သွားပြီ၊ ဘာလုပ်ကြမလဲလို့ နိုင်ငံရေးသမားကြီးတွေနဲ့ သတင်းစာဆရာကြီးတွေကို တယ်လီဖုန်းနဲ့ တွေ့ဆုံမေးမြန်းပါတယ်။ လူထုဒေါ်အမာက ဒီလိုဆိုရင် လူထုက လူထုနည်းနဲ့ အုံကြွတောင်းဆိုကြဖို့ပဲ ရှိတော့တယ်လို့ ဖြေတယ်။

လူထုစိန်ဝင်းကတော့ အင်္ဂလိပ်လို ဆောင်းပါးတစ်စောင် ရေးပြီး ပြည်ပ အင်္ဂလိပ်သတင်းစာစောင်ထဲမှာ ထည့်တယ်။ လူတွေက ဆက်သည်းမခံနိုင်ကြတော့ရင် အုံကြွပေါက်ကွဲလာလိမ့်မယ်လို့ သတိပေးပြီး ကုလသမဂ္ဂအနေနဲ့လည်း ကမ္ဘောဒီးယားမှာလုပ်သလို စစ်အစိုးရကို ကုလသမဂ္ဂကနေ ဖယ်ထုတ်အရေးယူပါတော့လားလို့ အကြံပေးတယ်။

အဲဒါတွေကို သဘောကျပြီး ပြည်တွင်းကနေ အခုလို ပြောကြားတာတွေကို ပြည်ပရောက် သတင်းစာဆရာကြီး ကြေးမုံဦးသောင်းက ထောက်ခံရုံမက ဂုဏ်ပြုပြောကြားလိုက်ပါတယ်။

မောင်စွမ်းရည် ရေးတဲ့စာ၊ ဒါကိုဖတ်ရတော့ တစ်ချိန်က သတင်းစာဆရာကြီး ဦးထွန်းဖေ ပြောတဲ့စကားကို မောင်စွမ်းရည်လိုပဲ သတိရမိတယ်။ သတင်းစာဆရာကြီး ဦးထွန်းဖေက "သတင်းစာဆရာ၊ သတင်းထောက်ခေါင်းဆောင်မှုမပါတဲ့ ခေတ်တစ်ခေတ်မှ မရှိပါဘူး။ အမြဲခေါင်းဆောင်မှုပေးနေတာပဲဆိုတာ ကျွန်တော် ရဲရဲကြီးပြောချင်ပါတယ်။ အစိုးရဖြစ်လို့လား၊

mgyoe.com

mgyoe.com



မဟုတ်ပါဘူး။ သူတို့ခေါင်းဆောင်မှုပေးတာ ငတ်ပြီး၊ အငတ်ခံပြီး ခေါင်းဆောင်မှုပေးတယ်။ ထောင်ချခံပြီး ခေါင်းဆောင်မှုပေးတယ်" တဲ့။ ဒေါ်ဒေါ်ရော၊ ကိုစိန်ဝင်းကိုရော သိပ်သတိရတာပေါ့။ ဦးလေးကိုရောပေါ့။ ဦးလေးက သတင်းစာဆရာ မျက်စိရှိရမယ်လို့ လမ်းညွှန် သွန်သင်ခဲ့တယ်လေ။ သေနင်္ဂဗျူဟာနဲ့ နည်းဗျူဟာ အသုံးပြုတဲ့။

ထူးခြားတာက မန်းတက္ကသိုလ် စာပေသမားတွေဟာ လူထုတိုက်ထွက်တွေချည်း ဖြစ်ကြပြီး သူတို့အားလုံးဟာ တက္ကသိုလ်သမဂ္ဂနဲ့ ကလောင်ရှင်အသင်း၊ တက္ကသိုလ်မဂ္ဂဇင်း ကော်မတီတွေမှာ အမှုဆောင်တွေချည်းဆိုတာပါပဲ။

အထူးခြားဆုံးကတော့ နိုင်ငံရေးနဲ့ စာပေလှုပ်ရှားမှု၊ လူထုနဲ့ ပေါင်းစည်းမှု၊ လှုပ်ရှားမှုတွေကို ကျွန်တော်တို့ ဦးစားပေး သတင်းတွေအနေနဲ့ ခေါင်းစီးလှလှလေးတွေနဲ့ တင်ပြခဲ့ကြတယ်။ လွမ်းလိုက်တာ။

မောင်သစ်လွင်(လူထု)

၂၂-၁၁-၂၀၁၉

mgyoe.com

mgyoe.com

# ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် မှန်တာကိုသာ ရေးမယ်ဆိုတဲ့ သတင်းစာဆရာကြီး ရွှေဥဒေါင်း

လွတ်လပ်တဲ့အာရှအသံ။

ရွှေဒေါင်းတောင်ကဏ္ဍ။

မင်္ဂလာပါ။ ။ မေ ၃ ရက်ဟာ ကမ္ဘာ့သတင်းစာနေ့ ဖြစ်ပါတယ်။ ဒါကြောင့် သတင်းစာအကြောင်းကိုပဲ ဆက်လက်ပြောပြချင်ပါတယ်။ ခုတစ်ပတ် ကျွန်တော် ပြောပြမှာက မြန်မာ့သတင်းစာလောကရဲ့ ဘိုးအေကြီး တစ်ဦးဖြစ်တဲ့ ဆရာကြီး ရွှေဥဒေါင်းအကြောင်း ဖြစ်ပါတယ်။ ဆရာကြီးဟာ သူရိယသတင်းစာ တည်စကတည်းက ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ပီမိုးနင်း၊ ဦးထွန်းဖေ စတဲ့ သတင်းစာဆရာကြီးတွေနဲ့အတူ အယ်ဒီတာ လုပ်ခဲ့သူဖြစ်ပါတယ်။

သတင်းစာဆရာဆိုတာ သတင်းတို့၊ ခေါင်းကြီးတို့ ရေးရာမှာ ရေးသူတွေလို နာမည်ဖော်ပြီးရေးရတာ မဟုတ်တော့ နာမည်မထွက်ပါဘူး။ ဆရာကြီးကို ဘာသာပြန်ရာမှာ 'သူမတူလို့' ဆိုရလောက်အောင် ထူးချွန်တာကိုတော့ လူတိုင်းသိတယ်။ ဒါပေမဲ့ သတင်းစာခေါင်းကြီး ရေးရာမှာလည်း အတုမရှိသူဖြစ်တာကိုတော့ သတင်းစာလောကသားတွေနဲ့ စာပေသမားတွေလောက်ပဲ သေချာသိကြမယ်ထင်ပါတယ်။ အရင် သတင်းစာခေတ် တစ်

mgyoe.com

mgyoe.com


လျှောက်မှာ 'ခေါင်းကြီး' ကို အထူးအလေးထားခဲ့ကြပါတယ်။ ဆရာကြီး ရွှေဥဒေါင်းက သူ့ရိယမှာကတည်းက ခေါင်းကြီးရေးခဲ့ပြီး လူထုသတင်းစာမှာ ဆက်ရေးတော့ အထူးထင်ရှားလာပါတယ်။ သတင်းစာလောကမှာ လူထုသတင်းစာက ဆရာကြီး ရွှေဥဒေါင်းနဲ့ အင်္ဂလိပ်ဘာသာနဲ့ ထုတ်တဲ့ နေးရှင်းသတင်းစာက ဦးလောရဲ့။ အဲဒီနှစ်ဦးရဲ့ ခေါင်းကြီးတွေကို သတင်းစာဖတ်ပရိသတ်က တလေးတစား စောင့်ဖတ်ခဲ့ကြရပါတယ်။ ဒါ ဒီမိုကရေစီခေတ်ရဲ့ထူးခြားချက်ပါ။ အာဏာရှင်ခေတ်မှာ သတင်းစာဆရာကြီးတွေ ဝေဖန်လမ်းညွှန်မှုကို လက်မခံပါဘူး။ ခေါင်းကြီးရေးရာမှာ အရေးအသားရော အကြောင်းအရာပါ နိုင်နင်းမှအလေးစားခံရပါတယ်။ အစိုးရကိုရော ပြည်သူကိုပါ လမ်းညွှန်ရတာဆိုတော့ တော်ရုံလူ မရေးနိုင်ပါဘူး။ ဆရာကြီးရဲ့ အရေးအသားဟာ 'ဒေါင်းဒေါင်းပြေး' လို့ ပြောရလောက်အောင် ခွန်အားရှိတဲ့ အရေးအသားဖြစ်ပါတယ်။ ဝါကျလေးတွေဟာ ပွတ်စင်က ထွက်လာတဲ့ ဂျင်လုံးလေးလို ချောမွတ်သပ်ရပ်လှပနေရမယ်တဲ့။ သဒ္ဒါဝါကျအစီအစဉ်ကလည်း ပျော့စိစိ ချည့်နဲ့နဲ့ ဖြစ်မနေရဘူးလို့ ဆရာကြီးက ဩဝါဒပေးပါတယ်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ စကားပြေကောင်းတာက တက္ကသိုလ်ဆရာကြီးတွေပီပီ အစီအစဉ်၊ အချိတ်အဆက် စနစ်ကျလို့ကောင်းတာ ဖြစ်ပါတယ်။ ဆရာကြီး ရွှေဥဒေါင်းက စကားလုံးဝါကျ ရွေးချယ်ပြီး အရပ်သုံး၊ ဒေသသုံး အသုံးထူးစကား အီဒီယမ်များကို သုံးရာမှာ ထူးခြားလှပါတယ်။ ဆရာကြီးရဲ့သမီး တပည့် လူထုဒေါ်အမာက ဆရာကြီးရွှေဥဒေါင်းဟာ စကားပြေကို ပြောစကားနဲ့ ရေးတာပါတဲ့။ စာလိုရေးတာမဟုတ်ဘူး။ မြန်မာစာပေလောကမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းပြီးရင် စကားပြေကို ပြောစကားလုံးနဲ့ရေးတာ ဆရာကြီး ရွှေဥဒေါင်းပဲလို့ မှတ်ချက်ပေးဖူးပါတယ်။

ခေါင်းကြီးရေးရာမှာ အကြောင်းအရာမျိုးစုံကို တီးမိခေါက်မိ ရှိထားဖို့လည်း လိုပါတယ်။ တချို့က စာပေသန်တယ်။ တချို့က ဘာသာရေးသန်တယ်။ ဆရာကြီးဟာ ခေါင်းကြီးရေးတဲ့ နှစ်ပေါင်း ၂၀ ကျော်၊ စာရေးသက် ၅၀ ကျော် အကြောင်းအရာမျိုးစုံရေးခဲ့တာပါ။ စီးပွားရေးဆောင်းပါးတွေလည်း ရေးရတော့ ကားလ်မတ်က်စ်ရဲ့ ဘောဂဗေဒအမြင်ကို လေ့လာပါတယ်။ အဲဒီခေတ်က မတ်က်စ်ဝါဒ မသိရင် ခေတ်မမီပါဘူး။ မတ်က်စ်ရဲ့

mgyoe.com

mgyoe.com


အရင်းရှင်စီးပွားရေးစနစ် သရုပ်ခွဲပုံကို ဆရာကြီးက လက်ခံသဘောကျပါတယ်။ ဒါပေမဲ့ "တိုင်းပြည်စီးပွားရေးစနစ်တွင် လက်ဝဲဝါဒကို သဘောကျစေကာမူ လက်ဝဲသမားများ၌ အမှားတွေ့လျှင်လည်း ထောက်၍ပြတတ်၏။ ဤကဲ့သို့ ထောက်ပြမိသည့်အတွက်ကြောင့် လက်ဝဲဝါဒ အောင်မြင်ရေးအတွက် အနှောင့်အယှက်ဖြစ်သည်ဆိုလျှင် ကျွန်ုပ် ဂရုမစိုက်။ တိုင်းပြည်၌ လက်ဝဲဝါဒအောင်မြင်လျှင် လူများစု ချောင်ချိနိုင်သည်ဟု ယုံကြည်သော်လည်း လက်ဝဲခေါင်းဆောင်ကြီးတွေ မှားသည်ထင်သည်လျှင် ဖုံးဖုံးဖိဖိ မလုပ်ချင်" စသည်ဖြင့် ရေးခဲ့ဖူးပါတယ်။ "မည်သူကြိုက်ကြိုက် မကြိုက်ကြိုက် မှန်သည်ကိုသာ ဝန်ခံရေးသားလို၏" တဲ့။ ဒီလိုကြောင့်လည်း ဒီမိုကရေစီခေတ်ဆိုတဲ့ ဖဆပလခေတ်မှာတောင် ဆရာကြီးဟာ ဖမ်းဆီးထောင်ချတာခံခဲ့ရဖူးပါတယ်။ မဆလခေတ်မှာတော့ ဆရာကြီးကိုယ်တိုင် အယ်ဒီတာချုပ်လုပ်တဲ့ သတင်းစာမှာ ဆရာကြီးရဲ့ဆောင်းပါးကို အပယ်ခံရရုံမက အလုပ်ပါပြုတ်ခဲ့ရပါတယ်။ ဗိုလ်ချုပ်နေဝင်း လုပ်လိုက်တာပါ။

ဆရာကြီး ရွှေဥဒေါင်းက "မည်သူကြိုက်ကြိုက် မကြိုက်ကြိုက် မှန်သည်ကိုသာ ဝန်ခံရေးသားလို၏" ဆိုပြီးရေးလိုက်တဲ့အခါ လူထုဒေါ်အမာက "ဆရာကြီးက ပညာတတ်ဉာဉ် သိပ်ရှိတယ်" လို့ ထင်ခဲ့မိဖူးကြောင်း ပြောဖူးပါတယ်။ "ဒါပေမဲ့ ခုနေအခါများ ဦးလေးသိန်း အသက်ထင်ရှား ရှိနေသေးရင် လက်ဝဲအစစ်ဆိုတဲ့ နိုင်ငံတွေမှာရော၊ လက်ဝဲအတု ဆိုတဲ့ နိုင်ငံတွေမှာရော လက်ဝဲဆိုသူတွေအားလုံးမှာ ဒီမိုကရေစီဆိုတဲ့အသံတွေ မြည်ဟည်းနေပါပြီကော ဦးလေးသိန်းရယ်။ ဦးလေးသိန်းရဲ့ ခေါင်းကြီးပိုင်း လိုအပ်တာတော့ အမှန်ပဲနော်" လို့ ပြောရရင် ဦးလေးသိန်း ဘယ်လောက်ဂုဏ်ယူဝမ်းသာရှာမလဲလို့ အောက်မေ့မိပါတယ်တဲ့။ ဒါက ဆရာကြီး ရွှေဥဒေါင်းရဲ့ ဒီမိုကရေစီအမြင်ကို လူထုဒေါ်အမာရဲ့ သုံးသပ်ချက်ဖြစ်ပါတယ်။ ဆရာကြီးအနေနဲ့ စစ်အာဏာရှင် လက်ဝဲအတုကို သတင်းစာမှာ တစ်ခါပဲ ဝေဖန်လိုက်ရပါတယ်။ တစ်ခါတည်း ပြုတ်သွားတော့တာပါပဲ။

ကျွန်တော်ဟာ ၂၀၀၂ ဒီဇင်ဘာက နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့၊ လေဒင်တက္ကသိုလ်မှာ မြန်မာစာပေသမိုင်းစာတမ်းတစ်စောင်ကို သွားဖတ်ရပါတယ်။ ဆရာကြီး ရွှေဥဒေါင်းရဲ့ ဦးစံရှား စုံထောက်ဝတ္ထုတွေဟာ

mgyoe.com

mgyoe.com


မူရင်း ရှားလော့ဟုမ်းထက် ကောင်းတယ်လို့ လူထုဒေါ်အမာ အမည်ရှိ သတင်းစာဆရာ၊ စာရေးဆရာမကြီးက မှတ်ချက်ချဖူးကြောင်းကို ထည့်ပြော ပါတယ်။ ရှားလော့ဟုမ်းဝတ္ထုတွေဟာ အရှေ့တောင်အာရှတစ်ခွင်မှာ မြန်မာ ပြည်နဲ့ တစ်ပြိုင်တည်းလိုလိုပဲ ဘာသာပြန်ခဲ့ကြပါတယ်။ မြန်မာပြည်က အတွေ့အကြုံကို အဲဒီစာပေသုတေသီတွေ အထူးစိတ်ဝင်စားကြပါတယ်။ ဒါကို ဒီနေ့ထိ စာနဲ့ လှမ်းမေးတုန်းပါပဲ။

ကျွန်တော်က ဆရာကြီး စကားပြေအရေးအသား အထူးကောင်းမွန်ပုံ နဲ့ မြန်မာမှုပြုရာမှာ မူရင်းမှာမပါတဲ့ မျိုးချစ်စိတ်နိုင်ငံရေး ထည့်သွင်းပုံကို ထူးခြားချက်တစ်ခုအဖြစ် ထုတ်ပြရပါတယ်။ ဥပမာ– ဦးစံရှားဟာ တောပုန်း ကြီးစံဖဲအမှုကို လက်မခံဘူး။ "စံဖဲက အစိုးရကိုသာ နှောင့်ယှက်တာ၊ ပြည်သူ လူထုကို မနှိပ်စက်ဘူး။ ဒါကြောင့် သူ့ကို ဖမ်းမပေးနိုင်ဘူးတဲ့။ ပုလိပ်က ဆုငွေလိုချင်လို့ ကတိဖျက်ပြီး စံဖဲကို သေနတ်နဲ့ပစ်မယ်လုပ်တော့လည်း ဦးစံရှားက ရှေ့က ဝင်ရပ်ပါတယ်။ ခင်ဖျား ကျုပ်ကိုပါ ပစ်ပါတဲ့။ ဆရာကြီး က သူများတွေ မရေးခင် ဒါမျိုးတွေ ရေးခဲ့လေတာကိုး။ ဒါတင်မကဘူး။ အင်္ဂလိပ်ဗိုလ်မှူးက သူ့ဆီကို အမှုလာအပ်တဲ့အခါ "ဦးစံရှား ခင်ဗျားဟာ အရင်ကတော့ သာမန်တိုင်းရင်းသားတွေရဲ့ အမှုကိုပဲလက်ခံခဲ့ရတယ်။ ဒီနေ့တော့ ကျုပ်လို လူ အမှုလာအပ်တာမို့ ခင်ဗျား အဆင့်မြင့်သွားပြီ"လို့ ပြောလိုက်ပါတယ်။ "ဗိုလ်မှူးမှားသွားပြီ။ မနေ့ကပဲ ရှမ်းစော်ဘွားတစ်ဦး အမှုကို ကျွန်ုပ် လက်ခံခဲ့ရတယ်။ စော်ဘွားဆိုတာ ဘုရင်မို့ ဗိုလ်မှူးထက် အဆင့်မြင့်တာပေါ့"လို့ ပြန်ပက်ခဲ့ပါတယ်။ ရွှေဥဒေါင်း မြန်မာမှုပြု ဘာသာ ပြန်ပုံက အဲဒီလိုပါ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာ ဆရာစံသူပုန်ကို ထောက်ခံခဲ့သလို ဆရာကြီး ရွှေဥဒေါင်းကလည်း တောပုန်းကြီး စံဖဲကို ထောက်ခံအားပေး ဂုဏ်တင်ခဲ့တာကလားလို့ သဘောပေါက်မိပါတယ်။ ဂုဏ်ယူရပါတယ်။

ဆရာကြီးရွှေဥဒေါင်း မန္တလေးလူထုသတင်းစာမှာ အယ်ဒီတာချုပ် လုပ် တော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ အနေဝေးခဲ့ပါတယ်။ ဒါပေမဲ့ ပြည် တွင်းစစ်ကြီးဖြစ်လာတော့ ဆရာကြီးမှိုင်းရဲ့ "သူမသာ ကိုယ်မသာ ငြိမ်းချမ်း ရေးမှု"ကို ဆရာကြီးနဲ့အတူဟောပြောပြီး ငြိမ်းချမ်းရေးကိစ္စမှာ ကိုယ်တိုင်

mgyoe.com

mgyoe.com


ကိုယ်ကျ ပါဝင်လှုံ့ဆော်ခဲ့ပါတယ်။ ဟိုတုန်းက အစိုးရအဆက်ဆက်က လည်းပဲ သူပုန်တွေကို ခြွင်းချက်မရှိ လက်နက်ချ၊ နိုင်ငံရေးစကား လက်မခံဘူးလို့ ဆိုခဲ့ပါတယ်။ ဒါကို မှိုင်းနဲ့ ဒေါင်းဆရာတပည့်နှစ်ဦးက အစိုးရကို နားချခဲ့ပါတယ်။ သူတို့က ငြိမ်းချမ်းရေးကို တကယ်မလိုချင်လို့ နားမဝင်ခဲ့ပါဘူး။ ဒီသမိုင်းကြောင်းကို ကျွန်တော်တို့ သိထားရပါမယ်။ သခင်ကိုယ်တော်မှိုင်း၊ ရွှေဥဒေါင်း စတဲ့ သတင်းစာဆရာကြီးတွေရဲ့ ဒီမိုကရေစီ သတင်းစာဝါဒကို ဒီနေ့လူငယ်တွေ အမွေဆက်ခံပြီး ဒီမိုကရေစီရေးနဲ့ ငြိမ်းချမ်းရေးကို မျက်ခြည်မပြတ်ဖို့အကြောင်း ရွှေဒေါင်းတောင် ကလောင်တစ်မျိုးနဲ့ နှိုးဆော်လိုက်ရပါကြောင်း။

❑

mgyoe.com

mgyoe.com

# ရွှေမန်းသားစာရေးဆရာကြီး
# မြမျိုးလွင်

မန္တလေးမှာ အထက်ဗမာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့တိုင်း စာတမ်းဖတ်ပွဲနဲ့ သက်ကြီးစာဆိုများ ကန်တော့ပွဲ လုပ်ခဲ့တဲ့ အစဉ်အလာတစ်ခု ၁၉၆၀– ၇၀ ပြည့်နှစ်များအတွင်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ စစ်အစိုးရက အဖွဲ့အစည်းတွေ တစ်ခုမှမရှိရ၊ စုဝေးတာတွေ မလုပ်ရဆိုပြီး အမိန့်ပေးတားမြစ်လိုက်လို့ ရပ်သွားခဲ့ရတာကို ဝမ်းနည်းစွာ မှတ်တမ်းတင်လိုက်ပါတယ်။

သက်ကြီးစာဆို ကန်တော့ခံ ဆရာကြီးများထဲမှာ ကျောက်စာဝန် ဦးမြ၊ စစ်ကိုင်းဦးဘိုးသင်း၊ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး မြမျိုးလွင် အစရှိတဲ့ ပုဂ္ဂိုလ်ကြီးများ ပါဝင်ပါတယ်။ ဖတ်ခဲ့တဲ့ စာတမ်းတွေကတော့ ဝတ္ထု၊ ကဗျာ၊ သမိုင်း စသဖြင့် စုံပါတယ်။ ဒီနေ့ခေတ် တက္ကသိုလ်တွေမှာ မဟာဝိဇ္ဇာတန်းနဲ့ ပါရဂူကျမ်းတွေပြုစုကြရာမှာ ကိုးကားရည်ညွှန်းနေကြရတဲ့ စာတမ်းတွေဖြစ်နေပါပြီ။ စာတမ်းတွေက စာပေအကြောင်းသက်သက်ဖြစ်တဲ့အပြင် မျက်မှောက်ခေတ်အကြောင်း မပါရှိတဲ့အတွက် စစ်အစိုးရကို ထိခိုက်စရာအကြောင်းတွေ ဘာမှမပါရှိနိုင်ပါဘူး။ စစ်သားစာပေဆိုပြီးတော့လည်း လွမ်းလောက်စရာမရှိလေတော့ သူတို့ကို လွမ်းတာ၊ မွမ်းတာတွေလည်း မပါ

mgyoe.com

mgyoe.com
ဘူးပေါ့။

အဲဒီလိုစာတမ်းတွေ ရေးသားတင်သွင်းကြရာမှာ အစောပိုင်းက စာတမ်းတစ်ခုအကြောင်းကို သတိရမိလို့ ဒီဆောင်းပါးကို ရေးပါတယ်။ စာတမ်းက 'လေးပဲတန်ဝတ္ထုခေတ်' အကြောင်းဖြစ်ပါတယ်။ (စာအုပ်စာတမ်းတွေ ကျွန်တော့်မှာ ကိုးကားစရာမပါ၊ မရှိလို့ အတိအကျမပြောနိုင်တာကိုတော့ ခွင့်လွှတ်ပါ) လေးပဲတန်ဝတ္ထုဇာတ်အကြောင်းကို ရေးသားတင်သွင်းခဲ့သူက မောင်စွမ်းရည် ဖြစ်ပါတယ်။ ခုရေးမယ့်အကြောင်းက မောင်စွမ်းရည် အကြောင်း မဟုတ်ပါ။ ကိုလိုနီခေတ်နှောင်းပိုင်းမှာ အထူးကျော်ကြားခဲ့တဲ့ ဝတ္ထုရေးဆရာကြီးတစ်ယောက်အကြောင်းကို ရေးမှာဖြစ်ပါတယ်။ ဆရာကြီးရဲ့အမည်က မြမျိုးလွင်တဲ့။ မြမျိုးလွင်က 'လေးပဲတန်ဝတ္ထုခေတ်ရဲ့ ဘုရင်'လို့ ကျော်ကြားခဲ့သူပါ။ သူနဲ့ခေတ်ပြိုင် လေးပဲတန် ရေးခဲ့သူတွေထဲမှာ နာမည်ကျော်ရုပ်ရှင် ဒါရိုက်တာကြီးသုခလည်း ပါဝင်ခဲ့ပါတယ်။ စွန့်စားခန်းဝတ္ထုတွေကို ဘာသာပြန်လေ့ရှိတဲ့ ဒဂုန်ရွှေမျှားလည်း ပါဝင်ခဲ့ပါတယ်။ ဆရာကြီးမြမျိုးလွင်ကတော့ ထိပ်ဆုံးကပါ။

ဆရာကြီး မြမျိုးလွင်က မန္တလေးသားပါ။ ရုပ်ရည်သွင်ပြင်ကလည်း အညာသားစစ်စစ် နမူနာပြလောက်သူပါ။ အသားညိုညို အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးပါပဲ။ စကားပြောတော့ သံသေးအသံပြာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ စကားပြောအလွန်ကောင်းပြီး မန်းဟန်၊ မန်းသံနဲ့ ဖွယ်ဖွယ်ရာရာ ပြောတတ်သူဖြစ်ပါတယ်။ သူ ကျော်ကြားတာကလည်း သူ့ဇာတ်ကောင်တွေက မန်းဟန်၊ မန်းဆန်ဆန်နဲ့ ဖွယ်ဖွယ်ရာရာပြောတတ်ကြလို့ဖြစ်ပါတယ်။ ဒါကြောင့် လူကြိုက်များခဲ့ပြီး လေးပဲတန်ဝတ္ထုခေတ်ရဲ့ ဘုရင်ဘွဲ့ကို စာဖတ်ပရိသတ်က ချီးမြှင့်ခဲ့တာပါ။ အဲ... ဝါကျကြီးတွေ တစ်မျက်နှာလောက်ရှည်တယ်။ ဒါပေမဲ့ ရေးသူရော ဖတ်သူပါ မျက်စိလည်စေတာမျိုး မရှိပါ။

ကျွန်တော်တို့ ကန်တော့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေကို ကျွန်တော်တို့က "ဩဝါဒချီးမြှင့်ပါဦး" လို့လည်း မေတ္တာရပ်ခံပါတယ်။ အံ့ဩစရာကောင်းတာက မန္တလေးသား စာရေးဆရာကြီးတစ်ဦးဖြစ်တဲ့ ဆရာကြီး ရွှေဥဒေါင်းကတော့ စကားပြောအညံ့ဆုံး စာရေးဆရာထဲမှာ ထိပ်ဆုံးက ပါရှိခဲ့ပါတယ်။ အသံတိုးတိုးနဲ့ အထစ်အထစ် ပြောလေ့ရှိလို့ နားထောင်ရတဲ့ ပရိသတ်က
mgyoe.com

mgyoe.com


တောင် အားနာယူရပါတယ်။ ဒုတိယစကားပြောညံ့သူအဖြစ် ထင်ရှားသူက ကန်တော့ခံပုဂ္ဂိုလ်ထဲကဆိုရင် ရွှေကိုင်းသားကလောင်အမည်ခံ ဆရာတော် ဦးသောဘိတဖြစ်ပါတယ်။ (ဦးသောဘိတက ပရိသတ်ရှေ့ စကားမပြောရဲလို့ ဆရာဖြစ်လက်မှတ်ရှိလျက် ဆရာမလုပ်ဘဲ ကျောက်စာဌာန ဝင်လုပ်ခဲ့တာတဲ့) ရွှေမန်းသူ လူထုဒေါ်အမာတို့၊ အမ်အေ ဒေါ်အုန်းတို့၊ ဒေါ်မာလာတို့လည်း စကားပြောညံ့သူတွေအဖြစ် ထင်ရှားပါတယ်။ ဒီအထဲမှာ စကားပြောကောင်းသူအဖြစ် ကျော်ကြားသူက 'အောက်သားစာရေးဆရာ' ကြီးပွားရေး ဦးလှခေါ် ကျွန်တော်တို့ရဲ့ ဦးလေးလှပဲ ဖြစ်ပါတယ်။ (စကားပြောညံ့လို့ ဦးလေးစိတ်ပျက်ရသူက မောင်စွမ်းရည်) ဆရာကြီး မြမျိုးလွင်က စကားပြောကောင်းပေမဲ့ အသံသြဇာမရှိရှာပါဘူး။ 'အသံသေး အသံကြောင်' လို့ပဲ အားနာပါးနာ ကန်တော့ပြီး မှတ်ချက်ချလိုက်ပါတယ်။ လူငယ်စာရေးဆရာတွေထဲမှာ မောင်စွမ်းရည်က ဆရာကြီး မြမျိုးလွင်နဲ့ အရင်းနှီးဆုံးပါ။ မောင်သာနိုး၊ မောင်မိုးသူ၊ တင်မိုးတို့က ရန်ကုန်ဆင်းကုန်ကြတာကိုး။ ကြည်အောင်က ဝရမ်းပြေးဖြစ်နေတာ ၁၀ နှစ်လောက်ကြာပါတယ်။ စာတမ်းဖတ်ပွဲတွေမှာ တစ်ခါမှ မပါခဲ့ပါဘူး။ ကျွန်တော်နဲ့ ဆရာကြီး မြမျိုးလွင်နဲ့ အထူးရင်းနှီးခဲ့ရတာက မန္တလေးစာတမ်းဖတ်ပွဲတွေ ပြုလုပ်တဲ့ ၁၀ နှစ်တာကာလမှာ ကျွန်တော်တို့အုပ်စုထဲက ကျွန်တော်တစ်ယောက်ပဲ (ကျောက်ဖြူမနမ်းဝံ့လို့) အောက်ပြည်ကို မလှမ်းဝံ့ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လေးပဲတန်ဝတ္ထုခေတ် စာတမ်းရေးဖို့တာဝန်ကို ဦးလေး လူထုဦးလှ (အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ)က မောင်စွမ်းရည်ကို တာဝန်ပေးတာဖြစ်ပါတယ်။ ဒါကြောင့် မောင်စွမ်းရည်က ဆရာကြီး မြမျိုးလွင်နဲ့ ရက်အတော်ကြာ သွားရောက်တွေ့ဆုံပြီး ဗျူးခဲ့ရပါတယ်။ စာတမ်းကတော့ ပုံနှိပ်စာမူရှိပြီးဖြစ်လို့ ပြန်လည်ဖောက်သည်ချရင် အချိန်ဖြုန်း၊ စာမျက်နှာ ဖြုန်းရာကျပါလိမ့်မယ်။ ခု ဖောက်သည်ချချင်တာက ဆရာကြီးပြောခဲ့တဲ့ စကားတွေထဲက မှတ်စရာ သားစရာလေးတွေ အကြောင်း ဖြစ်ပါတယ်။ ဆရာကြီးက 'သင်ခန်းစာယူကြဖို့' လို့ဆိုပြီး ပြောကြားခဲ့တာပါ။

ဆရာကြီးမြမျိုးလွင်က "အမောင်တို့ စာရေးကြတဲ့အခါ ဝတ္ထုရေးတာပဲဆိုပြီး ကိုယ်သေချာမသိတာတွေကို မရေးမိကြပါစေနဲ့။ ကိုယ်သေချာသိတာ

mgyoe.com

mgyoe.com


ကိုပဲ ရေးကြပါ" တဲ့။ ဆရာကြီးပေးတဲ့ ပထမသင်ခန်းစာက 'ကိုယ်တွေ့' တဲ့၊ ဆရာကြီးရေးခဲ့တဲ့ ဝတ္ထုတွေထဲမှာ ဦးဆုံးကျော်ကြားသွားတဲ့ဝတ္ထုက 'သော်ကမယ်' ဆိုတဲ့ဝတ္ထုလေးပါတဲ့။ အဲဒီ သော်ကမယ်ဝတ္ထုမှာ သော်ကပန်း အကြောင်းကို တခမ်းတနား ဖွဲ့နွဲ့တင်ပြခဲ့တာ စာမျက်နှာ ၁၀ မျက်နှာ လောက်မက ရှိခဲ့ပါတယ်တဲ့။ "သော်ကပန်းကို မောင်တို့ မြင်ဖူးကြရဲ့လား" ဆိုပြီး သူကိုယ်တိုင် ရေးသားဖွဲ့နွဲ့ခဲ့တဲ့ သော်ကပန်းအချိုးကို ပြန်လည်တင်ပြ ပါတယ်။ ပွင့်ဖတ် ပွင့်ချပ်က ဘယ်လို၊ ရိုးတံလေးက ဘယ့်နှယ်။ ရနံ့က လေယူသင်းပြီး ပျားပိတုန်းတွေ တဝဲဝဲနဲ့ပေါ့။ အဲဒီဝတ္ထုက ဆရာကြီးအဖွဲ့ အနွဲ့ကောင်းလို့ အထူးကျော်ကြားသွားပြီး ရောင်းမလောက် ဖြစ်ခဲ့ရပါတယ် တဲ့။

"တကယ်တော့ အဲဒီပန်းကို မမြင်ဖူးဘဲ ကျုပ်က ရေးခဲ့တာဗျ။ အတန် ကြာမှ ဘုန်းကြီးကျောင်းတစ်ကျောင်းကို သွားရင်း သော်ကပန်းဆိုတာကို မြင်ဖူးခဲ့ရပါတယ်။ သော်ကပန်းဆိုတာ မြင်ဖူးသူတွေ သိကြပါလိမ့်မယ်။ 'ပန်းသော်က၊ ဒေါနဇိဇဝါ' စသဖြင့် ရှေးစာတွေထဲမှာလည်း ကြားဖူးတော့ အထင်ကြီးမိတာပေါ့။ ကန်တော့ပါရဲ့၊ ရှေးစာဆိုတွေကလည်း သော်ကပန်း ကို ကျုပ်လိုပဲ မမြင်ဖူးဘဲ ရေးဖွဲ့ခဲ့ကြသလား မသိဘူး။ အဲဒီပန်းက မွှေးလည်း မမွှေးဘူး။ လှလည်း မလှပါဘူး။ နီတိတိ အချောင်းလေးပါပဲ။ ကျုပ်ဖြင့် တွေးမိတိုင်း ရှက်မိပါတယ်။ ခုတော့ မောင်တို့ လူငယ်တွေ သင်ခန်းစာ ယူကြရအောင် ကိုယ့်အရှက်ထုပ်ကို ဖြေပြလိုက်ရတာပါ။

ကျုပ်ထက်ဆိုးတဲ့လူလည်း ရှိသေးသဗျ။ သူကတော့ အောက်သား စာရေးဆရာပါ။ မေမြို့ကို အင်္ဂလိပ်လူဖြူ ဘိုတွေ အပန်းဖြေမြို့အဖြစ် အသုံး ပြုလာတော့ ထင်ရှားလာတဲ့ကာလပေါ့။ သူ့ဝတ္ထုရဲ့ 'လပ်ဖ်ဆင်း' ခေါ် ချစ်ခန်း ကြိုက်ခန်းကို သူက မေမြို့တင်ပေးလိုက်တယ်။ မောင်တို့ စတော်ဘယ်ရီပင် ကို မြင်ဖူးကြရဲ့လားမသိ။ ခရမ်းချဉ်ပင်လောက်ပဲရှိတာပါ။ အပင်ရော အသီး ရော ခရမ်းချဉ်ပင်နဲ့ ဆင်တူတယ်။ အဲဒီစာရေးဆရာက သူ့ဇာတ်လိုက်နဲ့ ဇာတ်လိုက်မင်းသမီးကို စတော်ဘယ်ရီပင်အောက်က ခုံတန်းလေးပေါ်မှာ ထိုင်ခိုင်းပြီး ရည်းစားစကား ပြောခိုင်းလိုက်ပါတယ်။ သူက ကံကောင်းတယ်။ အဲဒီအခါက စတော်ဘယ်ရီပင်ကို မြင်ဖူးတဲ့လူက ရှားတော့ သူ့အမှားကို

mgyoe.com

mgyoe.com


သိပ်ပြီး လူမသိလိုက်ကြဘူး။ အဲဒါပါပဲ။ မောင်တို့ စာရေးရင် ကိုယ်မသိတာတွေကို မရေးကြပါနဲ့။ ကိုယ်သိတာကိုပဲရေးပါ။ ဝတ္ထုမှာ သဘာဝကျဖို့ အရေးကြီးပါတယ်။ သဘာဝကျဖို့ရာက သဘာဝအတိုင်း မြင်ရ၊ ကြားရတာတွေကို ရေးရပါမယ်။ ဝတ္ထုဆိုတာ စိတ်ကူးယဉ်ပြီး ရေးတာဆိုပြီး သဘာဝမဟုတ်တာတွေ ရေးရင် အမှားအယွင်းတွေဖြစ်ပြီး ကိုယ့်စာပေသမိုင်းမှာ အမည်းကွက် ကျန်ရစ်ပါလိမ့်မယ်" တဲ့။ အဲဒီအတွေ့အကြုံ ဥပမာလေးဟာ တကယ်ပဲ မှတ်သားထိုက်လှပါတယ်။

ဆရာကြီး မြမျိုးလွင်တို့ခေတ်မှာ 'ဖြစ်ရပ်မှန်' လို့ ရေးပြီး လူစိတ်ဝင်စားအောင် ရေးလေ့ရှိပါတယ်။ 'ဘဝသရုပ်ဖော်'၊ 'သရုပ်မှန်ဝတ္ထု' စတဲ့ စကားတွေ မသုံးသေးပါဘူး။ ဒီစကားတွေက စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်ရောက်မှ သုံးလာခဲ့တာပါ။ အင်္ဂလိပ်စကားလုံး 'ရီယယ်လစ်ဇင်'ကို ဘာသာပြန်ပြီး သုံးစွဲလာတဲ့ဝေါဟာရ ဖြစ်ပါတယ်။ ဆရာဇော်ဂျီကတော့ 'ဒိဋ္ဌဓမ္မလောကအဖွဲ့' လို့ ရေးလေ့ရှိပါတယ်။ စာပေဝေါဟာရပါ။ ဒါပေမဲ့ ပန်းချီမှာသုံးတဲ့အခါ 'သရုပ်မှန်ပန်းချီ' လို့ သုံးတာ သတိထားမိပါတယ်။ တက္ကသိုလ်မြန်မာစာ မဟာတန်း၊ ပါရဂူတန်း ကျမ်းပြုပြီးသားရှိရင် ပုံနှိပ်ထုတ်ဝေစေချင်ပါတယ်။ ဆရာလုပ်တာမဟုတ်ပါ။ ကိုယ်သုံးချင်တော့ အလွယ်တကူရအောင်လို့ ပြောမိတာပါ။ တပည့်ခံချင်တာပါ။

မန္တလေးတက္ကသိုလ် မဟာဝိဇ္ဇာကျောင်းသားကြီးတစ်ဦးက ဆရာကြီးမြမျိုးလွင်ရဲ့ စာတွေကို ကျမ်းပြုဖူးတယ်လို့ ကြားဖူးသလိုရှိပါတယ်။ အဲဒီကျမ်းကို စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချိဖို့ ကောင်းပါတယ်။ အပြင်လူတွေ ဖတ်ရ၊ မှတ်ရတာပေါ့။ အဲသလို ဘွဲ့လွန်ကျမ်းတွေ တိမ်မြုပ်နေတာ အများကြီးပါ။ တချို့က အထူးကောင်းတယ်ဆိုရင် ပုံနှိပ်ဖြန့်ချိဖို့ ကောင်းတယ်ထင်ပါတယ်။ မောင်သုတရဲ့ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းဟာ မဟာဝိဇ္ဇာကျမ်းလို့ ကြားဖူးပါတယ်။ ကြားဖူးတဲ့အတိုင်း မှန်တယ်ဆိုရင် ဘယ်လောက်ကောင်းသလဲ။ ဘယ်လောက်အသုံးဝင်သလဲဆိုတာ ညွှန်းချင်ပါတယ်။ ဖြစ်နိုင်ရင်တော့ 'မြမျိုးလွင်စာပေ' ဆိုတာမျိုး ဖတ်ချင်မိပါကြောင်း။

၂၀၁၇၊ နိုဝင်ဘာ ၃

❑

mgyoe.com

mgyoe.com

# အမေလူထု ဒေါ်အမာမွေးနေ့သို့...

လူထုဦးလှနဲ့ လူထုဒေါ်အမာကို ကျွန်တော်တို့တစ်တွေက ဦးလေး ဒေါ်ဒေါ်လို့ပဲခေါ်ပါတယ်။ တူသားအရင်းလို ရင်းနှီးနေပေမဲ့ သူတို့နှစ်ဦး တိုင်းပြည်အတွက် ဘာတွေလုပ်ခဲ့တယ်ဆိုတာတွေကိုတော့ သူတို့က တစ်စွန်း တစ်စမှ ထုတ်ဖော်မပြောခဲ့ပါဘူး။

ကျွန်တော်တို့ကလည်း မေးရကောင်းမှန်း မသိပါဘူး။ ဒါကြောင့် ကျွန် တော်တို့ မသိတဲ့သူတို့အကြောင်းတွေ အများကြီးရှိပါတယ်။

ကျွန်တော်တို့ လူကြီးဖြစ်လာတော့ သူတို့အကြောင်းတွေ၊ သူတို့ ဂုဏ် ကျေးဇူးတွေကို တွေးမိ၊ ရေးမိတာတွေ အတော်များလာတယ်။ သူတို့ အတိတ် ကို ရိပ်မိရုံရှိပေမဲ့ တူးဖော်လို့မရတာ တော်တော်များပါကလားလို့ တူးဖော် ရင်း အံ့ဩရပါတယ်။

ဦးလေး ကွယ်လွန်တော့ **'လူထုချစ်သမျှ လူထုဦးလှ'** ဆိုတဲ့ စာအုပ် ထုတ်ဖို့ စာမူတွေတောင်းလိုက်တဲ့အခါ တောင်ပုံရာပုံ ရောက်လာတယ်။ ဆက်ပြီး **'လူထုဦးလှ နှစ် ၉၀'** စာအုပ်ထုတ်မယ်ဆိုတော့လည်း အများ ကြီး ပေးလာကြပါတယ်။ ဒါတောင် မပေးသာလို့ မပေးရတာရှိသလို ပေးပြီး မှ မသုံးသာလို့ မသုံးရတာတွေ အများကြီးရှိပါသေးတယ်။

mgyoe.com

mgyoe.com


ပုံမနှိပ်ဖြစ်တာတွေကိုလည်း ကျွန်တော်တို့ ဖတ်ရှုလေ့လာခွင့်ရနိုင်ပေမဲ့ မဖတ်သာလို့ မဖတ်ခဲ့ရတာကိုလည်း ခုမှနောင်တရနေမိပါတယ်။ မေးခွင့်ရှိလျက် မမေးလိုက်ရတာတွေကိုလည်း နောင်တရလျက်ပါ။

ပထမမေးချင်တဲ့ကိစ္စက 'ကလေးကလား' လို့ ပြောချင်လည်း ပြောလို့ရပါတယ်။ ဦးလေးနဲ့ဒေါ်ဒေါ် အိမ်ထောင်မကျခင်က အပြန်အလှန်ရေးကြတဲ့စာတွေကို သမီးလို ရင်းနှီးတဲ့ စာရေးဆရာမတစ်ဦးဆီမှာ ဒေါ်ဒေါ်ပေးထားပြီး ခုအခါ 'ရွက်နုဝေမဂ္ဂဇင်း' မှာ ထည့်နေပါတယ်။ မထည့်မီကလည်း ကျွန်တော်တို့ ဖတ်ရှုလေ့လာခွင့်ရနိုင်ပေမဲ့ မဖတ်ဖြစ်ခဲ့ပါဘူး။ အဲဒီအထဲမှာ ဦးလေးနဲ့ ဒေါ်ဒေါ်တို့ တစ်ယောက်ကိုတစ်ယောက် ဘယ်လိုများ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ကြပါလိမ့်လို့ဆိုတဲ့ အချက်တွေကို ရှာကြည့်လို့ ရမယ်ထင်ပါတယ်။

သတိပြုစရာတစ်ခုက အဲဒီခေတ်မှာ မဂ္ဂဇင်းအယ်ဒီတာ၊ စာရေးဆရာဆိုတာ ဘယ်လောက်ပဲ နာမည်ကြီးနေပါစေ။ အမျိုးသမီးတစ်ယောက်က အိမ်ထောင်ဖက်ရွေးဖို့ရော၊ သမီးရှင်တစ်ယောက်ရဲ့မိဘတွေက သမက်ရွေးဖို့ရော အလွန်ခက်ပါလိမ့်မယ်။

ဘယ်လောက်ပဲတော်တော်၊ ဘယ်လောက်ပဲကျော်ကျော်၊ အဲဒီခေတ်က စာရေးဆရာ၊ အယ်ဒီတာဆိုတာတွေဟာ သားကျွေးမှု၊ မယားကျွေးမှုတွေ တာဝန်ယူနိုင်သူတွေ မဟုတ်ကြပါဘူး။

ဦးလေး(ဦးလှ)လို၊ ဂျာနယ်ကျော်ဦးချစ်မောင်လို အယ်ဒီတာစာရေးဆရာမျိုးကလွဲရင် အများစုက အရက်၊ ဘိန်း၊ ဆေးခြောက်၊ မြင်း၊ ဖဲလို လောင်းကစားနဲ့ မိန်းမလိုက်စားကြတာ အတော်များပါတယ်။ သူတို့ကိုယ်တိုင်ရေးတဲ့ အတ္ထုပ္ပတ္တိတွေမှာ ဝန်ခံထားကြပါတယ်။ 'ပီမိုးနင်း၊ မြမျိုးလွင်၊ ညာဏ၊ ဇဝန' စတဲ့ အကျော်အမော်ကြီးတွေဟာ (ဆရာကြီး မြမျိုးလွင်ရဲ့စကားနဲ့ ပြောရရင်) အလွန့်အလွန်ကို 'အနေအထိုင် မယဉ်ကျေး' ကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒါတွေကို လူအများကသိနေတော့ စာရေးဆရာဆိုတာကို အိမ်ထောင်ဖက်ရွေးဖို့ မလွယ်ပါဘူး။

ဆရာကြီးမြမျိုးလွင်ကပဲ ပြောဖူးတယ်။ သူတို့ ဘာအလုပ်အကိုင်များလုပ်သလဲလို့ မေးတဲ့အခါ 'စာရေးဆရာ' လို့ မပြောဘဲ လူအထင်ကြီးအောင်

mgyoe.com

mgyoe.com


အင်္ဂလိပ်လို **'အယ်ဒီတာ'** လို့ ပြောသတဲ့။ (အယ်ဒစ်တာ) တဲ့။

'စာရေးဆရာ' ဆိုတာ အဲဒီခေတ်က ဇာတ်သဘင်တွေအတွက်၊ စာရေးပေးရတဲ့ လူတွေကိုခေါ်တာကိုး၊ ခုခေတ်မှာလို ဝတ္ထု၊ ကဗျာရေးကြတဲ့လူမျိုးကို စာရေးဆရာခေါ်လေ့ သိပ်မရှိကြသေးဘူးတဲ့။

အဲဒီခေတ်က အလွန်ရှားပါးတဲ့ ကောလိပ်ကျောင်းသူတစ်ဦးဖြစ်သူ 'မအမာ'လို မိန်းကလေးဟာ သူ့ဘေးမှာ အိုင်စီအက်စ်အလောင်းအလျာတွေ အများကြီးရှိမှာပါ။ အဲသလို ကျောင်းသားတွေထဲမှာ ဆန်စက်ပိုင်၊ ဆီစက်ပိုင် သားသမီးဆိုတဲ့ ပပလွှားလွှား၊ ကြွားကြွားဝါဝါတွေလည်း အများကြီး ရှိမှာပါ။ ပိုးလုံချည်၊ ပြောင်လက်နေတဲ့ပေးတင့်ရှူး၊ ဘီအေပေါင်း၊ အယ်လ်ပတ်ကား တိုက်ပုံ၊ ရွှေကိုင်းမျက်မှန်၊ ပတ်ကားဖောင်တိန်စတဲ့ အဆောင်အယောင်တွေအပြည့်နဲ့ ဝတ်ဆင်ထားပေမဲ့ သူတို့လည်ပင်းမှာတော့ ကျပ်နာကျပ်ဖုလို့ခေါ်တဲ့ 'ဗျူဘို ကာလသားရောဂါ' အကျိတ်အဖုတွေကို ဖုံးဖိကာကွယ်ဖို့ မာဖလာတွေစည်းထားကြရတာလည်း အများကြီးပါ။

ဒါတွေကို ဝတ္ထုတွေ၊ ဆောင်းပါးတွေထဲမှာ ကျွန်တော်တို့ငယ်ငယ်က ဖတ်ဖူး ကြားဖူးတာပေါ့။ အဲသလိုလူတွေကြားကနေ **'ကြီးပွားရေး မောင်လှ'** ဆိုတဲ့ မထင်မရှား လူငယ်တစ်ယောက်ကိုမှ ဒေါ်ဒေါ် ဘာကြောင့်ရွေးခဲ့ပါသလဲ။

မအမာကို သူနဲ့ ကျောင်းနေဖက် ကိုသိန်းဖေ(နောင် ဦးသိန်းဖေမြင့်)ရဲ့ 'တက်ခေတ်နတ်ဆိုး'စာအုပ်ကပဲ မျက်စိဖွင့်ပေးခဲ့သလားဆိုတာ စဉ်းစားစရာပါ။ ကြုံတုန်းရေးရရင် ဂျာနယ်ကျော်မမလေးက ဂျာနယ်ကျော် ဦးချစ်မောင်ကို ရွေးချယ်ခဲ့ပုံဟာလည်း အံ့သြစရာပါပဲ။

နောက်တစ်ချက်ကတော့ 'လူထုဦးလှ နှစ် ၉၀' စာအုပ်မှာ တစ်စွန်းတစ်စတွေ့လာရတာပါပဲ။ ဒါကလည်း တစ်ပုဒ်တည်းပါ။ စာရေးဆရာမောင်ထင်(ဦးထင်ဖတ်)က ရေးလို့သိရတာပါ။ ***ကျွန်တော်စိတ်ဝင်စားတာဦးလေးဟာ တက္ကသိုလ်က "သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးသန့်၊ မောင်ထင်၊ ဦးတင့်ဆွေ၊ ဦးမျိုးမင်း" စတဲ့ ခေတ်စမ်းသမားတွေ၊ "သူရိယကန္တိ၊ ဒေါက်တာမောင်ဖြူး" တို့လို ခေတ်စမ်းပညာရှင်တွေ၊ "ဦးဆန်းထွန်း(ရှင်ဉာဏိဿရ)၊ ရွှေကိုင်းသား(ဦးသောဘိတ)"လို***

mgyoe.com

mgyoe.com


***ရဟန်းဘောင်က သုတေသီမျိုးတွေကို သူ့မဂ္ဂဇင်းမှာ စုပြုံရောက်လာအောင် ဘယ်လိုစည်းရုံးသလဲဆိုတာပဲ။***

ဒါတင်မကဘူး "ကိုနု၊ ကိုအောင်ဆန်း၊ ကိုအောင်ကျော်၊ သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်အုန်းမြင့်"စတဲ့ သခင်နိုင်ငံရေးသမားတွေ၊ နဂါးနီတွေကိုလည်း ဦးလေးဝန်းကျင်မှာ အမြဲရှိနေခဲ့သလိုပဲ ဖတ်ရပါတယ်။ အဲသလိုပုဂ္ဂိုလ်မျိုးတွေဟာလည်း ဦးလေးရဲ့ ငယ်သူငယ်ချင်း၊ ရဲဘော်ရဲဘက်ဆိုတာမျိုးအဖြစ် သိလာရပြန်တော့ အံ့သြရပြန်ပါတယ်။

**'လူထုဦးလှ နှစ် ၉၀'** စာအုပ်ထဲက ဆရာထင်ရဲ့ ဆောင်းပါးမှာ ဦးလေးဟာ အစိုးရအထက်တန်းကျောင်းကတဲ့။ 'မောင်ထင်' က မြို့မကျောင်းကတဲ့။ ကျောင်းချင်းဘယ်တော့မှ မသင့်မြတ်ကြဘူး၊ ဒီကြားထဲက 'ကိုလှ' ရောက်လာပြီး ကလောင်မိတ်ဆွေအသင်းဖွဲ့၊ စကားပြောပွဲတွေလုပ်ရာကတစ်ဆင့် သူတို့ကို စည်းရုံးပြီး လူငယ်များ **'ကြီးပွားရေးအသင်း'** ကို ဖွဲ့လိုက်ခဲ့တာကိုတော့ တစ်စွန်းတစ်စ သိရပါတယ်။

ခေတ်စမ်းစာဆိုတွေကတော့ ဘယ်မှာမှမရေးတဲ့ 'စာပေသစ်' တွေကို ဦးလေးရဲ့ ကြီးပွားရေးမဂ္ဂဇင်းမှာ ရေးခဲ့ကြပါတယ်။ 'သိပ္ပံမောင်ဝ' ဆိုရင် ကလောင်နာမည် ၁၂ မျိုးလောက်သုံးပြီး စာမျိုးစုံရေးခဲ့တာကို ဒီဘက်ခေတ်ကျမှ သိရတော့တယ်။ မောင်ထင်ဆိုရင် ကြီးပွားရေးမှာ ခေတ်စမ်းကဗျာတွေရေးခဲ့တာကို သူ (မောင်ထင်) ကွယ်လွန်ခါနီးမှ စာအုပ်ထုတ်ဖြစ်ခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ ဦးလေးဟာ ဖက်ဆစ်တော်လှန်ရေးမှာ အထက်မြန်မာနိုင်ငံရဲ့ ဗဟိုအချက်အချာအဖြစ် လုပ်ကိုင်ခဲ့ရုံမက၊ ရန်ကုန်မြို့တော် ဖက်ဆစ်လက်အောက်က မလွတ်မြောက်သေးဘဲ အဦးဆုံး မြေပေါ် ဖဆပလအဖွဲ့ချုပ်ကို မန္တလေးမှာ တည်ထောင်လှုပ်ရှားခဲ့တာပါပဲ။

ရန်ကုန်က ဖက်ဆစ်တော်လှန်ရေးသမားတွေလည်း ဆက်သွယ်လာကြတယ်။ 'လေထီးဦးကျော်ရင်' လို အိန္ဒိယကလာတဲ့ နိုင်ငံရေးသမားတွေလည်း ဦးလေးဆီမှာ စုလာကြတယ်။ ပခုက္ကူက 'ကိုသန်းတင်' နဲ့ 'ကိုမြသန်း (တင့်)'၊ ရေစကြိုကိုညွှန့်အောင်' စတဲ့ လက်ဝဲသမားတွေလည်း စုဝေးလာကြတယ်။ ဖဆပလရဲ့ အချက်အချာဖြစ်လာခဲ့တယ်။

mgyoe.com

mgyoe.com


အထက်မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် ဗိုလ်မှူး ဗထူးနဲ့လည်းဆက်မိတယ်။ ဒါတွေကို ဘယ်သူမှမသိကြတော့လို့တဲ့။ ဦးညွှန့်အောင်(ရေစကြို)က ဦးလေး နှစ် ၉၀ စာအုပ်နဲ့မို့ ဂျာနယ်မှာရေးတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဦးလေးဟာ ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင် ဗိုလ်အောင်ဆန်း၊ ဗိုလ်ဗထူး၊ သခင်နု၊ သခင်သန်းထွန်းတို့ ယုံကြည်အားထားရာ နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ် ရိပ်စားမိလာခဲ့ရပါတယ်။

အဲသလို ငုပ်နေတဲ့အခန်းတွေကို ကျွန်တော်တို့ နောက်လူတွေ အကျယ်အပြန့် သိစေချင်တယ်။ သိသင့်တယ်၊ လေ့လာဖော်ထုတ်ကြရမယ်။ အားကျနည်းယူကြရမယ်လို့ ကျွန်တော် ခံယူနားလည်ထားပါတယ်။

ကျွန်တော့်တစ်သက်မှာ ကျွန်တော်နဲ့ ရင်းနှီးတဲ့အထဲက ကွယ်လွန်ကုန်ကြသူတွေထဲမှာ ဦးလေး 'ဦးလှ' ကို နှမြောမဆုံးပါပဲ။ အမြဲတမ်း နှမြောတသ သတိရလျက်ပါ။

ကျန်ရစ်တဲ့ ဒေါ်ဒေါ်ကိုတော့ ဦးလေး ကိုယ်စားအဖြစ်နဲ့ရော၊ 'ဘကြီးမှိုင်းသမီး' အဖြစ်နဲ့ရော (ချိုးဖြူမိခင်၊ ခေါင်းမိခင်)အဖြစ်နဲ့ပါ ကြည်ညိုလေးစားနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဒီလိုပုဂ္ဂိုလ်မျိုးတွေကို ဆည်းကပ်ခွင့်ရတာ အထူးကံကောင်းတယ်လို့ မှတ်စွဲလျက်ပါပဲ။ နိုင်ငံအတွက်လည်း ကံကောင်းလေစွလို့ ခံယူပါတယ်။

**ပူဇော်ထိုက်သူ၊ ပူဇော်မှု၊ မှတ်ယူမင်္ဂလာ။**

၂၀၀၆၊ နိုဝင်ဘာ ၁၂
မိုးသောက်ကြယ်ဂျာနယ်၊ ဒီဇင်ဘာ၊ ၂၀၀၆

❑

mgyoe.com

mgyoe.com

# ကျွန်တော်တို့ရဲ့အမေ
# ဘဝတစ်ပါးပြောင်းသွား ကွယ်လွန်ခဲ့ပေမဲ့

'ကျွန်တော်တို့'လို့ဆိုတာက ပြည်ပ အမေရိကန်ပြည်ထောင်စုကို ရောက်လာကြတဲ့ မန္တလေးတက္ကသိုလ်ထွက်၊ လူထုတိုက်ထွက် စာပေသမားတွေကို ဆိုလိုပါတယ်။ အသက်အကြီးဆုံးက စပြီးပြောရရင် မောင်သာရ၊ တင်မိုး၊ ဝင်းဖေ၊ မောင်စွမ်းရည်တို့ လေးဦးဖြစ်ပါတယ်။ မောင်သာရက ရန်ကုန်ပြောင်းပြီး ရှုမဝမဂ္ဂဇင်းကြီးက စင်တင်ပေးလိုက်လို့ မောင်သာရရယ်လို့ ကလောင်တစ်လက်ဖြစ်လာရပေမဲ့ သူလည်း မန္တလေးမှာနေစဉ်က လူထုဂျာနယ်မှာ ကဗျာရေးပြီး ကလောင်သွေးခဲ့သူ ဖြစ်ပါတယ်။ သူ ပြည်ပကို ထွက်မလာခင်က ဒုလ္လဘရဟန်းဝတ်ချင်တယ်ဆိုတော့လည်း သူ့ကို အမေလူထုဒေါ်အမာကပဲ သင်္ကန်းဆီးပေးခဲ့တာပါ။ ရဟန်းအမ ဖြစ်ခဲ့ပါတယ်။

ကိုဝင်းဖေကတော့ အမျိုးသားကျောင်းဆရာကြီး ရွှေပြည် ဦးဘတင်ရဲ့ သားပါ။ ဦးဘတင်က သမိုင်းပညာရှင်၊ စာပေပညာရှင်၊ မဟာဂီတပညာရှင်ကြီးတစ်ဦးလည်း ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ကြီးဟာ ဒေါ်အမာရဲ့ ဆရာရင်းပါ။ ကိုဝင်းဖေက ပေါ်ဦးသက်နဲ့အတူ လူထုသတင်းစာမှာ ပန်းချီဆရာ၊ ကာတွန်းဆရာအဖြစ် လခစားလုပ်ခဲ့တဲ့အပြင် နိုင်ငံခြားသတင်းအယ်ဒီတာ အဖြစ် အမေလူထုဒေါ်အမာက လွှဲပေးတာကိုလည်း ခေတ္တခံယူဖူးပါတယ်။

mgyoe.com

mgyoe.com


လူထုတိုက်မှာ သားတစ်ယောက်လို နေခဲ့တာပါ။

တင်မိုးက လူထုဂျာနယ်မှာ ၁၉၄၇ ခုနှစ်လောက်ကတည်းက မောင်ဘဂျမ်း၊ ကိုရင်ဂျမ်း၊ ကန်မြနန်းမြင့်နွယ် စတဲ့အမည်အမျိုးမျိုးနဲ့ ကဗျာတွေရေးခဲ့ပြီး လူထုသတင်းစာ တနင်္ဂနွေအချပ်ပိုမှာ ကဗျာကဏ္ဍကို ကိုင်ရသူဖြစ်ပါတယ်။ ကျွန်တော်က လူထုမှာ ကဗျာတွေနဲ့ စာပေဆောင်းပါးတွေ ရေးပြီး လူထုစာအုပ်စင်ကဏ္ဍတစ်ခုကိုလည်း တာဝန်ယူရင်း စာအုပ်ဝေဖန်ချက်တွေ ရေးလာခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် အမေလူထုဒေါ်အမာက ကျွန်တော်တို့အပေါ်မှာ သံယောဇဉ်ကြီးပြီး ကျွန်တော်တို့ကလည်း အမေနဲ့ အဆက်မပြတ်ခဲ့ပါဘူး။ အမေက မဂ္ဂဇင်းတွေမှာ စာမရေးနိုင်ပေမဲ့ ကျွန်တော်တို့ဆီကို လူကြုံနဲ့ စာရေးခဲ့ပါတယ်။ "မင်းတို့အသံတွေကို ငါ တစ်နေ့မပြတ် နားထောင်နေတယ်" ဆိုတာကို စာနဲ့လည်းရေး၊ ဖုန်းနဲ့လည်းပြောပါတယ်။ နိဂုံးချုပ်ရင် "ငါတို့တစ်နေ့ ပျော်ပျော်ပါးပါးပြန်ဆုံကြမယ်" ဆိုတာ ပါရှိမြဲပါပဲ။ ဒါက ကျွန်တော်တို့လေးဦးနဲ့ အမေမာနဲ့ ပုဂ္ဂိုလ်ရေးကိစ္စပါ။

အမေလူထုဒေါ်အမာကို ကျွန်တော်တို့နဲ့တကွ အများပြည်သူက အမေအဖြစ် ဘာကြောင့် လေးစားရသလဲဆိုရင် ဗိုလ်ချုပ်အောင်ဆန်းဘွဲ့၊ သီချင်းတစ်ပုဒ်ထဲက "ရာဇဝင်အတ္ထုပ္ပတ္တိလည်းရှိရမယ်၊ မော်ကွန်းလည်း ထိုးလောက်တယ်။ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်" ဆိုတဲ့အတိုင်း 'ရာဇဝင်အတ္ထုပ္ပတ္တိ' ရှိလို့ပါပဲ။

(၁) အမေလူထုဒေါ်အမာဟာ ကိုနု၊ ကိုအောင်ဆန်း၊ ကိုဗဟိန်း စတဲ့ ၁၉၃၆ ခုနှစ် တက္ကသိုလ် သပိတ်ကျောင်းသားခေါင်းဆောင်များနဲ့ အတူ သပိတ်မှောက်ရာမှာ ဦးဆောင်ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ (ဗကသ) ဖွဲ့စည်းရာမှာလည်း ဦးဆောင်ပါဝင်ခဲ့သူတစ်ဦးဖြစ်လို့ တကသမိခင်၊ ဗကသမိခင် တစ်ဦးအဖြစ် ရာဇဝင်အတ္ထုပ္ပတ္တိ ရှိခဲ့သူဖြစ်ပါတယ်။

(၂) လူထုဦးလှနဲ့ အကြောင်းပါစမှာပဲ ဖက်ဆစ်တော်လှန်ရေးကြီး ဖြစ်ပေါ်လာလို့ မန္တလေးမှာ လူထုဦးလှက ဖဆပလခေါင်းဆောင်၊ အာရှလူငယ်ခေါင်းဆောင်အဖြစ် မြေပေါ်မြေအောက် လုပ်ငန်းများဆောင်ရွက်တဲ့အခါ အမေလူထုဒေါ်အမာလည်း လူထုဦးလှရဲ့

mgyoe.com

mgyoe.com


ပါရမီဖြည့်ဖက်အဖြစ် ဆောင်ရွက်ရင်း တော်လှန်ရေးသမားဖြစ်လာခဲ့ပါတယ်။

(၃) လူထုဦးလှနဲ့အတူ လူထုဂျာနယ်၊ လူထုသတင်းစာ တည်ထောင်ထုတ်ဝေပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ညာလက်ရုံးသဖွယ် စာပေနဲ့တိုက်ပွဲဝင်ခဲ့ရာက ဗိုလ်ချုပ်တို့ ကျဆုံးပြီး ပြည်တွင်းစစ်ဖြစ်လာတဲ့အခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ သားသမီးများအဖြစ် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းတို့မှာ လူကိုယ်တိုင်ရော သတင်းစာပါ ပါဝင်ဆင်နွှဲခဲ့ပါတယ်။ လူထုသတင်းစာက ဆရာကြီး ရွှေဥဒေါင်းနဲ့ လူထုဦးလှတို့ အဖမ်းဆီးခံရ၊ သတင်းစာတိုက်ကို ဗုံးခွဲခံရတဲ့အခါ၊ မီးလောင်တဲ့အခါတွေမှာ သတင်းစာကို ကိုယ်တိုင်ဦးဆောင်ပြီး သေတ္တာမှောက် ဆောင်ရွက်လုပ်ကိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

(၄) ဦးလှရဲ့ ကြီးပွားရေးမဂ္ဂဇင်းမှာ ၁၉၃၆ ခုနှစ်ကတည်းက ခင်လဝင်းကလောင်အမည်နဲ့ ဘာသာပြန်စာပေ၊ မြမဥ္ဇူကလောင်အမည်နဲ့ ဘဝသရုပ်ဖော်ဝတ္ထုတွေ ရေးခဲ့ပြီး သပိတ်မှောက်ရာက မန္တလေးကို ပြန်တဲ့အခါ အမျိုးသားကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးရာဇတ်က တာဝန်လွှဲအပ်ချက်အရ ဘာသာပြန်လုပ်ငန်းကို လုပ်ရတော့ (မအမာ–သပိတ်မှောက်ကျောင်းသူ) လို့ ကလောင်ဘွဲ့ခံခဲ့ပါတယ်။ အဲဒီအခါကစပြီး မြန်မာ့စာပေလောကနဲ့ မြန်မာ့နိုင်ငံရေးလောကအတွက် အထူးအကျိုးရှိမယ့် ဘာသာပြန်စာအုပ်တွေကို ရေးသားထုတ်ဝေခဲ့ပါတယ်။

(၅) မြန်မာမင်းများရဲ့ နောက်ဆုံး မင်းနေပြည်လည်းဖြစ်၊ မြန်မာ့ယဉ်ကျေးမှု အချက်အချာလည်းဖြစ်တဲ့ မန္တလေးမြို့မှာ ဖွားမြင်ကြီးပြင်းသူဖြစ်တဲ့အတွက် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို၊ ဇာတ်သဘင်နဲ့ မဟာဂီတ စတာတွေကို လက်ကုန်နှိုက်ပြီး အစွမ်းကုန်သုတေသနပြုရင်း မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းရေးနဲ့ မြှင့်တင်ရေးတို့ကို ဦးဆောင်နိုင်ခဲ့ပါတယ်။

(၆) သဘင်သည်တွေ၊ ပန်းချီပန်းပုအနုပညာရှင်တွေ၊ စီးပွားရေးသမား

mgyoe.com

mgyoe.com


တွေကအစ ရဟန်းသံဃာတော်ကြီးတွေအထိ မန္တလေးဝန်းကျင်ရှိ နယ်ပယ်အသီးသီးက ထင်ရှားသူတွေရဲ့ အတ္ထုပ္ပတ္တိအရှည်အတို များစွာကိုလည်း ရသမြောက် အတ္ထုပ္ပတ္တိစာပေများအဖြစ် ရေးသားရင်း မြန်မာစာပေတစ်ခန်း တစ်ကဏ္ဍကို မြှင့်တင်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒီလိုအတ္ထုပ္ပတ္တိတွေကို ရေးသားရာမှာ ပြည်သူ့အမြင်၊ အရုပ်သားအမြင်၊ အရုပ်သားစကားများကို အခြေပြုပြီး ခေတ်မီတဲ့ အမြင်သစ်နဲ့ ဝေဖန်သုံးသပ် တင်ပြရေးသားတာတွေ ဖြစ်လို့ ရေးသမျှစာများက "ဆွဲဆောင်မှုလည်းရှိ ရှေ့ဆောင်မှုလည်းရှိ" တဲ့ စာပေတွေ ဖြစ်လာပါတယ်။

(၇) ဒီလို စာရေးဆရာ၊ သတင်းစာ ဆရာမကြီးအဖြစ်နဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံတွေ၊ ကမ္ဘာ့အမျိုးသမီးညီလာခံတွေကို ဖိတ်ကြားခံရပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသမီးဘဝ လွတ်မြောက်ရေးလုပ်ငန်းတိုင်းမှာလည်း ပါဝင်ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒီလိုရာဇဝင်အတ္ထုပ္ပတ္တိတွေရှိခဲ့တာကြောင့် ဗကသမိခင်၊ ငြိမ်းချမ်းရေးမိခင်ကြီးတစ်ဦးအဖြစ် အများပြည်သူက တန်ဖိုးထား လေးစားခြင်းခံရပါတယ်။ တိုင်းပြည်မှာ ပြဿနာကြုံတိုင်း သတင်းဌာနတွေက မေးလာတဲ့အခါမှာလည်း ပြည်သူ့ဘက်က ရပ်တည်တဲ့ ပြတ်သားတဲ့အမြင်များကို ရဲရဲဝံ့ဝံ့တင်ပြခဲ့တာချည်းဖြစ်လို့ ပြည်သူတွေက အားထားကြပါတယ်။

ဒါကြောင့် မြန်မာပြည်တစ်ဝန်းလုံးက စာရေးဆရာ၊ သတင်းစာဆရာတွေ၊ ကျောင်းသားခေါင်းဆောင် အဟောင်းအသစ်တွေ၊ နိုင်ငံရေးသမားအဟောင်းအသစ်တွေ၊ ပန်းချီပန်းပုအနုပညာရှင်တွေဟာ အမေ လူထုဒေါ်အမာမွေးနေ့တွေမှာ အမေလူထုဒေါ်အမာက ကျင်းပဖိတ်ကြားတာမဟုတ်ဘဲ ထောင့်စုံ နယ်စုံက လာရောက်ကြပြီး အမေလူထုဒေါ်အမာအသက်ရာကျော်ရှည်စေဖို့ လာရောက်ဆုတောင်းကြရင်း အမေလူထုဒေါ်အမာထံက သြဝါဒကထာ သြသဒအားဆေးများလည်း လာရောက်သုံးဆောင် အားဖြည့်ကြတာဖြစ်ပါတယ်။ ခုအခါ အမေလူထုဒေါ်အမာ ကွယ်လွန်ပြီဖြစ်ပေမဲ့ အမေ လူထုဒေါ်အမာရဲ့ ဂုဏ်သတ္တိများက ပျောက်ကွယ်သွားတာ မဟုတ်ပါ။ အမေ့သတ္တိ၊ အမေ့စေတနာ၊ မေတ္တာ၊ အမေ့အတွေး

mgyoe.com

mgyoe.com


အမြင်များက ကျွန်တော်တို့ ပြည်သူများကို ဆက်လက်အားပေး ရှေ့ဆောင်သွားမှာပဲဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

လူထုဒေါ်အမာရဲ့ သားတစ်ဦးဖြစ်သူ မောင်စွမ်းရည်
၂၀၀၇၊ ဧပြီ ၂၁၊ နယူးယောက်

**ခွပ်ဒေါင်းမိခင် အမေမာသို့**

အဘိုးဆုံး၍
ညှိုးချုံးအားမာန်၊ ရှိခဲ့ပြန်သော်
'မန်းတောင်' သဏ္ဍာန်၊ 'ဘလှ' ကျန်၍
အားမာန်မကျ၊ တင်းနိုင်ကြ၏။

အဘဆုံး၍–
ညှိုးချုံးအားမာန်၊ ရှိခဲ့ပြန်သော်
'ချိုးဖြူ' သဏ္ဍာန်၊ 'အမိ' ကျန်၍
အားမာန်မကျ၊ တင်းနိုင်ကြ၏။

'အမိ' ဆုံးသော်
မဆုံးအားမာန်၊ ခွပ်ဒေါင်းကျန်ပြီ
ဒေါင်းလံမြှင့်၍ လွင့်ကြကုန် ။ ။

မောင်စွမ်းရည်
ဧပြီ ၇၊ ၂၀၀၈

❑

mgyoe.com

mgyoe.com

# သတင်းစာဆရာ၊ ပုံပြင်ဆရာကြီး
# လူထုဦးလှ

ဒီနှစ် ၂၀၁၈ ဆိုရင် ဦးလေးကွယ်လွန်ခဲ့တာ ၃၆ နှစ်တင်းတင်းပြည့်ခဲ့ပြီ။ ဦးလေး ကွယ်လွန်ခဲ့တာ ၁၉၈၂ ခုနှစ် ဩဂုတ် ၇ ရက်နေ့က ဖြစ်ပါတယ်။ (ဦးလေးအကြောင်းကို လူထုဦးလှလို့ ခေါ်ပြီး ရေးရတာ ကျွန်တော့်အဖို့ သူစိမ်းဆန်လွန်းလို့ ခေါ်နေကျအတိုင်း ဦးလေးလို့ပဲခေါ်ပြီး ရေးခွင့်ပြုပါ) ဦးလေးကို သတင်းစာဆရာ၊ ပုံပြင်ဆရာကြီးအဖြစ် လူသိများလို့ လွယ်လွယ်ပဲ သတင်းစာဆရာ၊ ပုံပြင်ဆရာကြီးလို့ ခေါ်လိုက်ရပေမဲ့ ဦးလေး လုပ်ခဲ့တဲ့အလုပ်တွေက အများကြီးပါ။ အတ္ထုပ္ပတ္တိ အတိုအရှည် အများကြီးလည်း ရေးခဲ့တဲ့အပြင် သုတေသနပြုပြီး ရေးခဲ့တဲ့စာတွေလည်း အများကြီးရှိပါတယ်။ ထောင်စာပေ၊ ခရီးသွားစာပေဆိုတာမျိုးတွေကိုလည်း မြန်မာစာပေမှာ တစ်ခန်းတစ်ကဏ္ဍ ဖွင့်ပြီးရေးသားခဲ့သူလည်း ဖြစ်ပါတယ်။ အဓိကကတော့ သတင်းစာဆရာပါပဲ။ သတင်းစာလုပ်ရင်း တွဲလုပ်လို့ ရသမျှကို အမြင်ကျယ်ကျယ်၊ ဝီရိယထက်ထက်သန်သန်နဲ့ လုပ်သွားခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ခေတ်ပြိုင်၊ မန်းတက္ကသိုလ်ထွက် လူငယ်စာရေးဆရာများဟာ ကိုယ့်မိဘဆွေမျိုးတွေနဲ့ နေရတာထက် လူထုမိသားစုနဲ့ နေကြရတဲ့

mgyoe.com

mgyoe.com


အချိန်ကများပါတယ်။ ဦးလေးတို့ ဒေါ်ဒေါ်လူထုဒေါ်အမာတို့ အကြောင်းကိုဆိုရင် လူကိုယ်တိုင်ကိုသာမက သူတို့ရေးတဲ့စာတွေကိုလည်း အစအဆုံး သိမ်းကျုံးဖတ်ရှုထားကြတာဆိုတော့ ကျွန်တော်တို့ဟာ ဦးလေး ဒေါ်ဒေါ်တို့ အကြောင်းကို ကိုယ့်မိဘအကြောင်းတွေထက် ပိုပြီးတော့ ပြောနိုင်ဆိုနိုင်ကြမယ်လို့ ယူဆပါတယ်။ တခြားစာတွေကိုလည်း တတ်နိုင်သမျှ ဖတ်နေကြတာဆိုတော့ တခြားသတင်းစာဆရာ၊ စာရေးဆရာကြီးများနဲ့လည်း နှိုင်းယှဉ်ပြီး ပြောနိုင်ကြပါတယ်။

ဒေါ်ဒေါ်က ဦးလေးအကြောင်းကိုပြောတဲ့အခါမှာ "ကိုလှဟာ သတင်းသမား မျက်စိရှိတယ်" တဲ့။ ဒီလိုပြောတာကို နှစ်ခါ၊ သုံးခါမက ကြားဖူးပါတယ်။ အမှတ်မထင် စပ်မိလို့ ပြောဖူးတာဖြစ်ပါတယ်။ ဦးလှဆိုတာ သတင်းစာပညာနဲ့ပတ်သက်ရင် ဒေါ်ဒေါ်ရဲ့ ကံ့ကူလက်လှည့် ငယ်ဆရာလည်းဖြစ်တဲ့ အပြင် တစ်သက်လုံး အလုပ်ကူတွဲပြီးလုပ်ခဲ့ရတဲ့ ဘဝကြင်ဖော် သတင်းစာဆရာကြီးလည်း ဖြစ်ပါတယ်။ ဒေါ်ဒေါ်ကိုယ်တိုင်ကလည်း သတင်းစာဆရာကြီးဖြစ်လေတော့ "ကိုလှဟာ သတင်းသမား မျက်စိရှိတယ်" ဆိုတဲ့ ဘဝအမြင်မှတ်ချက်စကားမျိုးကို ပြောရေးဆိုခွင့်ရှိသူဖြစ်ပါတယ်။ ဒေါ်ဒေါ်ပြောသလိုပဲ ဦးလေးတစ်သက်တာမှာ လုပ်ဆောင်သွားခဲ့တဲ့ စာပေအလုပ်တွေဟာ သတင်းသမားမျက်စိနဲ့ ရှုမြင်ဆောင်ရွက်သွားခဲ့တာတွေလည်း ဖြစ်တယ်လို့ဆိုရပါမယ်။ သတင်းစာသမားရဲ့ စားပွဲကနေပြီး သတင်းသမားရှုထောင့်ကနေ ရှုမြင်သုံးသပ်လုပ်ဆောင်သွားခဲ့တာတွေ ဖြစ်ပါတယ်။

ဦးလေးဟာ ပြည်သူလူထုထံသို့ ပို့ဆောင်သင့်တဲ့ သတင်းဟူသမျှ ကြောက်လို့ချစ်လို့ဆိုတဲ့ အဂတိတရားနဲ့ ထိမ်ချန်တာမျိုး မရှိဘဲ တင်ပြဖို့ ကြိုးစားခဲ့တာချည်း ဖြစ်ပါတယ်။ ဒါပေမဲ့ သတိတရား အမြဲထားပါတယ်။ ဒီလို သတိထားတဲ့ကြားကပဲ တစ်သက်တာမှာ ၅ ကြိမ်မျှ ဖမ်းဆီးထောင်ချတာခံခဲ့ရပါတယ်။ ဖမ်းဆီးထောင်ချခဲ့တဲ့ အာဏာပိုင်များဟာ သူတို့ခံရတဲ့ အလှည့်ကျတော့မှ နောင်တရပြီး ဦးလေးကို လာရောက်ကန်တော့ တောင်းပန်ကြပါတယ်။ အမှန်က ဦးလေးဟာ အထက်မြန်မာနိုင်ငံက ရဟန်းရှင်လူ၊ ပြည်သူတွေအပေါ်မှာ အလွန်သြဇာကြီးနေတာကို ကြောက်ရွံ့လို့ပါပဲ။ ဦးလေးဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့အချိန်မှာ ရန်ကုန်မှာ

mgyoe.com

mgyoe.com


တောင် ဘာမှလုပ်လို့မရသေးခင် မန္တလေးမှာ ဖဆပလအဖွဲ့ချုပ်ကို အဦး ဆုံး ဖွဲ့စည်းတည်ထောင်လုပ်ခဲ့တာကလွဲလို့ ဘာနိုင်ငံရေးအဖွဲ့အစည်းနဲ့မှ မပတ်သက်ခဲ့တာ အာဏာပိုင်ပုဂ္ဂိုလ်ကြီးတွေ သိပါတယ်။ သိသိကြီးနဲ့ ဆိုသလိုပဲ ဦးလေးကို ဖမ်းဆီးထောင်ချခဲ့ရုံမက ဆရာကြီး ရွှေဥဒေါင်း၊ ဒေါ်ဒေါ်လူထုဒေါ်အမာနဲ့ လူထုတိုက်သား သတင်းစာအလုပ်သမားတွေရော၊ တူ သားတွေရော၊ အယ်ဒီတာတွေပါ ဖမ်းဆီးထောင်ချခဲ့ပါတယ်။

ဦးလေးကို ထောင်ချလိုက်တာ ဒုက္ခတစ်ခုဖြစ်ပေမဲ့ တိုင်းပြည်မှာ အမြတ် ထွက်လိုက်ပါတယ်။ ဦးလေးက အချိန်ကို အလဟဿအဖြစ်မခံဘူး။ ဘာမှ လုပ်မရရင်တောင် ပုတီးစိပ်၊ ဘုရားရှိခိုးနေတာ။ ထောင်ထဲမှာ တစ်ဦးချင်း ကစားလို့ရတဲ့ကစားနည်းမျိုးနဲ့ တစ်ယောက်တည်း ကစားသလို အဖွဲ့ဖွဲ့ပြီး တော့လည်း ကစားခဲ့ပါတယ်။ စာပေဟောပြောပွဲတွေလည်း လုပ်ခဲ့ဖူးတယ်။ ထောင်အာဏာပိုင်တွေကလည်း သဘောကျတယ်။ စစ်အာဏာရှင် လက်ထက်ရောက်တော့မှသာ စာရေးစာဖတ်တောင် မလုပ်ရတော့ဘဲ အဖွဲ့ဖွဲ့ ပြီး လုပ်ရတဲ့ အားကစားနည်းမျိုးတွေလည်း ခွင့်မပြုတော့ပါ။ ဦးလေးက တော့ အကျဉ်းသားတစ်ဦးချင်းတွေ့ခွင့်၊ ပြောခွင့်ရရင် တစ်ဦးချင်းကိုပဲ တွေ့ဆုံ ပြောဆိုပါတယ်။ အကျဉ်းသားတွေရဲ့ဘဝကို တစ်ဦးချင်းမေးပြီး မှတ်တမ်း တင်တယ်။ အကျဉ်းသားတစ်ဦးချင်းရဲ့ဘဝကို မေးစရာကုန်တော့ တစ်ဦး ချင်းဆီက ပုံတိုပတ်စတွေ မေးမြန်းစုဆောင်းတယ်။ တချို့က တိုင်းရင်းသား တောင်ပေါ်သားတွေလည်း ပါတာပေါ့။ ဒီလိုနဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတနာ တွေကို ထုပ်ပိုက်ပြီး ထောင်ထဲကထွက်လာခဲ့ပါတယ်။ ဦးလေး ထောင်က ထွက်လာတော့မှ ထောင်စာပေလို့ ခေါ်လောက်အောင် ထောင်အကြောင်း ရေးတဲ့စာတွေဟာ ထုနဲ့ထည်နဲ့ ပေါ်လာခဲ့တာပါ။ ဦးလေးနောက်မှ ထောင် ထဲ ရောက်လာကြတဲ့ ဆရာဇန်းမော်တင်အောင်တို့၊ ဆရာမြသန်းတင့်တို့ လည်း ဦးလေးနည်းအတိုင်း လိုက်ပြီး ထောင်အကြောင်းစာတွေ ရေးလာ ခဲ့ကြတာ ဖြစ်ပါတယ်။

ဦးလေးရေးတဲ့စာတွေက မျိုးစုံပါတယ်။ သတင်းသမားပီပီ သတင်းစုံ ရပ်ကွက်က သတင်းတွေအစုံ ရှုရှိအသုံးချခဲ့တာပါ။ ကျွန်တော် သဘော အကျဆုံးကတော့ ပုံပြင်တွေပါပဲ။ ရိုးရာပုံပြင်ဆိုတာတွေက ဒီခေတ်ရေးကြ

mgyoe.com

mgyoe.com


တဲ့ ဝတ္ထုတိုတွေလိုပါပဲ။ ဒါပေမဲ့ ပုံပြင်ဆိုတာ တစ်ဦးတစ်ယောက်တည်းက တစ်ချိန်တည်း အပြီးရေးလိုက်တာမျိုးမဟုတ်ပါ။ ဟိုရှေးရှေးအခါက အစမသိတဲ့ကာလမှာ တစ်ယောက်ကစ တစ်ရာဆိုသလို နှစ်ပေါင်းရာချီပြီး ပြောဆို အမွှမ်းတင်လာခဲ့တဲ့ ပုံဝတ္ထုတွေပါ။ မြန်မာ၊ ရခိုင်၊ ရှမ်း၊ ချင်း၊ ကချင်စတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ ပုံပြင်စာအုပ်ပေါင်း ၄၆ အုပ် ထုတ်ခဲ့ပြီးပါပြီ။ တချို့ကို စစ်အစိုးရက ဖြတ်တောက်တာ၊ ပိတ်ပင်တာတွေရှိခဲ့ပါတယ်။ မထုတ်ရသေးတာတွေရောဆိုရင် ၅၀ ကောင်ကျော်မှာပါ။ ဦးလေးရဲ့ သားသမီးတွေက ဦးလေးရဲ့စာရွက်တွေ မဆွေးမြည့်ခင် အမြန်ဆုံးကူးယူ ပုံနှိပ်ထုတ်ဝေသင့်ပါတယ်။ ဒီစာအုပ်တွေဟာ ကလေးတွေနဲ့ ဘိုးဘွားလူကြီးတွေ ဖတ်ရုံမဟုတ်ဘဲ သမိုင်းသုတေသီတွေ၊ စာပေသုတေသီတွေနဲ့ မနုဿဗေဒပညာရှင်တွေကပါ သက်ဆိုင်ရာ သုတေသနအမြင်နဲ့ လေ့လာဆည်းပူးကြရဦးမှာပါ။

ဦးလေးဟာ ပုံပြင်တွေ စုဆောင်းထုတ်ဝေတာကို တစ်သက်လုံးလုပ်သွားတာပါ။ ထောင်ထဲက ပုံပြောတဲ့မိတ်ဆွေတွေ အပြင်ရောက်လာရင် သူတို့နဲ့လည်း အဆက်မပြတ်ရပါဘူး။ တခြားတိုင်းရင်းသားမိတ်ဆွေတွေဆီကိုလည်း လှမ်းပြီး စာနဲ့ပဲ မေးမြန်းစုဆောင်းတာရှိသလို တစ်ခါတစ်ရံ လူကိုယ်တိုင်လည်း သွားရောက်လေ့လာရပါတယ်။ တိုင်းရင်းသားတွေရဲ့ အဝတ်အထည်၊ ဓားလုံ့လေးမြား စတာတွေကို လိုက်လံစုဆောင်းရပါတယ်။ တချို့ကို ဓာတ်ပုံရိုက်ယူခဲ့ရပါတယ်။ တချို့ခရီးတွေကို ကျွန်တော်တို့လည်း လိုက်ပါလေ့လာခွင့် ရခဲ့ဖူးပါတယ်။ ဦးလေးက ကျွန်တော့်ကို သူကိုယ်တိုင် ၁၉၃၆ ခုနှစ်လောက်က ကြီးပွားရေးမဂ္ဂဇင်းမှာ စတင်ခဲ့တဲ့ လူထုတေး (Folk songs) စုဆောင်းတဲ့အလုပ်ကို အမွေပေးခဲ့ပါတယ်။ ကြီးပွားရေးမဂ္ဂဇင်းမှာ ရွှေကိုင်းသား ဦးသောဘိတက ရွှေဘိုဖုံကြီးသံတွေကို စုဆောင်းပေးခဲ့ပါတယ်။ လူထုဂျာနယ်ကို မန္တလေးမှာ ထုတ်ဝေတော့လည်း ရွှေဘိုသတင်းထောက် ဦးဗကြည်၊ ကောလင်းမောင်ကြည်သော်တို့ဆီကနေ ရွှေဘိုဘက်က ကောက်စိုက်သီချင်းတွေကို ဆက်လက်စုဆောင်းခဲ့ပါတယ်။ တချို့ကို ဗလာစာအုပ်မှာ လက်ရေးနဲ့ပဲရှိသေးပြီး ပုံနှိပ်ရခြင်းမရှိသေးပါ။ အဲဒီစာအုပ်တွေနဲ့တကွ ဆက်လက်လုပ်စရာ အလုပ်တွေကိုပါ အမွေပေးခဲ့လို့ ကျွန်တော်ကိုယ်တိုင်

mgyoe.com

mgyoe.com


လည်း ရွှေဘို၊ ရေဦး၊ ခင်ဦး၊ တန့်ဆည်၊ ကျောက်ဆည်၊ မိုးမိတ် စတဲ့ နိုင်ငံအနှံ့ မြို့ရွာတွေကို ကွင်းဆင်းပြီး စုဆောင်းခဲ့ပါတယ်။

အတိုချုပ်ပြောရရင် အဲဒီ Folk songs ကောက်စိုက်သီချင်း၊ ဗုံကြီးသံ၊ လွမ်းသီချင်း စတာတွေကို လျှောက်လွှာစာရွက်အရွယ်စက္ကူနဲ့ လက်နှိပ်စက်ရိုက်ပြီး နှစ်လက်မနီးပါးထူတဲ့ စာအုပ်ကြီးကို ပုံနှိပ်ဖို့ မြန်မာနိုင်ငံ သုတေသနအသင်းကို လှူလိုက်ပါတယ်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ် တို့ရဲ့ မေတ္တာရပ်ခံ လမ်းညွှန်ချက်နဲ့ပါ။ ဗိုလ်နေဝင်းက အဲဒီအသင်းဟာ နယ်ချဲ့သမားတွေ ထူထောင်ခဲ့တဲ့အသင်းဆိုပြီး အသင်းပိုင်စာမူတွေ၊ စာအုပ်တွေနဲ့ ငွေတွေပါသိမ်းယူသွားတော့ ဘယ်ရောက်မှန်းမသိ လမ်းစမပေါ်တော့ပါ။ ဗိုလ်ချုပ်ကြီး မျိုးချစ်စိတ်မှော်ရူးထတာနဲ့ နိုင်ငံရဲ့ရတနာ အမွေစာပေတွေ ဘယ်လိုမှလည်း ပြန်စုဆောင်းလို့ မရနိုင်တော့ဘဲ ဆုံးရှုံးခဲ့ရပါတယ်။

ပုံပြင်ကဏ္ဍကိုပဲ ပြန်ဆက်ကြပါမယ်။ ဦးလေးအနေနဲ့ ပုံပြင်တွေ စုဆောင်းတဲ့အချိန်က ပုံပြောတတ်တဲ့ အဘိုးအဘွားတွေခေတ်ကြီး အဆုံးသတ်ချိန်လည်းဖြစ်ပါတယ်။ ရေဒီယိုတွေ၊ ကက်ဆက်တွေ၊ ဓာတ်ပြားတွေ၊ ဓာတ်ကြိုးတွေပေါ်ပေါက်လာပြီးနောက် ပုံပြောတဲ့ ဓလေ့လည်း အသက်ငင်သွားခဲ့ပါပြီ။ ဦးလေးသာ ဒီအလုပ် မလုပ်လိုက်ရင်တော့ ပြည်ထောင်စုအမွေတွေ လုံးဝ ဆုံးရှုံးသွားခဲ့ရမှာပါ။ ဒီပုံပြင်တွေက မြန်မာပြည်ထောင်စုသားတွေရဲ့ အမွေဖြစ်သလို ကမ္ဘာလူသားတွေရဲ့ အမွေလည်း ဖြစ်ပါတယ်။ ကမ္ဘာမှာ အင်ဒါးဆင်တို့လို တစ်ဦးချင်းက တီထွင်ရေးသားတဲ့ ပုံပြင်တွေ ရှိသလို တစ်မျိုးသားလုံး စုပေါင်းအမွေပုံပြင်တွေလည်း ရှိပါတယ်။ တရုတ်၊ အိန္ဒိယ၊ အမေရိကားလို နိုင်ငံကြီးတွေမှာ ပုံပြင်စုဆောင်းသူတွေ အများကြီးပါ။ ဒါပေမဲ့ ဘယ်သူတွေ ဘယ်လောက်များများ မြန်မာပြည်က တိုင်းရင်းသားလူမျိုးတွေရဲ့ ပုံပြင်မျိုးကို လူပုဂ္ဂိုလ်တစ်ဦးတည်းက စာအုပ် ၅၀ လောက် ထုတ်လောက်အောင် စုဆောင်းနိုင်တာမျိုးကတော့ ဘယ်မှာမှမကြားဖူးပါ။ ကမ္ဘာပေါ်မှာ ပုံပြင် စာအုပ် ၅၀ လောက် စုဆောင်းနိုင်ခဲ့တာဟာ ကျွန်တော်တို့ ဦးလေး လူထု ဦးလှတစ်ဦးပဲရှိပါတယ်။ မယုံရင် ပုံပြင်မှတ်ဆိုသလိုပါပဲ။ ဒါပေမဲ့ ဒီစကား မယုံရင် ကမ္ဘာ့ပုံပြင်လောကကို ကိုယ်တိုင်လေ့လာကြည့်ကြစေချင်ပါတယ်။ ဒီခေတ်မှာ ပုံပြင်စွယ်စုံကျမ်းတွေလည်း ထွက်နေပါတယ်။ ဦးလေးရဲ့ ပုံပြင်

mgyoe.com

mgyoe.com


တွေလည်း အင်္ဂလိပ်၊ ဂျပန်၊ ဂျာမန်၊ ရုရှား စတဲ့ ဘာသာများနဲ့ ဘာသာပြန်ထားကြတာလည်းရှိပါတယ်။ လူထုဦးလှ စုဆောင်းတဲ့ ပြည်ထောင်စုတိုင်းရင်းသားပုံပြင်တွေလို အမျိုးလည်းစုံ၊ များလည်းများတာ ဘယ်မှာမှ မရှိပါ။

ဩဂုတ်လဟာ ဦးလေး ကွယ်လွန်တဲ့လပါ။ ၁၉၈၂ ခုနှစ် ဩဂုတ် ၇ ရက်နေ့က ဦးလေးကွယ်လွန်ခဲ့ပါတယ်။ ခုအခါ ၃၆ နှစ်ကြာခဲ့ပါပြီ။ ဦးလေး ကွယ်လွန်တဲ့ ဩဂုတ်လမှာ ဦးလေးကို အထူးသတိရတဲ့အနေနဲ့ ဦးလေးစုဆောင်းတဲ့ ပုံပြင်များအကြောင်းကို အမြွက်မျှ ရေးလိုက်ရတာဖြစ်ပါတယ်။ 'ကမ္ဘာမှာ မြန်မာ' လို့ လက်မထောင်စရာတစ်ခုအဖြစ် လေ့လာတင်ပြလိုက်တာ ဖြစ်ပါကြောင်း။

၂၀၁၈၊ ဩဂုတ် ၇၊ နယူးယောက်

❑

mgyoe.com

mgyoe.com

# ပုံပြင်ဆရာကြီး
# ပုံပြောဆရာကြီး လူထုဦးလှ

သတင်းစာဆရာကြီး၊ ပုံပြင်ဆရာကြီး လူထုဦးလှကို ကျွန်တော်က ဦးလေးလို့ပဲ ခေါ်ခဲ့ပါတယ်။ ဒါကြောင့် ဦးလေးလို့ပဲ ဆက်ပြီးရေးသွားဖို့ ခွင့်ပြုပါခင်ဗျာ။

ကျွန်တော်တို့ ဦးလေးဟာ သတင်းစာဆရာ ပီသသူဖြစ်ပါတယ်။ သတင်းစာဆရာ ဘယ်လိုပီသတာလဲ။ သတင်းစာဆရာက ဖြစ်ရပ်တစ်ခုကို သတင်းရှုထောင့်က ကြည့်တတ်တယ်။ ဒီဖြစ်ရပ်၊ ဒီသတင်းဟာ သတင်းစာဖတ်ပရိသတ် အများပြည်သူကို သတင်းပေးသင့်တဲ့ ဖြစ်ရပ်ဖြစ်စဉ် ဟုတ်ရဲ့လား။ သတင်းတန်ဖိုးရှိရဲ့လားဆိုတာ ဦးစွာအကဲဖြတ်ရမြဲဖြစ်ပါတယ်။ သတင်းတိုင်းဟာ မင်ကုန်၊ စက္ကူကုန်ခံထိုက်ရဲ့လား၊ သတင်းပေးရကျိုးနပ်ရဲ့လားဆိုတာ ဆင်ခြင်စဉ်းစားစရာပါ။ ဒေါ်ဒေါ်လူထုဒေါ်အမာက အမှတ်တမဲ့ ဆိုပါတော့ ပြောဖူးတယ်။ "ကိုလှဟာ သတင်းသမားမျက်စိရှိတယ်" တဲ့။ အဲဒီစကားလေးကို သတိရလို့ ခုလို နိဒါန်းချီတာပါ။ ဦးလေးဟာ သတင်းသမားမျက်စိလည်း ရှိတယ်။ သတင်းတန်ဖိုးကိုလည်း အမြဲဆင်ခြင်ပါတယ်။ ကြောက်လို့၊ ချစ်လို့ဆိုတဲ့ အဂတိတရားတွေလည်း အကင်းဆုံးဖြစ်အောင် ရေးပါတယ်။

mgyoe.com

mgyoe.com


ကျွန်တော့်ဘဝမှာ မိဘဆွေမျိုးများနဲ့ဖြစ်စေ၊ ဆရာသမားများနဲ့ဖြစ်စေ၊ သူငယ်ချင်းမိတ်ဆွေများနဲ့ဖြစ်စေ လူထုမိသားစုလောက်ကြာအောင် ဆက်စပ်နီးစပ်ခဲ့ရတာမျိုးမရှိပါ။ ဒါကြောင့် ဦးလေးနဲ့ပတ်သက်တဲ့ အကဲဖြတ်ချက်မျိုးကို အရှင်းဆုံး၊ အပြတ်သားဆုံး ပြောနိုင်ပါတယ်။ ဦးလေး တစ်သက်မှာ သတင်းသမားမျက်စိနဲ့ သိမြင်ဆောင်ရွက်ခဲ့တဲ့အလုပ်တွေ အများကြီးရှိပါတယ်။ တချို့လုပ်ဆောင်ချက်တွေဟာ လူတကာထက် စွမ်းဆောင်ချက်ပိုပါတယ်ဆိုရင် ဦးလေးရဲ့စာတွေကို ဖတ်ဖူးသူတိုင်း သဘောတူကြမှာဖြစ်ပါတယ်။

ဦးလေးဟာ သတင်းပေးရာမှာ၊ သတင်းရေးရာမှာ အထူးသတိရှိပါတယ်။ ကြောက်တတ်တာမဟုတ်ပါ။ ရေးသင့်ရေးထိုက်တာကိုတော့ မရေးဘဲမနေပါ။ ရှုထောင့်အမျိုးမျိုးက ဆင်ခြင်ပြီး သတင်းရေးတာပါ။ ဒီကြားထဲက သတင်းစာဆရာဘဝမှာ ဖမ်းဆီးထောင်ချတာကို ငါးကြိမ်ခံရဖူးပါတယ်။ ထောင်ထဲရောက်သွားတော့လည်း အချိန်တွေကို အချည်းနှီး မဖြစ်စေပါ။ ထောင်ထဲမှာ တစ်ယောက်တည်းလည်း အားကစားလုပ်ပါတယ်။ အသင်းဖွဲ့ပြီးတော့လည်း အားကစားလုပ်ပါတယ်။ စာဖတ်စာရေးလည်း အချိန်ရှိသရွေ့လုပ်ပါတယ်။ အကျဉ်းသားတွေရဲ့ တစ်ဦးချင်းဘဝကို မေးမြန်းမှတ်တမ်းတင်တယ်။ သူတို့ဆီက ရိုးရာပုံပြင်တွေကိုလည်း စုဆောင်းပါတယ်။ ဒါကြောင့် ထောင်ကထွက်လာတဲ့အခါမှာ ရေးစရာတွေ 'တထောကြီး'လို့ ပြောရအောင် ပါလာခဲ့ပြီး မြန်မာစာပေလောကမှာ 'ထောင်စာပေ'ဆိုတာမျိုးကို တစ်ခန်းတစ်ကဏ္ဍ ဖွင့်လှစ်ထူထောင်နိုင်ခဲ့ပြီး ယူနက်စကိုဆုလို နိုင်ငံတကာနဲ့ဆိုင်တဲ့ဆုမျိုးကိုတောင် ချီးမြှင့်ခံခဲ့ရပါတယ်။

ထောင်ကထွက်လာပြီးနောက် ထောင်ထဲကလူတွေရဲ့ အကြောင်းကို ရေးသားပြုစုပြီး စာတစ်စောင် ပေတစ်ဖွဲ့ဖြစ်အောင် လုပ်ပါတယ်။ သူတို့ပြောကြတဲ့ ပုံပြင်တွေကိုလည်း ပြန်လည်ဖောက်သည်ချခဲ့ပါတယ်။ ထောင်ထဲက လမ်းစရပြီး ထောင်ပြင်ရောက်တဲ့အခါ တောင်ပေါ်မြေပြန့်မကျန် တိုင်းရင်းသားပေါင်းစုံရဲ့ ပုံပြင်တွေကို လိုက်လံစုဆောင်းပါတယ်။ တချို့ပုံပြင်တွေကို သူ့မိတ်ဆွေသတင်းထောက်တွေ၊ သူ့တပည့်တွေကို စုခိုင်းပါတယ်။ ပြီးတော့မှ ပြန်လည်တည်းဖြတ်ပြီး စာအုပ်ထုတ်ခဲ့တာ ပုံပြင်စာအုပ်

mgyoe.com

mgyoe.com


ပေါင်း ၅၀ ကျော်ပါတယ်။ စစ်အစိုးရလက်ထက်မှာ ဖြတ်တောက်ပိတ်ဆို့ ခံရတဲ့ပုံပြင်တွေလည်း မထုတ်ရသေးတာ အများကြီး ကျန်ရှိနေသေးတယ်လို့ ပြောဖူးပါတယ်။ ကျန်ရစ်သူ သားသမီးများက ပုံပြင်တွေစာရွက်တွေ ဆွေးမြည့်ကြေမွခြင်းမဖြစ်မီ အမြန်ဆုံး ပြန်လည်ရှာဖွေစုစည်း စီစဉ်ထုတ်ဝေသင့်ပါတယ်။

ကမ္ဘာတစ်ခွင်လုံးမှာ ပုံပြင်ပြောတဲ့ခေတ် ကုန်ဆုံးချိန်ရောက်ခဲ့ပါပြီ။ ပုံပြောတတ်ကြတဲ့ လူကြီးမိဘတွေ၊ ဘိုးဘွားတွေလည်း မရှိကြတော့ပါ။ ပုံမပြောတတ်တဲ့ လူကြီးမိဘတွေခေတ်ကို ရောက်လာခဲ့ပါပြီ။ ဦးလေးလူထုဦးလှဟာနောက်ဆုံးပုံပြောသူတွေထဲမှာ နောက်ဆုံးစုဆောင်းသူဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပြည်ဟာ ကံထူးတယ်လို့ ဆိုနိုင်ပါတယ်။ နောက်ထပ်လိုချင်လို့လည်း မရနိုင်တော့ပါဘူး။ မြန်မာတိုင်းရင်းသားပုံပြင်တွေဟာ မြန်မာတို့ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သလို ကမ္ဘာ့လူသားတို့ရဲ့ ယဉ်ကျေးမှု အမွေအနှစ်လည်းဖြစ်ပါတယ်။ ဦးလေးဟာ မြန်မာ့ပုံပြင်ရတနာသိုက်ကြီးကို ဖွင့်လှစ်ခဲ့ရုံမက ကမ္ဘာ့ပုံပြင်ရတနာသိုက်ကြီးတွေကိုလည်း မြန်မာပြည်သူတွေရဲ့ လက်ထဲကို ရောက်အောင် တစ်သက်လုံး အချိန်ရှိသမျှလုံးပန်း အားထုတ်သွားခဲ့ပါတယ်။

ပုံပြင်ဆိုတာ အားလပ်နေတဲ့ ဘိုးဘွားမိဘတွေက ကလေးတွေငြိမ်အောင် ချော့သိပ်တဲ့အကြောင်းအရာတွေ၊ ကလေးအိပ်ရာဝင်စကားတွေလို့သာ တချို့က ထင်မှတ်ထားကြပါတယ်။ ခုခေတ်မှာ ဒီလောက်အမြင်မရှိကြတော့ပါ။ ပြည်သူ့အမွေ၊ ကမ္ဘာလူသားတို့ရဲ့ အမွေအဖြစ် ယုယပိုက်ထွေး လေ့လာနေကြပြီဖြစ်ပါတယ်။ သမိုင်းပညာရှင်ကြီးတွေ၊ မနုဿဗေဒပညာရှင်ကြီးတွေ၊ စာပေပညာရှင်ကြီးတွေဟာ ပုံပြင်တွေကို ရှုထောင့်အထွေထွေက လေ့လာနေကြပြီဖြစ်ပါတယ်။ ဒီလိုပုံပြင်တွေကို စုဆောင်းခဲ့သူတွေထဲမှာ အမျိုးအစားအစုံဆုံးနဲ့ အများဆုံးလို့ ဆိုရလောက်အောင် စုဆောင်းထားရစ်သူ ပညာရှင်ပုဂ္ဂိုလ်ကြီးမှာ ကျွန်တော့်ရဲ့ဦးလေး လူထုဦးလှပဲ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ကမ္ဘာကျော်ပုံပြင်ဆရာကြီးတွေ အများကြီးပါ။ ကိုယ်တိုင်တီထွင်ရေးသားသူတွေရှိသလို စုဆောင်းသူတွေလည်း ရှိပါတယ်။ ဦးလေးလောက် ထုထည်မများနိုင်ပါလို့ ဆိုရပါတယ်။ ခုအခါ နိုင်ငံတကာမှာ စွယ်စုံကျမ်းကြီးတွေ

mgyoe.com

mgyoe.com

မျိုးစုံ ထုတ်ပြီးကြပါပြီ။ ပုံပြင်အကြောင်း ရေးကြပြောကြရာမှာ ဦးလေး အကြောင်း ပါရှိနေပြီဖြစ်ပါတယ်။ ဦးလေး စုဆောင်းထားတဲ့ ပုံတွေကို နိုင်ငံတော်တော်များများမှာ ဘာသာပြန်ထားကြဖူးပါတယ်။ ရုရှား၊ အင်္ဂလိပ်၊ ဂျာမနီ၊ တရုတ်ပြည်၊ ဂျပန်ပြည်၊ ချက်ကိုဆလိုဗက်ပြည်၊ ပြင်သစ် စတဲ့ နိုင်ငံတွေမှာ ဘာသာပြန်ထားကြတယ်လို့ သိရပါတယ်။ ဦးလေးရဲ့ နာမည် မပါရှိသည့်တိုင်အောင် ဦးလေး စုဆောင်းထားတဲ့ပုံပြင်တွေကတော့ မပါမဖြစ် ပါ။

ဦးလေး စုဆောင်းထားတာတွေကို Folk Tales လို့ခေါ်ပါတယ်။ ဦးလေးလို ပုဂ္ဂိုလ်မျိုးကို Folklorist လို့ခေါ်ပါတယ်။ 'လူထုပုံပြင်' တဲ့။ လူထု အနုပညာကို လေ့လာစုဆောင်းသူလို့ ဦးလေးလို ပုဂ္ဂိုလ်မျိုးကို ခေါ်ကြ ပါတယ်။ ဦးလေးရဲ့ပုံပြင်တွေဟာ အင်ဒါးဆင်လို စာရေးဆရာ တစ်စုံတစ် ယောက်ရဲ့ ဖန်တီးရေးသားချက် မဟုတ်ပါ။ ပြည်သူလူထုရဲ့ နှစ်ပေါင်း များစွာ စုပေါင်းဖန်တီးမှု အနုပညာရပ်တစ်မျိုးဖြစ်ပါတယ်။ ပုံပြင်တစ်ပုဒ်ကို ပထမတော့ တစ်စုံတစ်ယောက်က တီထွင်ပြီးပြောခဲ့မှာပေါ့။ ပြီးတော့ ဟိုက ဖြည့် ဒီကဖြည့် ဝိုင်းဝန်းပြီး ဖြည့်ပြောကြရာက အများဆိုင် ရတနာ၊ လူထု ရတနာ ဖြစ်လာခဲ့တာပါ။ ဒါကြောင့် လူထုပုံပြင် လူထုရတနာက ပိုပြီး တန်ဖိုးကြီးပါတယ်။

ဦးလေးဟာ ကြီးပွားရေးမဂ္ဂဇင်းထုတ်ဝေခဲ့စဉ်က စပြီး ရွှေဘိုဗုံကြီးသံလို လူထုတေး Folk Songs များကိုလည်း စုဆောင်းခဲ့ဖူးပါတယ်။ မောင်း ထောင်းတေး၊ ကောက်စိုက်တေးများလည်း ပါဝင်ပါတယ်။ ဒီအလုပ်ကို ကျွန်တော့်ကို အမွေပေးခဲ့ပါတယ်။ ကျွန်တော်က မြင်းခြံ၊ နွားထိုးကြီး၊ မုံရွာ၊ ရွှေဘို၊ ရေဦး၊ မိုးကုတ်၊ မိုးမိတ်၊ ကျောက်ဆည် စတဲ့ အနယ်နယ်အရပ်ရပ် ကို ကွင်းဆင်းစုဆောင်းခဲ့ပါတယ်။ (ကျောက်ဆည်နယ်ကို အမေလူထု ဒေါ်အမာနဲ့အတူ ကွင်းဆင်းစုဆောင်းခဲ့ဖူးပါတယ်) ကျွန်တော် စုဆောင်း ထားတဲ့ရတနာတွေကို မြန်မာနိုင်ငံသုတေသနအသင်းကို အကုန်လှူလိုက်ပါ တယ်။ သုတေသနအသင်းဟာ (အင်္ဂလိပ်နယ်ချဲ့တွေလုပ်ခဲ့တာ) ဆိုပြီး မျိုးချစ်ပုဂ္ဂိုလ်ကြီး ဗိုလ်နေဝင်းက တစ်ရေးနိုးမှာ ဖျက်သိမ်းခိုင်းပြီး ပစ္စည်း တွေပါ သိမ်းယူလိုက်လို့ပါသွားခဲ့တာနဲ့ ခုတော့ အားလုံးဆုံးခဲ့ပြီ ထင်ပါ

mgyoe.com

mgyoe.com

တယ်။ လိုက်ရှာလို့ မရတော့ပါဘူး။ ဩော် စစ်အာဏာရှင်ဆိုတာ ထောင့်စုံအောင် ဖျက်ဆီးသွားခဲ့တာပါကလား။ ဒါကို ဦးလေး သိမသွားရှာပါ။ ကံကောင်းလေစွ။ ကျွန်တော့်အဖို့တော့ တစ်သက်တာဝမ်းနည်းစရာအကောင်းဆုံးဖြစ်ရပ်ပါပဲ (ထားပါတော့)။

ဦးလေးဟာ စာရေးဆရာ၊ သတင်းစာဆရာတစ်ယောက်အနေနဲ့ သူမတူအောင် လုပ်သွားခဲ့တာတွေ အများကြီးပါ။ သတင်းစာဆရာတိုင်း လုပ်ဆောင်နိုင်လိမ့်မယ်လို့ ထင်ရပြီး ဘယ်သတင်းစာဆရာမှ မလုပ်ခဲ့သေးတာတစ်ခုကိုလည်း ဦးလေးလုပ်သွားခဲ့ပါတယ်။ “အဲဒါကတော့ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်” ဆိုတဲ့ စာအုပ်တွဲတွေ ထုတ်သွားခဲ့တာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော် သတင်းထောက်၊ ကျွန်တော် ဗျူရိုကရက် စတဲ့ သူနေသွားခဲ့တဲ့ ဘဝတစ်လျှောက် လူမှုရေးသမိုင်းကဏ္ဍကို မှတ်တမ်းပြုသွားခြင်းပါပဲ။ စတီးပွဲစား၊ သံလွင်ဖောင်စီး စသည်ဖြင့် အကြောင်းအရာတွေလည်း ပါရှိပါတယ်။ လူမှုရေးသမိုင်းလို့ ဆိုနိုင်ပါတယ်။ အဲဒီကဏ္ဍကိုလည်း သတင်းစာဆရာတိုင်း လုပ်နိုင်လောက်အောင် လွယ်ကူတယ်လို့ထင်ရပေမဲ့ ဦးလေးတစ်ယောက်ပဲ လုပ်သွားနိုင်ခဲ့ပါတယ်။ ခရီးသွားစာပေဆိုတာလည်း ခရီးသွားသူတိုင်း စာတတ်ရင် ရေးလို့ရတာမျိုးလို့ ထင်ရပေမဲ့ ဘယ်နှယောက်က ဘယ်လောက်ရေးသွားခဲ့ပါသလဲ။ ဦးလေး အများကြီးရေးပြီး နမူနာပြသွားနိုင်ခဲ့ပါတယ်။

၁။ ပုံပြင်စာပေ၊ ၂။ ကျွန်တော်သတင်းထောက်လို လူမှုသမိုင်းစာပေ၊ ၃။ ထောင်စာပေ၊ ၄။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်ဆိုတဲ့ ခေတ်သမိုင်းအထောက်အထားစုစည်းမှု အဲဒီလေးမျိုးလေးကဏ္ဍကို ဦးလေးဟာ သူမတူအောင် စွမ်းဆောင်သွားခဲ့တယ်လို့ ရဲရဲပြောရပါတယ်။ အသက်တိုတယ်လို့ ပြောနိုင်ပေမဲ့ လုပ်သွားလိုက်တာတွေကဖြင့် ကျန်ရစ်သူတွေ လိုက်မမီနိုင်အောင်ပါပဲ။ ဦးလေးကို အားကျရင်းနဲ့ပဲ ခုဆိုရင် ကျွန်တော်တို့လည်း အသက် ၈၀ ထဲသာ ရောက်လာခဲ့တယ်။ ဘယ်မှာဘယ်လောက်လုပ်နိုင်လို့လဲ။ ကျွန်တော်တို့ လုပ်နိုင်သလောက် လုပ်ကြရမှာ ဦးလေးကိုအားကျတာတွေ အများကြီးပါခဲ့ပါလိမ့်မယ်။ ခု ဦးလေး ကွယ်လွန်

mgyoe.com

mgyoe.com

ခဲ့တာ ၃၆ နှစ်ရှိခဲ့ပါပြီ။ ၁၉၈၂ ခုနှစ် ဩဂုတ်လမှာ ကွယ်လွန်ခဲ့ပါတယ်။ ဒါကြောင့် ခု ဩဂုတ် ၇ ရောက်လို့ ဦးလေးကွယ်လွန်တာ ၃၆ နှစ်၊ နှစ်ပတ်လည်ပြည့်တဲ့နေ့မှာ အမှတ်တရ ဂုဏ်ပြုဂါရဝ အလွမ်းစာရေးလိုက်တာ ဖြစ်ပါတယ်။ ဦးလေး ရောက်ရာဘဝမှာ ပြည်သူ့အကျိုးပြုအလုပ်တွေ အများကြီးလုပ်နိုင်ပါစေ။

၂၀၁၈၊ ဩဂုတ် ၇

❑

mgyoe.com

m.gyoe.com

# ပန်းချီဆရာ ကာတွန်းဆရာ
# ထွန်းလှိုင်

မျက်မှောက်ခေတ် ပန်းချီကာတွန်းလောကမှာ ထွန်းလှိုင်ဆိုတဲ့ အမည်ကို ကြားဖူး၊ သိဖူးသူ အလွန်နည်းခဲ့ပါပြီ။ ပြောပလောက်အောင် ပုံတွေ မဆွဲဖူးလို့၊ မကျန်ရစ်လို့ လူသိနည်းတာဖြစ်မှာပေါ့လို့ ပြောလို့မဖြစ်ပါ။ သူ့လက်ရာ ပန်းချီသရုပ်ဖော်စာအုပ်တစ်အုပ်မှာ ၁၉၅၁ ခုနှစ်က ပထမဆုံး စာပေဗိမာန်စာပဒေသာဆုရခဲ့တဲ့ စာအုပ်ဖြစ်ပြီး ပန်းချီဆရာကြီးများနဲ့ သမိုင်းသုတေသီများရဲ့ စာအုပ်စင်မှာ မရှိမဖြစ် ထားရှိရတဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ သရုပ်ဖော်ရောင်စုံပုံတွေကလည်း နည်းနည်းနောနောမဟုတ်ပါ။ စာအုပ်တစ်ဝက်မက ပုံတွေနဲ့ ပြည့်နေတဲ့ စာအုပ်ပါ။ ကိုယ်တိုင်ရေးဆွဲတာတွေပါ။

စာအုပ်ရဲ့အမည်က 'ဆင်ယင်ထုံးဖွဲ့မှု' တဲ့။ 'ဆင်ယင်'တယ်ဆိုတာက အဝတ်အထည်ဝတ်ဆင်မှုကို ဆိုလိုတာဖြစ်ပြီး 'ထုံးဖွဲ့'တယ်ဆိုတာက ဆံကေသာဖြီးသင် ထုံးဖွဲ့မှုကို ဆိုလိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံသမိုင်း၊ ခေတ်အဆက်ဆက် ယောကျ်ားမိန်းမ ပျိုပျိုအိုအိုတို့ရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဆံပင်ထုံးဖွဲ့ပြင်ဆင်မှုများအကြောင်းကို သမိုင်းအထောက်အထား စာပေ၊ ပန်းချီ၊ ဓာတ်ပုံများနဲ့ဝေဝေဆာဆာ စုဆောင်းပြုစုရေးသားထားတဲ့ ကျမ်း

m.gyoe.com

mgyoe.com


ငယ်တစ်ဆူဖြစ်ပါတယ်။ စာအုပ်ကို ရေးသားပြုစုသူက 'ရွှေကိုင်းသား'တဲ့။ အမိပွာယ်က စစ်ကိုင်းမြို့သားလို့ဆိုလိုတာဖြစ်ပါတယ်။ နာမည်ရင်းက မောင်ထွန်းလှိုင်တဲ့။ ရဟန်းဘဝကို ဂျပန်ခေတ်မှာ ခံယူတော့ ဦးသောဘိတ ဘွဲ့ကိုခံယူပါတယ်။

'ရွှေကိုင်းသား' ကလောင်ဘွဲ့ခံ၊ ဦးသောဘိတ ပဉ္စင်းဘွဲ့ခံ မောင်ထွန်းလှိုင်ကို စစ်ကိုင်းမြို့၊ တကောင်းရပ်မှာ မြန်မာဆေးဆရာကြီး ဦးအုံ၊ ဒေါ်မြတို့က ခရစ်နှစ် ၁၉၁၂ ခုနှစ်မှာ မွေးဖွားခဲ့သူဖြစ်ပါတယ်။ တကောင်းရပ်ဆိုတာ စာရေးဆရာကြီး မဟာဆွေနဲ့ ဇေယျာမောင် (မန်းတက္ကသိုလ်ကျောင်းအုပ်ကြီး)တို့ မွေးဖွားနေထိုင်ခဲ့တဲ့ ရပ်ကွက်ပါ။ အဘိုးက မိုးတားဝန်ထောက်ဖြစ်ပြီး ပေပုရပိုက်စာပေအမွေတွေထားခဲ့လို့ ငယ်စဉ်ကတည်းက စာပေမွေ့လျော်သူဖြစ်ခဲ့ပါတယ်။ ညီအစ်ကိုမောင်နှမခြောက်ယောက်ရှိတဲ့အနက် မောင်ထွန်းလှိုင်က လေးယောက်မြောက်သားလတ်ဖြစ်ပါတယ်။ အစ်ကိုအကြီးဆုံး ဦးဘထွန်းက ဓာတ်မင်းသားကြီး၊ အစ်ကိုနံပါတ် ၃ ဦးဘကွန်းက ညိုချောဘွဲ့ခံ စာရေးဆရာ၊ မောင်ထွန်းလှိုင်အောက် အမှတ်စဉ်နံပါတ် ၅၊ နှမဖြစ်သူ မသိန်းရဲ့ခင်ပွန်းက ဆရာအတတ်သင်ကောလိပ် လက်မှုပညာနည်းပြဆရာ ဦးဘသန်းဖြစ်ပါတယ်။ ဦးဘသန်းဆီက ပန်းချီနဲ့ ဓာတ်ပုံပညာသင်ယူခဲ့ရပါတယ်။ ညီအငယ်ဆုံး ကိုထွန်းမြိုင်ကလည်း ပန်းချီနဲ့တံဆိပ်ထုအလုပ်ကို လုပ်သူပါ။ ဒါကြောင့် မောင်ထွန်းလှိုင်ဟာ မျိုးရိုးအရ စာပေနဲ့ အနုပညာမျိုးရိုးဖြစ်ပါတယ်။

ခေတ်ပညာအနေနဲ့တော့ ငွေကြေးမတတ်နိုင်လို့တဲ့ သတ္တမတန်းအောင်ရုံပဲသင်ခဲ့ရပါတယ်။ ဆရာ ဦးဘသန်းဆီက အသက်မွေးဝမ်းကျောင်း ပန်းချီပညာနဲ့ ဓာတ်ပုံပညာအပြင် ဗေဒင်ပညာနဲ့ နက္ခတ်ကြည့်နည်းပညာများကိုပါ သင်ယူခဲ့ဖူးပါတယ်။ ၁၉၂၈ ခုနှစ်မှာ သတ္တမတန်းအောင်ခဲ့ပြီးနောက် ၁၉၃၀ မှာ ပျဉ်းမနားမြို့က တစ်နှစ်သင်၊ ယောကျ်ားလေး နော်မန်ကျောင်းက မူလတန်းဆရာဖြစ်ကို အောင်မြင်ခဲ့ပေမဲ့ တပည့် ကျောင်းသားများကို မျက်နှာမူပြီး စာသင်ရမှာ အလွန်ရှက်တတ်လို့ ကျောင်းဆရာ မလုပ်ဖြစ်ဘဲ ကံအားလျော်စွာရရှိတဲ့ ကမ္ဘည်းကျောက်စာရုံး (ရှေးဟောင်းသုတေသန)ဌာနမှာ ပန်းချီဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ကမ္ပည်း

mgyoe.com

ကျောက်စာဌာနဟာ အင်္ဂလိပ်အစိုးရက မန္တလေးမှာ အသစ်ဖွင့်လှစ် တည်ထောင်တဲ့ ရှေးဟောင်းသုတေသနဌာနပါ။ ပန်းချီ၊ ပန်းပုစတဲ့ မြန်မာ့ ရိုးရာပန်းဆယ်မျိုး အနုပညာရပ်များကို ကူးယူမှတ်တမ်းတင်ခြင်း၊ ကျောက်စာများကို ဖတ်ရှုမှတ်တမ်းတင်ခြင်း၊ ဘုရားပုထိုးများကို ဓာတ်ပုံရိုက်၊ ပုံစံထုတ်၊ ပန္နက်ပုံကူးခြင်း စတဲ့အလုပ်များကို လုပ်ရပါတယ်။ ကျောက်စာဝန်ခေါ် ညွှန်ကြားရေးမှူးတွေ အဆက်ဆက်ကတော့ ပြင်သစ်လူမျိုး ချားလ်စ်ဒူရွိုက်ဇယ်၊ ဦးမြ၊ ဦးလူဖေဝင်းတို့ဖြစ်ပြီး သူတို့လက်အောက်မှာ ၁၉၃၁ ခုနှစ်က ၁၉၄၂ ခုနှစ်အထိ နှစ်ပေါင်း ၁၁ နှစ်မျှ အမှုထမ်းခဲ့ပါတယ်။ ကမ္ဘည်းကျောက်စာဌာနမှာ ဘုရားပုထိုးတွေရဲ့ ပုံကို ပန္နက်ပုံ၊ ဘေးဖြတ်ပုံ စသည်ထုတ်ရ၊ ကူးရပါတယ်။ နံရံဆေးရေးပန်းချီပုံများကိုလည်း ကူးရပါတယ်။ ဒီပညာတွေကို မူလက ဗိသုကာဖြစ်တဲ့ ဦးမြက လက်ထပ်သင်ကြားပေးတဲ့အပြင် ကျောက်စာ၊ ပျူစာဖတ်နည်းများကိုလည်း သင်ကြားပေးပါသေးတယ်။

ဦးမြလက်ထက်မှာ ပုဂံမြို့ဟောင်း မြင်းကပါရပ်ရှိ အပယ်ရတနာ ဘုရားထဲက နံရံပန်းချီကားများကို အဓိကထားကူးယူခဲ့ရဖူးပါတယ်။ ဘုရားစေတီများက ပန်းချီ၊ ပန်းပုများကိုသာမက ယွန်းထည်များ၊ ခြေတော်ရာများမှစလို့ ပန်းဆယ်မျိုးအနုပညာ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းယွန်း၊ ပန်းပွတ်စတဲ့ ပုံများကိုလည်း ကူးယူမှတ်တမ်းတင်ခဲ့ရပါတယ်။ ကူးယူရာမှာ ခုခေတ်လို စက်လှေကား၊ လျှပ်စစ်မီး၊ ပုံကူးစက္ကူ စတာတွေ မရှိသေးလို့ ဝါးလှေကားကို ဖယောင်းတိုင်မီးတို့နဲ့ ကြံသလို ကူးယူခဲ့ရတာတွေ လုပ်ခဲ့ရပါတယ်။ ရှေးဟောင်းသုတေသနဌာနဆိုတာ ပေါ်ခါစမို့ ဘာလုပ်မှန်းမသိဘဲ သိုက်တူးသမားတွေထင်မှတ်လို့ အရပ်သားတွေက ရန်မူတာခံကြရပြီး ပုလိပ်(ရဲ) အစောင့်အရှောက်နဲ့တောင် အလုပ်လုပ်ခဲ့ရဖူးပါသတဲ့။

ရှေးဟောင်းသုတေသနဌာန (ကမ္ဘည်းကျောက်စာဌာန) အရာရှိတွေ ဝန်ထမ်းတွေက စာပေသမားတွေဖြစ်ကြလို့ ဆရာများထံက စာပေများလည်း လေ့လာဆည်းပူးခွင့်ကို မောင်ထွန်းလှိုင်ကံကောင်းထောက်မစွာ ရရှိခဲ့ပါတယ်။ ဦးမြနဲ့ ဦးလူဖေဝင်းတို့က အလုပ်ပညာရော စာပေပညာတွေပါ သင်ပေးခဲ့လို့ တက္ကသိုလ်ကသင်ခဲ့ရတဲ့ ဘွဲ့ရသမိုင်းပညာရှင်တွေထက် မြန်မာ

mgyoe.com


သမိုင်း၊ မြန်မာမှု၊ မြန်မာ့ဓလေ့ လေ့လာမှုမှာ ထွန်းပေါက်ခဲ့ပါတယ်။ ရွှေကိုင်းသား၊ ဦးသောဘိတ အနေနဲ့ ပြုစုခဲ့တဲ့ စာအုပ်၊ စာပေများဟာ ဝိဇ္ဇာ၊ မဟာဝိဇ္ဇာနဲ့ ပါရဂူသုတေသီများအထိ လက်စွဲပြုဖတ်ရှုကိုးကားရတဲ့ စာပေတွေဖြစ်လာခဲ့ပါပြီ။ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးတာတွေလည်း အများကြီးပါ။

ရွှေကိုင်းသား မောင်ထွန်းလှိုင်ဟာ ပန်းချီပညာ ရှုထောင့်က ပြောရရင် မြန်မာနိုင်ငံ ကိုလိုနီခေတ်ဟောင်းနဲ့ လွတ်လပ်ရေးခေတ်ဦးမှာ ပေါ်ထွန်းလာခဲ့တဲ့ ပထမဦးဆုံး မြန်မာ့ရိုးရာပန်းချီအနုပညာရှင်လို့ ပြောနိုင်မယ်ယူဆပါတယ်။ သူ့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကိုက ရှေးဟောင်းပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့ စတဲ့ ပန်း ၁၀ မျိုး အနုပညာတွေကို ကူးယူမှတ်တမ်းတင်ရတဲ့အလုပ်ဆိုတော့ တချို့ပုံတွေကို မူရင်းပုံနဲ့တူအောင် အလွတ်ပြန်ဆွဲနိုင်သည်အထိ ရှေးရိုးမြန်မာပန်းချီကို နိုင်နင်းခဲ့ပါတယ်။ ဓာတ်ပုံပညာမှာလည်း ကိုလိုနီခေတ်က ဈေးအပေါဆုံး 'ဘရောင်နီ ကင်မရာ' ကိုသာ သုံးနိုင်သူဖြစ်ပေမဲ့ မြန်မာနိုင်ငံတွင်းသာမက ပြည်ပဓာတ်ပုံ ပြိုင်ပွဲတွေမှာပါ ကိုယ်တိုင်ရိုက်၊ ကိုယ်တိုင်ကူးဆေးပြီး ပြိုင်ပွဲဝင်ခဲ့ရာမှာ အဆင့်မြင့်ဓာတ်ပုံပညာဆုတွေလည်း ရခဲ့ဖူးသူဖြစ်လာခဲ့ပါတယ်။

စာပေစတင်ရေးသားတာကတော့ ၁၉၃၂ ခုနှစ်လောက်မှာ ဖြစ်ပါတယ်။ ရတနာပုံ လှိုင်ခင်အေး ကလောင်အမည်နဲ့ 'သူရိယရုပ်စုံသတင်း'မှာ သမိုင်းရာဇဝင်ဆောင်းပါးတွေ စတင်ရေးသားရာက ကလောင်သွေးဖြစ်ခဲ့ပါတယ်။ ရတနာပုံလှိုင်ခင်အေး အမည်နဲ့ပဲ 'သူရိယမဂ္ဂဇင်း' မှာလည်း ဆက်လက်ကလောင်သွေးခဲ့ပါတယ်။ 'ရွှေကိုင်းသား' ကလောင်အမည်ကိုတော့ ၁၉၃၆ ခုနှစ်မှာ ကြီးပွားရေးမဂ္ဂဇင်းက စပြီးအသုံးပြုရေးသားခဲ့ပါတယ်။ ကြီးပွားရေးဆိုတာ နောင်အခါ လူထုဦးလှဖြစ်လာတဲ့ ကြီးပွားရေးမောင်လှ တည်းဖြတ်ထုတ်ဝေတဲ့ မဂ္ဂဇင်းဖြစ်ပါတယ်။ ကြီးပွားရေးမှာ ဦးလှနဲ့ ခင်မင်ရင်းနှီးလာပြီးနောက် ထွန်းလှိုင်အမည်ရင်းနဲ့ ကာတွန်းပုံများ ရေးဆွဲခဲ့ဖူးတာကိုလည်း တွေ့ရဖူးပါတယ်။ ကျွန်တော် မူလတန်းကျောင်းသားအရွယ်လောက်က ကြီးပွားရေးမဂ္ဂဇင်းမှာပါတဲ့ ထွန်းလှိုင်ရဲ့ ဟာစ်တလာကယ်ရီကေးချားပုံကို ကူးဆွဲခဲ့ဖူးပါတယ်။ မျက်ခုံးတစ်ဖက်မှာ ဆံပင်အုပ်ပြီး နှာတံအောက်ခြေမှာ

mgyoe.com

mgyoe.com


နှုတ်ခမ်းမွေးဖုတ်စုလေးပါတဲ့ ဟစ်တလာရဲ့ပုံကို ဒီနေ့အထိ ပြန်ဆွဲနိုင်ပါသေးတယ်။

ကြီးပွားရေးမဂ္ဂဇင်းမှာ သမိုင်းရာဇဝင်ရေးရာ ဆောင်းပါးတွေကိုရေးရင်း ဦးလှ၊ ဒေါ်အမာတို့နဲ့ ရင်းနှီးခင်မင်လာခဲ့ပါတယ်။ နောင်အခါ လူထုသတင်းစာ၊ လူထုဂျာနယ်၊ မန္တလေး ဟံသာဝတီသတင်းစာ (ဦးဝင်းတင် အယ်ဒီတာလုပ်တဲ့အခါ) ဆက်လက်ရေးသားပါတယ်။ ကြီးပွားရေးမဂ္ဂဇင်းမှာ ကျွန်တော့်အဖို့ မျက်စိကျစရာဖြစ်တာကတော့ ကောက်စိုက်သီချင်းပုံကြီးသံများ ဖြစ်ပါတယ်။ 'ရွှေဘိုပုံကြီးသံများ'လို့လည်းခေါ်ပါတယ်။ ကျွန်တော် ရွှေဘိုခရိုင်တန့်ဆည်မြို့မှာ ကျောင်းဆရာလုပ်တုန်းက ပုံကြီးသံတွေ ဆက်လက်စုဆောင်းပြီး လူထုသတင်းစာမှာ ဖော်ပြခဲ့တာဟာ ရွှေကိုင်းသားရဲ့ အမွေခံအလုပ်ပါပဲ။ ကြီးပွားရေးမှာ ပါခဲ့တဲ့ပုံကြီးသံနဲ့ နောက်ထပ် ကျွန်တော်စုဆောင်းထားတာတွေပါ ပေါင်းပြီး အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းစာစဉ်တစ်ခုအဖြစ် 'လယ်ကွင်းထဲက လူထုတေး' ဆိုတဲ့ စာအုပ်ကလေးတစ်အုပ် ထုတ်ခဲ့ဖူးပါတယ်။ ကျွန်တော် ဒီနေ့အထိ ပုံကြီးသံတွေ စုဆောင်းရာမှာ အများဆုံးစုဆောင်းသူဖြစ်သည်အထိ စုဆောင်းခဲ့တာဟာ ကြီးပွားရေးမဂ္ဂဇင်း ရွှေကိုင်းသားရဲ့ အမွေခံတာဖြစ်တဲ့အပြင် ဒီနေ့အထိ ကာတွန်းရုပ်ကလေးတွေကို ကူးဆွဲလို့မဆုံးဖြစ်နေတာဟာလည်း ကြီးပွားရေးက ထွန်းလှိုင်ရဲ့အမွေကို ခံတာဖြစ်ကြောင်း သတိပြုမိလို့ ဒီဆောင်းပါးကို ရေးလိုက်တာပါ။

ကျွန်တော်ဟာ ကာတွန်းဆရာတိုင်းနဲ့ခင်ပါတယ်။ ကာတွန်းဝင်းအောင်ဆိုရင် မန္တလေးသားဖြစ်တဲ့အပြင် ရန်ကုန်မှာလည်း တစ်ရပ်တည်းလို နေခဲ့သူဖြစ်ရာ ညီလေးတစ်ယောက်လို ခင်မင်ရင်းနှီးပါတယ်။ သူက ကာတွန်းသမိုင်းဆိုပါတော့၊ ကာတွန်းဆရာတွေအကြောင်းကို စုပြီး စာအုပ်ကလေးရေးပါတယ်။ မန္တလေးက ဝင်းဖေ၊ ပေါ်ဦးသက်တို့ အကြောင်းကို နောက်တစ်အုပ်မှာရေးမယ်လို့ ဆိုပါတယ်။ သူနဲ့ ရင်းနှီးမယ်မထင်တဲ့ ထွန်းလှိုင်အကြောင်းကို သိသမျှ ရေးလိုက်တာပါ။ သူ့ဖို့ ရည်ညွှန်းရင်း ဆရာတော်ရွှေကိုင်းသား အလွမ်းပြေ ရေးမိတာပါ။

ထွန်းလှိုင်ဆိုတဲ့ ကာတွန်းဆရာဟာ ဘယ်သူလဲ၊ ဘယ်လိုလူလဲ ဆိုတာလည်း လူငယ်တွေသိရအောင် ရေးတာပါ။ ကြီးပွားရေးမှာ ရေးဆွဲခဲ့တဲ့

mgyoe.com

mgyoe.com


ကာတွန်းဆရာပါ။ ကြီးပွားရေးဟာ ဦးဘဂျမ်းရဲ့ လက်ရာကာတွန်းများကို လည်း ကြီးပွားရေးမှာ ဖော်ပြခဲ့ပြီ။ မြန်မာစာအုပ်သမိုင်းမှာ ပထမဦးဆုံး ကာတွန်းစာအုပ် ကိုပြုံး မပြုံး ကာတွန်းပေါင်းချုပ် စာအုပ်ငယ်ငယ်နဲ့ မော်ကွန်းထိုးခဲ့ပြီး လူထုဝင်းဖေကာတွန်းစာအုပ်များကိုလည်း ဒီဘက်ခေတ်မှာ ထုတ်ခဲ့ဖူးပါတယ်။ ရွှေကိုင်းသားနဲ့ ဦးလှ ဒေါ်အမာတို့ဟာ မောင်နှမ အရင်းလို ခင်ပါတယ်။ ဒေါ်ဒေါ် ဒေါ်အမာနဲ့ ဦးသောဘိတတို့ဟာ နောင်ဘဝတွေမှာ မောင်နှမတော်ရပါစေသားလို့ နှစ်ဦးစလုံးက ဆုပန်ခဲ့ကြဖူးပါတယ်။ တစ်သက်လုံး စာပေအနုပညာတာဝန်တွေကို အတူထမ်းဆောင်သွားခဲ့ကြပါတယ်။

ရွှေကိုင်းသား စာပေဗိမာန်ဆုရတဲ့ ဆင်ယင်ထုံးဖွဲ့မှုကျမ်းဟာ လူထုတိုက်ကထုတ်တာပါ။ ရွှေကိုင်းသားဟာ လူထုတိုက်ကထုတ်တဲ့ သခင်ကိုယ်တော်မှိုင်း၊ ဦးလှ၊ ဒေါ်အမာတို့ရဲ့ စာအုပ်များကိုလည်း တည်းဖြတ်အမှာစာတွေရေးနိုင်လောက်အောင် စာပေအဆင့်အတန်း မြင့်သူတစ်ဦးပါ။ ဒါကြောင့် ဒေါ်အမာက ရွှေကိုင်းသားကို ကြိုးစားလို့ အောင်မြင်သူလို့ မှတ်ချက်ချခဲ့ဖူးပါတယ်။ ဆရာတော်ဟာ စစ်ကိုင်းတောင်၊ အနုရုဒ္ဓါချောင်မှာ တစ်ပါးတည်း ကေစာ ကျင့်ခဲ့ပါတယ်။ ဓားပြတွေ ရိုက်တာခံရလို့ ဒဏ်အနာတရဖြစ်တာနဲ့ အသက်တိုခဲ့ရတာ ဖြစ်ပါတယ်။ လယ်တီဦးကောဝိဒခေါ် 'ကဝိဘာရတီ' ကျမ်းပြုဆရာတော် (ပုပ္ပားဦးကျော်ရင်)လည်း ဓားပြတွေသတ်လို့ အသက်ဆုံးရှုံးခံရတာပါ။ နမြောမဆုံးပါ။

ပထမဦးဆုံး မြန်မာ့ရိုးရာ ပန်းချီဆရာ ရွှေကိုင်းသား၊ ကြီးပွားရေးမဂ္ဂဇင်းကာတွန်းဆရာ ကိုထွန်းလှိုင် နိဗ္ဗာန်မရောက်မီ ကြားကာလမှာ ဘဝဆက်တိုင်း ပန်းချီအနုပညာရှင် စာရေးဆရာဖြစ်ပါစေသတည်း။ သူတို့ ဆုတောင်းသလို ဘဝဆက်တိုင်း လူထုမောင်နှံနဲ့အတူ စာပေအနုပညာအကျိုး ထမ်းရွက်နိုင်ကြပါစေသတည်း။

၂၀၁၇၊ အောက်တိုဘာ ၁၉

❑

mgyoe.com

mgyoe.com

# မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင်
# ဦးအေးမြင့်

ကျွန်တော်တို့ နှုတ်ဆွဲနေတာကတော့ မြန်မာ့ရိုးရာဒီဇိုင်းပညာရှင် ဦးအေးမြင့်ပါပဲ။ ဒါပေမဲ့ နောက်ပိုင်းမှာ 'မြန်မာမှု ဒီဇိုင်းသုတေသီ' ဦးအေးမြင့် လို့ အမည်ခံပြီး ဆောင်းပါးတွေရေးလာတာကို တွေ့ရပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် မြန်မာလူမျိုးတိုင်း လေးလေးစားစားသိရှိနေကြတာကြောင့် မြန်မာ့ ရိုးရာပန်းချီမှုရယ်လို့ စကားစလိုက်ရင် ဦးအေးမြင့်ဆိုတဲ့ နာမည်တစ်လုံးကိုပဲ ထိပ်ဆုံးက မြင်ယောင်ကြားယောင်ဖြစ်လာကြမှာ မလွဲပါဘူး။

မြန်မာပြည်တစ်ဝန်း ဘယ်သွားသွား ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ နာရီစင် စတဲ့ အဆောက်အအုံတွေ၊ ဘာသာရေး မင်္ဂလာဆောင်ခြင်းတွေကအစ တံဆိပ်ခေါင်းတွေအထိ သူ့လက်ရာနဲ့မကင်းပါဘူး။ သူ မွေးဖွားတဲ့အရပ်ဒေသကိုက မြန်မာ့ယဉ်ကျေးမှု ဗဟိုလို့ဆိုလေ့ရှိတဲ့ မန္တလေး မဟုတ်လား။ မန္တလေးမှာက ဘယ်ကြည့်ကြည့် 'ကနုတ်၊ ကပီ၊ နရီ၊ ဂဇာ' ဆိုတဲ့ ရိုးရာအနုပညာလက်ရာတွေက လွှမ်းမိုးနေတဲ့နေရာပေပဲ။ ဒါကြောင့် ဦးအေးမြင့်မှာ မြန်မာမှု ကနုတ်ပန်းအလှဆိုင်ရာ အနုပညာအခြေခံတွေက မွေးရာပါလို ဖြစ်နေခဲ့ပါတယ်။ သူ့ဆရာတွေကလည်း မန္တလေးကပါပဲ။ ဦးကြွယ်လေး၊ ဘဏ်ဦးခင်မောင် စတဲ့ ဆရာကြီးတွေဖြစ်ပါတယ်။ ပျဉ်းမနား

mgyoe.com

mgyoe.com


ဦးလှနဲ့ အမေရိကန်ပြည်က ပန်းချီဆရာကြီးတွေဆီကလည်း ပန်းချီသင်တန်းကို စာပေးစာယူနဲ့ သင်ခဲ့ဖူးပါတယ်။ ဝင်းဖေ၊ ပေါ်ဦးသက်တို့လိုပဲပေါ့။ ဦးခင်မောင်ဆိုတာကတော့ မန္တလေးရဲ့ မော်ဒန်အတက်ခေါ် ခေတ်သစ်ပန်းချီကို စနစ်တကျ လေ့လာဖြန့်ချိပေးခဲ့တဲ့ ဆရာကြီးပါ။ ဦးအေးမြင့်က မော်ဒန်သမား ဖြစ်မလာပါ။

ဦးအေးမြင့် စတင်အလုပ်လုပ်ဖူးတာကိုက ဒီဇိုင်းဆရာအဖြစ်နဲ့ပါ။ အမရပူရ၊ ဆောင်းဒါးရက်ကန်းကျောင်းမှာ နှစ်ပေါင်း ၂၀ ကျော် ၂၃ နှစ်တိုင်တိုင် ဒီဇိုင်းဆရာအဖြစ်နဲ့ အလုပ်လုပ်ခဲ့ပါတယ်။ ဒီနောက်တော့ ဝါဇီခေါ်တဲ့ အစိုးရပုံနှိပ်လုပ်ငန်း (ငွေစက္ကူ တံဆိပ်ခေါင်း စတဲ့)မှာလည်း လုပ်ဖူးတယ်လို့ မှတ်လိုက်ဖူးပါတယ်။ ထင်ပေါ်လို့ စင်တော်က ကောက်ဆိုသလို မင်းသုံးတော်ဝင် ပန်းချီဆရာကြီးဖြစ်လာပြီး နိုင်ငံခြားတိုင်းပြည်ကြီးတွေကို မြန်မာ့ထုတ်ကုန်၊ မြန်မာ့အနုပညာ စတဲ့ ပြပွဲကြီးတွေ ထွက်ရတဲ့အခါမှာလည်း ပြခန်း၊ မဏ္ဍပ်စတာတွေ ပြင်ဆင်ပြသဖို့ရာ လိုက်ပါရပါတယ်။ ဒီလိုနဲ့ အီတလီ၊ အင်္ဂလန်၊ ဂျပန်နိုင်ငံတွေကို ရောက်ဖူးခဲ့ရပါတယ်။ သူ့ဖခင် (ဦးကျော်) က ဂျပန်ပစ္စည်းအရောင်းကိုယ်စားလှယ် လုပ်ခဲ့ဖူးလေတော့ အဖေနဲ့အတူ သူလည်း ဂျပန်စကား ထမင်းစား ရေသောက်တတ်နေပါတယ်။ ဂျပန်ခေတ်မှာ သူ့အသက်က ဆယ်ကျော်သက် အရွယ်ဆိုတော့ ဂျပန်စကားပြောသင်တန်းတွေကိုလည်း တက်ဖူးလောက်ပါတယ်။ သူ့အောက်သုံးလေးနှစ်ငယ်တဲ့ တင်မိုးတောင် ဂျပန်စကား တတ်ခဲ့သေးတာကိုး။

"ထင်ပေါ်လို့ စင်တော်က ကောက်တာခံရတယ်" လို့ ကိုယ့်မိတ်ဆွေကို ကိုယ်မှမ်းရပေမဲ့ စင်တော်ကောက်ခံရသူတို့ရဲ့ ထုံးစံအတိုင်း 'စင်တော်ငေါက်'လည်း ခံခဲ့ရပါတယ်။ သူ စင်တော်ကောက်ခံရတာက စစ်အစိုးရတွေရဲ့ ခေတ်ပေကိုး။ ဒီပုဂ္ဂိုလ်တွေက ဦးနုတို့၊ ဦးသန့်တို့ ခေတ်ကလို အနုပညာရှင်တွေကို လေးစားတတ်တာမှ မဟုတ်ဘဲကလား။ အရိုင်းအစိုင်းတွေ။ အနုပညာရှင်တွေကို သူတို့ငေါက်ဖက် ကျေးကျွန်တွေလောက်ပဲ သဘောထားပေတာကိုး။ ထုတ်ကုန်ပြခန်းတွေအတွက် ကရဝိက်ဖောင် စတဲ့ ပုံစံဒီဇိုင်းတွေကို ပုံကြမ်းဆွဲပြီးတင်ပြရတော့ ဗိုလ်နေဝင်းကတော် ဒေါ်ခင်မေသန်းဆီမှာ ပြရသတဲ့။ တစ်နေ့တော့ သူ့ဒီဇိုင်းတွေကို 'အိမ်တော်' သွားပြရ

mgyoe.com

mgyoe.com


တယ်။ ကြမ်းပြင်ပေါ်မှာ ခင်းပြရတော့ ပန်းချီဆရာက ကြမ်းပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်ရင်း ပြရတယ်။ ဒေါ်ခင်မေသန်းကတော့ မတ်တတ် ခါးထောက်ရပ်ရင်းက ဒီဇိုင်းပန်းချီကားတွေကို ခြေဦးနဲ့ ထိုးထိုးပြီး ဟိုရွှေ့ ဒီရွှေ့ ကြည့်သတဲ့။

သွားလေသူ ဗိုလ်ခင်ညွန့် လက်ထက်မှာတော့ ရွှေတိဂုံတောင်ဘက်မုခ် စောင်းတန်းလှေကားအနောက်ဘက်မှာ အလုပ်ရုံလေးဆောက်ပြီး တပည့် လက်သား ပန်းတမော့၊ ပန်းပု၊ ပန်းပွတ်လက်သမားတွေနဲ့ အလုပ်လုပ်ရ ပါတယ်။ ပြီးတော့ ဗိုလ်ခင်ညွန့်က စစ်ဆေး'ရှုစားတော်'မူတယ်။ သူ့ကို နမူနာ ဒီဇိုင်းပြတုန်းကတော့ စာရွက်ပေါ်မှာဆိုတော့ ပုံကသေးတယ်။ စောင်း တန်း မျက်နှာကြက်မှာကျတော့ ကျယ်သွားတယ်။ ဒါကြောင့် ထောင့်ကွေး တွေမှာ ဟာကွက်ကလေးတွေဖြစ်နေလို့ ကောင်းနိုးရာရာ ကနုတ်ပန်းကလေး တွေဖြည့်ထားတယ်။ ဒါကို ဗိုလ်ခင်ညွန့်က မြင်မိအောင်မြင်တော့ သူ့ဖအေ လောက်ရှိတဲ့ (ဆရာတစ်ဆူလည်း ဖြစ်တဲ့)ဦးအေးမြင့်ကို အင်္ကျီလည်ပင်းက ဆောင့်ဆွဲပြီး "ဒါ မင်းဘာလုပ်တာလဲ။ ဘာလူပါး၀တာလဲ။ ဓာတ်ရိုက် ဓာတ်ဆင် လုပ်တာလား" လို့ မေးသတဲ့။ ဦးအေးမြင့် ရှင်းပြတာတောင် မရဘဲ ရှုံးရှုံးရှားရှားဖြစ်သွားသတဲ့။ ထိုးမယ်၊ ကြိတ်မယ်တောင် လုပ်သေး သတဲ့။ ဒင်းလည်း ၀ဋ်လည်တာပါပဲ။ အဲဒီကစပြီး ဦးအေးမြင့် အမရပူရကို ပြန်ဖို့စိစဉ်တယ်လို့ ကြားလိုက်ရပါတယ်။ ဦးအေးမြင့်လည်း အမရပူရ၊ မဟာ ဂန္ဓာရုံအ၀င်၀မှာ တိုက်ကလေးတစ်လုံးဆောက်တယ်။ အဲဒီတိုက်ကလေးမှာ ရွှေ့နေပါတယ်။ တိုက်သစ်ကလေးကိုတော့ ကျွန်တော် မရောက်ဖူးလိုက်ပါ ဘူး။ ကျွန်တော်တို့ ဆရာဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ကပြောပြဖူးတာ တွေပါ။ ၂၀၁၅ ခုနှစ်မှာ ပြန်မှရောက်ဖူးခဲ့ပါတယ်။

တောင်သမန်(အမရပူရ) ကိုရောက်တော့ စိတ်ပျက်စရာတစ်ကွက်ကြုံ ရသေးသတဲ့။ သူက ပန်းချီအနုပညာရှင်တစ်ဦးပီပီ စိတ်ကူးကလည်း တယ် ယဉ်သကိုး။ မဟာဂန္ဓာရုံ အရှေ့ဘက် တောင်သမန်အင်းစောင်းက ဆက် သွားတော့ သဲသောင်အကျယ်ကြီးရှိတယ်။ ကျောက်တော်ကြီး ဘုရားနဲ့ မျက်နှာချင်းဆိုင်ပေါ့။ သူသေရင် အဲဒီသောင်ပြင်မှာ မီးသင်္ဂြိုဟ်ဖို့ သူ့မိသားစု ကို မှာခဲ့မယ်တဲ့။ ခု အဲဒီသောင်ပြင်က မရှိတော့ဘူး။ သက်ဆိုင်ရာ ဗိုလ်မှူးက

mgyoe.com

mgyoe.com


(တိုးရစ်အထရက်ရှင်) နိုင်ငံခြားဧည့်သည်တွေ ဆွဲဆောင်မှုရှိအောင် တောင်သမန်အင်းကြီးထဲကို ဧရာဝတီမြစ်ဘက်က ရေတွေ ဖောက်သွင်းပြီး ရေအမြဲပြည့်အောင် စီမံဖန်တီးလိုက်သတဲ့။ ဒါနဲ့ ရိုးရာအလှရော၊ စိုက်ခင်းတွေရော ပျက်ပါလေရော။ ဦးအေးမြင့်ရဲ့ အသေလှလှ စီမံချက်လည်း ပျက်ပါလေရော တဲ့။ အဲဒါတွေက ဦးအေးမြင့်ရဲ့ ဘဝအတက်အကျ ဇာတ်လမ်းတွေပါ။ ကျွန်တော်ကတော့ နာကြည်းလို့ မှတ်တမ်းတင်တာပါ။

ဦးအေးမြင့်ကို ကျွန်တော်တို့ စသိတာက ကျွန်တော်တို့တစ်တွေ တက္ကသိုလ်ကျောင်းသားဘဝမှာပေါ့။ မန္တလေးဈေးချိုတော် 'အေရုံ'ရဲ့ အနောက်ဘက် (မွေ့ရာတန်းအပြင်ဘက်) မှာ စန်းသော်တာစာအုပ်ဆိုင်ကလေး ရှိတယ်။ ဈေးချိုတော် တောင်ဘက်တန်းမှာတော့ အမျိုးသားစာအုပ်ဆိုင်နဲ့ မိုးဦးပန်းစာအုပ်တိုက်ရှိတယ်။ 'မိုးဦးပန်း'စာအုပ်တိုက်က ကြီးကြီးကျယ်ကျယ် မဟုတ်ပေမဲ့ မောင်မိုးသူရဲ့ဆိုင်လေ။ အဲဒီနေရာတွေက စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတဆရာတို့ရဲ့ ဆုံရပ်ပါ။ စာအုပ်ဆိုင်မှာ မတ်တတ်နေကြရတာ ကြာသွားရင်၊ လူတွေလည်းစုံရင် မွေ့ရာတန်းကြားထဲက 'ကျော်လှိုင်ကဖေး' ဆိုတဲ့ လက်ဖက်ရည်ဆိုင်လေးမှာ တမေ့တမော ထိုင်လေ့ရှိကြတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ ဦးအေးမြင့်လည်း ပါတယ်။ သူက ကျွန်တော်တို့ထက် ၇ နှစ်ကြီးတယ်။ ၁၉၃၀ ခု၊ ဖေဖော်ဝါရီ ၂ ရက်ဖွားတာကိုး။ ကျွန်တော်တို့အဖွဲ့က ၁၉၃၇ ဖွားကြတာတွေ များပါတယ်။

ခုလို ဆောင်းပါးရေးတော့သာ ဂါရဝတရားနဲ့ အများခေါ်ကြသလို ဦးအေးမြင့်လို့ခေါ်ပေမဲ့ ကျွန်တော်တို့အားလုံးက ကိုအေးမြင့်ပဲ ခေါ်ကြတာ။ ကိုအေးမြင့်က အရပ်ထောင်ထောင်မတ်မတ် နဖူးကျယ်ကျယ် နှုတ်ခမ်းမွေးနဲ့ မျက်မှန်နဲ့။ ဇာတ်ထဲမှာ ဗန္ဓုလစစ်သူကြီး လုပ်ဖို့ကောင်းတဲ့ ဉပဓိရုပ်ပိုင်ရှင်ပါ။ ဒါပေမဲ့ ထာဝရအပြုံးပိုင်ရှင်လည်း ဖြစ်ပါတယ်။ အလွန်သဘောကောင်းတယ်။ လူတိုင်းကို ကူညီတတ်တယ်။ ကျွန်တော်တို့တစ်တွေကလည်း ဟိုစပ်စပ် ဒီစပ်စပ်နဲ့ လုပ်ချင်တာလေးတွေက များတယ်။ စာအုပ်ထုတ်ကြလို့ ပန်းချီကိစ္စပေါ်ရင် ကိုအေးမြင့်၊ ကိုဝင်းဖေ၊ ကိုပေါ်ဦးတို့ဆီကို မေတ္တာနဲ့ (မေတ္တာမဲ့မဟုတ်ပါ) အကူအညီတောင်းလေ့ရှိကြပါတယ်။ ကျွန်တော် အကူအညီတောင်းတာက ၁၉၆၀ လောက်မှာပါ။ ကျွန်တော်

mgyoe.com

mgyoe.com

မန်းတက္ကသိုလ်ကလောင်ရှင်အသင်း အတွင်းရေးမှူးလုပ်တော့ ရန်ပုံငွေရှာချင်လို့ အဝတ်ပြက္ခဒိန်လေးတစ်ခုထုတ်တယ်။ အထက်အောက် ပွတ်လုံးပေါင်နှစ်ခုတပ်တယ်။ ပိတ်စပေါ်မှာ စိန်ခြူးကြာညောင် သရုပ်ဖော်ပုံကလေးကို ဆွဲတာရော၊ ဆေးဆိုးပန်းရိုက် လုပ်တာရော ကိုအေးမြင့်ကိုပဲ အကူအညီတောင်းပါတယ်။ ရုပ်ပုံက ကနုတ်ကောက်ကြောင်းပုံပါ။ လှိုင်မင်းသမီးက မှန်ရွှေပြတင်းကနေ မျှော်တော်ဆိုက်နေတဲ့ပုံပါ။ အပူသည်ရုပ်မို့တဲ့ လုံးဝမရောင်းရပါဘူး။ ဟိုကြွေး ဒီကြွေးလည်း ကိုအေးမြင့်ပဲ ဆပ်ရရှာတယ် ထင်ပါရဲ့။

နောက်မကြာခင်မှာပဲ ကျွန်တော်တို့ တစ်ပြုံတစ်မကြီး ရန်ကုန်ကို ဆင်းသွားကြပါတယ်။ ကိုဝင်းဖေ၊ ကိုမိုးသူတို့က ရုပ်ရှင်လုပ်ငန်း၊ ကိုအေးမြင့်၊ ကိုပေါ်ဦးတို့က ပန်းချီ၊ ကိုသာနိုး၊ ကိုတင်မိုးတို့က ကျူရှင် စသည်ဖြင့် အကြောင်းရှာပြီး ပြောင်းကြပါတယ်။ ရန်ကုန်မှာ ရန်ကင်းရုပ်ရှင်ရုံးခန်းဆိုတာရှိတယ်။ ကျယ်ကျယ်ဝန်းဝန်းပါပဲ။ အဲဒီမှာ ရွှေမန်းသားအနုပညာသည်တွေအားလုံး 'ရုံးစိုက်'ကြတယ်။ အားတဲ့လူက ကျားထိုးကြတယ်။ အဲဒီအထဲမှာ စားပွဲအကြီးကြီးတစ်လုံးရှိတယ်။ စားပွဲကြီးနောက်မှာ မထတမ်းထိုင်နေသူကတော့ ကျွန်တော်တို့ မြန်မာမှုကနုတ်ဆရာကြီး ဦးအေးမြင့်ပါပဲ။ ဘယ်သူရောက်ပြီလဲ၊ ဘယ်သူပြန်ပြီလဲဆိုတာတွေကို သူ့ပဲမေးကြရပါတယ်။ မန်းသတင်းလည်း အစုံရနိုင်ပါတယ်။ တစ်ခါတစ်ရံ မန္တလေးက ဦးဇင်း စာရေးဆရာ ကိုပညာလည်း သီတင်းသုံးပါတယ်။ ရေမိုးချိုးဖို့၊ ဆွမ်းပန်းကပ်ဖို့လည်း လွယ်ကူပါတယ်။ အားလုံးရဲ့ ဒကာ၊ အခန်းပိုင်ရှင်ကတော့ လေးလေးလို့ အားလုံးကခေါ်ကြတဲ့ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေပါပဲ။ သူက စာပေရော၊ ပန်းချီရော၊ ဂီတရော အားလုံးဝါသနာပါတယ်။ သူကလည်း သူ့ကိုယ်သူ ရွှေမန်းသားတစ်ယောက်လို့ ခံယူထားပါတယ်။ သူက ကျွန်တော်တို့အားလုံးရဲ့ ဆိုးမျိုးကို သည်းခံတယ်။ ကျွန်တော်တို့ အားလုံးကလည်း သူ့ကိုချစ်ခင်ရိုသေကြပါတယ်။ မလေးမစား ဆက်ဆံတာမျိုးမရှိကြပါဘူး။ အဲ သူ့စားပွဲကြီးကတော့ ကိုအေးမြင့်ကြီးရဲ့ စားပွဲပဲ ဖြစ်နေပါတယ်။

စာရေးဆရာ မောင်သာရ၊ မောင်သာနိုး၊ မိုးမိုး(အင်းလျား) နဲ့ မောင်စွမ်းရည်တို့ ပါဝင်တဲ့ လေးဦးအဖွဲ့ဟာ တိုယိုတာဖောင်ဒေးရှင်းရဲ့ မိတ်ဆွေဖြစ်
mgyoe.com

mgyoe.com


စာအုပ်ထုတ်ဝေရေးလုပ်ငန်းအကြံပေးအဖွဲ့ဆိုပြီး လုပ်နေကြတယ်။ အဲဒီအဖွဲ့ ကလည်း ရန်ကင်းရုပ်ရှင်ကို မကြာခဏရောက်ဖူးပါတယ်။ တိုယိုတာ ဖောင်ဒေးရှင်းက ကိုယ်စားလှယ်အမျိုးသမီးကြီးက အိဝါမိုတို တဲ့။ အဖွဲ့ရဲ့ စီစဉ်မှုနဲ့ မြန်မာဝတ္ထုတွေကို ဘာသာပြန်ပြီး ထုတ်ပါတယ်။ တက္ကသိုလ်ဘုန်းနိုင်၊ သော်တာဆွေ၊ ခင်နှင်းယု၊ ခင်ဆွေဦး စတဲ့ စာရေးဆရာတွေရဲ့ဝတ္ထုတို၊ ဝတ္ထု ရှည်တွေ ထုတ်ဖြစ်ပါတယ်။ တစ်နေ့တော့ ကျွန်တော်က ကျွန်တော်တို့မှာ ထုတ်ဝေခွင့်မရလို့တစ်ကြောင်း၊ ရောင်းရမှာ မဟုတ်လို့ ထုတ်ဝေသူက မထုတ် ချင်လို့ တစ်ကြောင်း၊ အဲသလိုအကြောင်းကြောင်းကြောင့် ထုတ်ဝေခွင့် မရတဲ့ သုတေသနစာမူတွေ ရှိသေးကြောင်း အိဝါမိုတိုကို ပြောပြမိပါတယ်။ သူက ဘယ်လိုအကြောင်းအရာတွေလဲတဲ့။ ဦးအေးမြင့်ရဲ့ မြန်မာ့ရိုးရာ ဒီဇိုင်း သမိုင်းစာအုပ်၊ ဒေါက်တာသန်းထွန်းရဲ့ မြန်မာဘုရင်တို့ရဲ့ အမိန့်တော်များ စာအုပ် စသည်ဖြင့်ပြောပြတော့ သူက အံ့အားသင့်သွားတယ်။ ဒီလောက် အဖိုးတန်တဲ့ စာအုပ်တွေ ဘာကြောင့်မထုတ်နိုင်ရသလဲဆိုတာကို နားမလည် နိုင်ရှာဘူး။ (ဒီအထဲမှာ ကျွန်တော်စုဆောင်းထားတဲ့ မြန်မာ့ရိုးရာတေး ဗုံကြီး သံတွေ အပုဒ်ပေါင်း ၁၅၀၀ လောက်ရှိသေးတာကို ထည့်မပြောလိုက်ပါဘူး)

တချို့ မြန်မာပညာရှင်တွေက သူတို့ရှိတာကို 'လက်ဆုပ်'လုပ်ထားကြ တယ်။ ကိုအေးမြင့်က အဲသလိုမဟုတ်ဘူး။ ပျူခေတ်ကအစ မျက်မှောက် ခေတ်အထိ ခေတ်အဆက်ဆက်က မြန်မာဒီဇိုင်းပညာရှင်တွေ သုံးစွဲခဲ့တဲ့ ကနုတ် ပန်းချီတွေကို ဦးအေးမြင့်က အပင်ပန်းခံပြီး သုတေသနပြုထား တယ်။ ခြသေ့်၊ ကိန္နရာ၊ ဘီလူး၊ ဟသာ၊ ဒေါင်း၊ ယုန်၊ ကျေး စတဲ့ ကနုတ် ပန်းတွေကို ဘယ်ခေတ်၊ ဘယ်အဆောက်အအုံမှာ ဘယ်လိုတန်ဆာဆင်ထား တယ်ဆိုတဲ့ မှတ်ချက်ကလေးတွေလည်း ပါသေးတယ်။ မန္တလေး၊ အမရပူရ၊ အင်းဝ၊ ရွှေဘို၊ ပုဂံ၊ မုံရွာ၊ ခင်မွန် စတဲ့ အမြို့မြို့အရွာရွာက ရှေးဟောင်း အဆောက်အအုံတွေကို လိုက်ပြီး လေ့လာတယ်။ ဗိသုကာပုံတွေပါ ရေးဆွဲ လေ့လာခဲ့တယ်။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ဒေါက်တာသန်းထွန်း၊ လူထုဦးလှ၊ ဒေါ်အမာ၊ ပန်းချီ ကိုနန်းဝေ စတဲ့ဆရာတွေနဲ့လိုက်ပြီး မေးမြန်း မှတ်သားပါတယ်။ ရွှေဘို ကျောက်မြောင်း တန့်ဆည်ဘက်ကိုတော့ ကျွန်တော် ကိုယ်တိုင် လိုက်ပြဖူးပါတယ်။ ဒေါက်တာသန်းထွန်းက သူကိုယ်တိုင်လည်း

mgyoe.com

mgyoe.com


ပန်းချီဆွဲတာဆိုတော့ ပန်းချီရှုထောင့်၊ သမိုင်းရှုထောင့်တွေကနေ သုံးသပ်ပြတာကို ကျွန်တော်တို့ ရတတ်ပါတယ်။ ဆရာက သူရတာကို ကျောင်းမှာလည်း ချက်ချင်းပြန်သင်တယ်။ ကျွန်တော့်မှာ သူ့မှတ်စုတွေ ရှိဖူးပါတယ်။

ကိုအေးမြင့်က သူ့ပန်းချီသရုပ်စာအုပ်ကို မူပွားပြီးတော့တောင် ဝေငှပါတယ်။ ကျွန်တော်က သူ့ဆီကယူပြီး အခြေခံပညာဦးစီးဌာန ပန်းချီဆရာတွေအတွက် ကူးဖို့လုပ်ပါတယ်။ စက္ကူနဲ့ ဖယောင်းလိုအပ်လို့ တင်ပြတော့ ညွှန်ချုပ်စတဲ့ အထက်အရာရှိတွေက တန်ဖိုးသိဟန်မတူပါဘူး။ စာအုပ်ကိုတောင် မနည်းပြန်ယူရပါတယ်။ ခြောက်အုပ်ကူးထားတယ်လို့ ပြောပေမဲ့ ယဉ်မင်းပိုက် စတဲ့ပန်းချီဆရာတွေကို တစ်အုပ်မှမပေးတဲ့ပြင် စာကြည့်တိုက်အတွက်လည်း မပေးပါဘူး။ ဘာဖြစ်လို့ဆိုတာ နားမလည်လိုက်ဘူး။ ဒီလိုဖြစ်နေတုန်း ဒေါ်အိဝါ (အိဝါမိုတိုကို ကျွန်တော်တို့က ခေါ်တဲ့နာမည်ပါ) ရောက်လာလို့ ကိုအေးမြင့်ရဲ့စာအုပ်ကို ပြတော့ အလွန်ဝမ်းသာတယ်။ ကိုသာရကတော့ ဝတ္ထုမှမဟုတ်ဘဲ ငါလည်း နားမလည်ဘူးဆိုပြီး လှည့်မကြည့်ဘူး။ မိုးမိုးကလည်း လှည့်မကြည့်ဘူး။ မောင်သာရက ဝတ္ထုမဟုတ်ရင် မထုတ်စေချင်ဘူး။

ကနုတ်အရုပ်တစ်ရုပ်ဆီရဲ့အောက်က မှတ်ချက်ကလေးတွေကို အင်္ဂလိပ်လို ပြန်ဖွဲ့ဖို့ရယ်၊ အမှာစာရေးဖို့ရယ် ကျွန်တော့်ကို တာဝန်ပေးပေမဲ့ အင်္ဂလိပ်လို ကိုသာနိုး၊ အမှာစာကို ဒေါက်တာသန်းထွန်းကို ခိုင်းပါလို့ (ဒေါ်လာရမယ့်အလုပ်ကို)လွှဲပေးလိုက်ပါတယ်။ စာအုပ်ကို ထိုင်းနိုင်ငံ၊ ဆီလ်ပါကွန်တက္ကသိုလ်က တာဝန်ယူရိုက်မယ်။ အယ်ဒီတာက ကျွန်တော့်မိတ်ဆွေ ပန်းချီပါမောက္ခ ဆုန်းဆီမာထရန်က တာဝန်ယူတယ်။ သူတို့က ကျွန်တော် မသိလိုက်ရဘဲ အမှာစာကို ဂျပန်က ပါမောက္ခအိုနိုတိုရကို တာဝန်ပေးလိုက်ကြတယ်။ ဒေါက်တာသန်းထွန်းက ဂျပန်ကနေ အမေရိကကို ပြောင်းသွားလို့တဲ့။ ဆရာအိုနိုကို ကျွန်တော်က ၁၉၆၄ ခုနှစ်လောက်ကစပြီး သိကျွမ်းခဲ့ပါတယ်၊ ခင်မင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာက ဒေါက်တာသန်းထွန်းရဲ့ အသစ် သုတေသနစာတမ်းတွေရထားလေတော့ ကျွန်တော်က သူ့ထက်စုံအောင်ရေးနိုင်မှာပါ။ လွန်မှသိရလို့ ဘာမှသိပ်မပြောလိုက်ပါ။ ဘာပဲဖြစ်ဖြစ် ရဲဘော်ကြီး ကိုအေးမြင့်အတွက် ကျွန်တော်ပဲ အစအဆုံး စီစဉ်ပေးလိုက်တာ

mgyoe.com

mgyoe.com


ပါ။ ဒေါက်တာသန်းထွန်းရဲ့ စာအုပ်လည်း ၁၀ တွဲတောင် ထုတ်ရပါတယ်။ ဝမ်းသာပါတယ်။ ကိုအေးမြင့်စာအုပ်က ၁၉၉၃ ခုနှစ်ကျမှ ထွက်ပါတယ်။ အရုပ်ပေါင်းတစ်ထောင်လောက်၊ စာမျက်နှာ ၂၀၀ ကျော်ပါရှိပါတယ်။ ကိုအေးမြင့်က ကျွန်တော်လိုချင်သလောက် ပေးပါတယ်။ ကျွန်တော်က နှစ်အုပ်ပဲ လက်ထဲထားပါတယ်။ သူငယ်ချင်း တင်မိုး ထောင်ကထွက်လာတော့ အမြတ်တနိုးလက်ဆောင်အဖြစ် တစ်အုပ်ပေးလိုက်ပါတယ်။

နိုင်ငံခြားသား သုတေသီတချို့က မြန်မာ့ရိုးရာ ကနုတ်အလှဆင် ပန်းချီသမိုင်းသိချင်တယ်ဆိုရင် ကျွန်တော်က ကိုအေးမြင့်စာအုပ်ကို ထုတ်ပြတော့ လက်ဖျားခါရတယ်။ တချို့က ကူးယူတယ်။ ကိုအေးမြင့်နဲ့တွေ့ချင်တယ်ဆိုရင် ကျွန်တော်က မြန်မာပြည်ကိုသွားပါ။ ရောက်ရင် မန္တလေးနားက အမရပူရကို သွားပါ။ အမရပူရမှာ ကိုအေးမြင့်ကို မသိသူမရှိဘူးလို့ ညွှန်ပါတယ်။

မြန်မာပြည်က လာတဲ့စာနယ်ဇင်းတချို့မှာ ကိုအေးမြင့်ရဲ့လက်ရာတွေရော၊ သုတေသနဆောင်းပါးတွေပါ တွေ့နေရလို့ ဝမ်းသာပါတယ်။ ဒီခေတ်၊ ဒီနေ့မှာ ကိုအေးမြင့်လောက် မြန်မာမှုအနုပညာ၊ ကနုတ်ပန်း အလှဆင်ပညာကို သိရှိသူရယ်လို့ မရှိပါဘူး။ သူ့စာအုပ်ကို မြန်မာပြည်က ထုတ်ခွင့်မရလိုက်တာ ရင်နာမိပါတယ်။ အင်းဝစာအုပ်တိုက်က ပြန်ထုတ်တယ်ဆိုလို့ ဝမ်းသာရတယ်။ ပြန်ထုတ်တဲ့အချိန်မှာ ဒေါက်တာသန်းထွန်းရှိသေးတယ်။ ကျွန်တော်သာ မြန်မာပြည်မှာရှိရင် ကိုအေးမြင့်ရေ ဒေါက်တာသန်းထွန်းကို မေတ္တာရပ်ပါ။ ဆရာအိုနိုရဲ့ အမှာစာလည်း မဖြုတ်နဲ့ပေါ့။ တစ်မျိုးစီ ဖတ်ရတာပေါ့လို့ ပြောဆိုတိုက်တွန်းမှာပါ။

ကိုအေးမြင့်၊ အစ်ကိုကြီးအေးမြင့် သက်တော်ရာကျော် ရှည်ပါစေလို့ ကျွန်တော် အဝေးက လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်ပါတယ် ခင်ဗျာ။

**(မှတ်ချက်။ ။ ခုစာမူက မိုးမခမှာ ၂၀၁၀ က ဖော်ပြခဲ့တာပါ။ ၂၀၁၇ သူ မကွယ်လွန်မီ တစ်ပုဒ်ရေးတာ သူဖတ်မသွားရရှာဘူး။ ဒါက လွန်ခဲ့တဲ့ ၇ နှစ်က ရေးတာကို အမှတ်တရ ပြန်လည်ဖော်ပြတာဖြစ်ပါတယ်)**

၂၀၁၀၊ မတ် ၁၈

❑

mgyoe.com

mgyoe.com

# သူငယ်ချင်း မောင်သာနိုး

'သူငယ်ချင်း' ဆိုတဲ့ခေါင်းစဉ်နဲ့ စဉ်းစားလိုက်ရင် တက္ကသိုလ်သူငယ်ချင်းတွေပဲ ပေါ်လာပါတယ်။ အလယ်တန်းနဲ့ အထက်တန်းတုန်းက သူငယ်ချင်းတွေဟာ တက္ကသိုလ်ကို အတူပါမလာရင် သူငယ်ချင်းစာရင်းက ပြုတ်ကျန်နေရစ်ပါတယ်။ တက္ကသိုလ်ရောက်မှ ဝါသနာနဲ့ ဓလေ့စရိုက်တွေကလည်း တည်တံ့ဖွံ့ဖြိုးလာတော့တာကိုး။ ဒီတော့မှလည်း ကိုယ်နဲ့ ဝါသနာတူ၊ ဓလေ့စရိုက်တူတဲ့ ကျောင်းသားတွေနဲ့ အချင်းချင်းတွဲဖြစ်တော့တာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ယုံကြည်ချက်ကလည်း တူညီနီးစပ်ဦးမှ။ လောကအမြင်၊ နိုင်ငံရေး၊ ဘာသာရေးစတဲ့ ယုံကြည်ချက်တွေပေါ့။

မန်းတက္ကသိုလ်ကို ကျွန်တော်က ၁၉၅၆ ခုနှစ်မှာ ရောက်သွားပါတယ်။ မောင်မိုးသူ၊ ကြည်အောင်၊ ကသာဝင်းကြွယ်တို့နဲ့ အတူတူ ရောက်လာကြတာပါ။ ကိုသာနိုးတို့က ၁၉၅၁ လောက်က တက္ကသိုလ်ရောက်နှင့်နေပြီ။ ဒါပေမဲ့ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာကျောင်းတစ်လပိတ်ရေး အရေးတော်ပုံမှာ ကျောင်းထုတ်ထောင်ချခံရလို့ ၁၉၅၆ ခုနှစ်ကျမှ ကျောင်းပြန်ဝင်ခွင့်ရသတဲ့။ မောင်သိန်းနိုင်(ဂုဏ်ထူး)နဲ့ တင်မိုးတို့က ၁၉၅၇ ခုနှစ်ကျတော့မှ မြန်မာစာဂုဏ်ထူးကိုယ်စီနဲ့ ရောက်လာခဲ့ကြပါတယ်။ ခုပြောတဲ့ ကျောင်း

mgyoe.com

mgyoe.com


သားစာရင်းထက် စာပေဝါသနာရှင် ကျောင်းသားတွေက ပိုများပြီး မြိုင်ဆိုင် ပါတယ်။ ဒါကြောင့်လည်း မန်းတက္ကသိုလ်စာပေလှုပ်ရှားမှုမှာ ၁၉၅၆– ၁၉၆၆ ခုနှစ် ၁၀ နှစ်တာကာလလောက်ဟာ စည်ကားမြိုင်ဆိုင်မှု အရှိဆုံး ဖြစ်ခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီ ၁၀ စုနှစ်ကာလတစ်ခုအတွင်း မန်းတက္ကသိုလ်မှာ (၁) မန္တလေး သီးခြားတက္ကသိုလ်အကြိုပွဲတော်၊ (၂) မန်းရာပြည့်ပွဲတော်၊ (၃) တက္ကသိုလ် ကောလိပ်ကျောင်းပေါင်းစုံအားကစားနှင့် ယဉ်ကျေးမှုပွဲတော်တွေနဲ့လည်း ပေါင်းဆုံမိခဲ့ကြပါတယ်။ တက္ကသိုလ်နဲ့ ကောလိပ်ကျောင်းပေါင်းစုံဆိုတာက ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်တို့ပဲဖြစ်ပါတယ်။ ဒီပွဲတော်တွေမှာ တက္ကသိုလ် ကောလိပ်ကျောင်းသားတွေရဲ့ စာပေယဉ်ကျေးမှု အနုပညာရပ်များနဲ့ အားကစားဆိုင်ရာ လှုပ်ရှားမှုတွေဟာ တက်ကြွမြိုင်ဆိုင်မှုရှိပြီး မိတ်ဆွေ ဖြစ်ရေး ပေါင်းသင်းဆက်ဆံရေးမှာလည်း အထူးတိုးတက်ခဲ့ပါတယ်။ တကသများလှုပ်ရှားမှု ဒီရေမြင့်သစ်ပါပဲ။

'သမဂ္ဂတည်တံ့ချင်၊ ယဉ်ကျေးမှုထိန်းသိမ်းအစဉ်
မိတ်ဆွေဖြစ်ရေးလည်း တို့အင်္ဂါပင်
ငြိမ်းချမ်းရေးတော့ အချစ်ဆုံးပင်' ဆိုတဲ့ သီချင်းလေးတစ်ပုဒ်ကို တူညီ သီဆိုခဲ့ကြတာလည်း သတိရပါတယ်။ အဲဒီကာလမှာ မန်းတက္ကသိုလ်က ကျောင်းသားခေါင်းဆောင်တွေကတော့ မုံရွာတင်ရွှေတို့၊ ကိုသာနိုးတို့ ဖြစ်ကြ ပါတယ်။ အဲဒီ ၁၀ စုနှစ်လောက်အတွင်းမှာ သူတို့ပဲ ဦးဆောင်သွားကြ ပါတယ်။ ၁၉၅၈ ခုနှစ် သမဂ္ဂရွေးကောက်ပွဲကိုတော့ မှတ်မှတ်ရရဖြစ်မိပါ တယ်။ ဥက္ကဋ္ဌက ကိုသာလှ(မြင်းခြံ)၊ အတွင်းရေးမှူးက ကိုသာနိုး၊ ဒုတိယ ဥက္ကဋ္ဌ (ပြန်ကြားရေး)က ကိုစိန်မြင့် (မောင်မိုးသူ)၊ ဒုတိယဥက္ကဋ္ဌ (ဘဏ္ဍာ ရေး)က ကိုခင်မောင်ဝင်း(ကသာဝင်းကြွယ်)၊ ပြန်ကြားရေးမှာ အတွင်းရေး မှူးက ကိုဝင်းဖေ (မောင်စွမ်းရည်)၊ ဘဏ္ဍာရေးမှာ ကိုဝင်းဘို (မုံရွာ)၊ အမျိုး သမီးတာဝန်ခံက မေဝင်းကြည် (ကောလင်း) တို့ဖြစ်ပါတယ်။ တစ်ချိန် တည်းမှာ မောင်သိန်းနိုင်နဲ့ မောင်ဘဂျမ်း(တင်မိုး)တို့ရဲ့ ဦးဆောင်မှုကြောင့် ကလောင်ရှင်အသင်းရဲ့ လှုပ်ရှားမှုတွေကလည်း အထူးတိုးတက် မြိုင်ဆိုင်ခဲ့ ပါတယ်။ အထက်ဗမာနိုင်ငံစာရေးဆရာအသင်းကြီးနဲ့လည်း ဆက်စပ်

mgyoe.com

mgyoe.com


ပူးတွဲလှုပ်ရှားမှုတွေ တိုးတက်လာခဲ့ပါတယ်။

မန်းတက္ကသိုလ်ကလောင်ရှင်အသင်းက ၁၉၅၈ ခုနှစ်မှာ တင်မိုးရဲ့ 'ဖလ်မီးအိမ်' ကဗျာစာအုပ် စထုတ်တော့ စာပေဗိမာန်ဆုရခဲ့ပါတယ်။ ထင်ရှားတဲ့ ကဗျာဆရာကြီးတွေကို ကျော်ဖြတ်ပြီး တက္ကသိုလ်ကျောင်းသားတစ်ယောက်အဖြစ်နဲ့ ဆုရတာဖြစ်လို့ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ပါတယ်။ နောက်နှစ်တွေမှာလည်း တင်မိုးပြီးတော့၊ ကြည်အောင်၊ မောင်စွမ်းရည်၊ ကိုလေး (အင်းဝဂုဏ်ရည်)၊ ဘုတလင်ချစ်လေးတို့အပြင် ကလေးကဗျာဆုဘက်ကလည်း မောင်သန်းဌေး၊ မောင်မျိုးမြင့် စတဲ့ကျောင်းသားတွေပါ ဆက်ပြီး စာပေဆုတွေရကြလို့ စာပေလောကတစ်ခုလုံးပါ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ပါတယ်။

ကိုသာနိုးနဲ့ တင်မိုးတို့က လူထုဂျာနယ်မှာ ကလောင်သွေးလာခဲ့ကြတာက အတူတူလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကိုသာနိုးက ၁၉၅၀ ပြည့်နှစ်လူထုဂျာနယ် စာပေပြိုင်ပွဲဆောင်းပါးကဏ္ဍမှာ ပါဝင်ယှဉ်ပြိုင်တော့ ဒုတိယဆုရခဲ့ပါတယ်။ ဆောင်းပါးခေါင်းစီးက 'အစိုးရကျောင်းများတွင် မတ်က်စ်ဝါဒကို သင်ကြားပို့ချသင့်ကြောင်း' တဲ့။ ကိုသာနိုးက ၁၀ တန်း ကျောင်းသားပါ။ ပထမရသူက တက္ကသိုလ်ကျောင်းသားကြီးတစ်ဦးပါ။ နောက်တစ်နှစ် ၁၀ တန်း အောင်တော့ ကိုသာနိုးက လူထုသတင်းစာမှာ ညအယ်ဒီတာဝင်လုပ်သတဲ့။ လူထုဒေါ်အမာအတွက် ရေဒီယိုတွေက နိုင်ငံခြားသတင်းတွေ လိုက်ပေးရတယ်။ နိုင်ငံခြားသတင်းတွေကိုလည်း ဘာသာပြန်ပေးရပါတယ်။ ဆန်းထွန်း(မန်းတက္ကသိုလ်) ကလည်း လူထုမှာ အယ်ဒီတာလုပ်ဆဲကာလဖြစ်ပါတယ်။ ကိုသာနိုးက မောင်သိင်္ဂါ ကလောင်အမည်နဲ့ ကဗျာတွေ၊ စာတွေရေးနေချိန်မှာ တင်မိုးက ကိုရင်လေးဘဝနဲ့ မန္တလေးမှာနေရင်း ကန်မြနန်းမြင့်နွယ် ကလောင်အမည်နဲ့ ကဗျာတွေအများကြီး ရေးခဲ့ပါတယ်။ အဲဒီကာလမှာ လူထုအယ်ဒီတာက သူရ(ရှမ်းပြည်)တဲ့။

တက္ကသိုလ်ရောက်ကြတော့ နိုးတို့၊ မိုးတို့ ဆုံမိကြပြီး မောင်သိင်္ဂါက မောင်သာနိုးဖြစ်လာပြီး ကန်မြနန်းမြင့်နွယ်က တင်မိုးဖြစ်လာခဲ့ပါတယ်။ တင်မိုးနဲ့တွေ့တဲ့အခါ ကြည်လင်လည်း ကြည်အောင်ဖြစ်လာပြီး မောင်ဝင်းဖေ (မြင်းခြံ)လည်း မောင်စွမ်းရည်ဖြစ်လာခဲ့ပါတယ်။

တင်မိုးက အင်္ဂလိပ်စာဖတ်ရာမှာရော၊ ရေးရာမှာရော အလွန်အားနည်း

mgyoe.com

mgyoe.com


ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်က မြန်မာလို၊ မြန်မာက အင်္ဂလိပ်လို ဘာသာပြန်ဆိုဖို့ကိုတော့ သူများကို အမြဲတိုက်တွန်းပါတယ်။ အထူးသဖြင့် ကိုသာနိုးကိုပဲ တိုက်တွန်းတာပါ။ တခြားလည်း မရှိပါဘူး။ ကျွန်တော်တို့ တက္ကသိုလ်ရောက်စနှစ်မှာပဲ မြန်မာစာဌာနက ဆရာဦးမောင်မောင်တင်က သူ့ တပည့် မောင်သာနိုးအကြောင်းကို ဆောင်းပါးရေးပါတယ်။ မောင်သာနိုးဟာ သီပေါမင်းနဲ့အတူ ပါတော်မူတဲ့ တိုင်တားမင်းကြီးရဲ့ မြေးဖြစ်ကြောင်း၊ ကျောက်ဆောက်မြို့စားမျိုးဖြစ်လို့ သူ့နာမည်မှာ ကျောက်ဆောက်သာနိုးဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသားအဖြစ် တရားဝင်မှတ်ပုံတင်နာမည်မှာ ကျောက်ဆောက်သာနိုးဖြစ်ကြောင်း၊ သူဟာ ပါဠိနဲ့ အင်္ဂလိပ်စာထူးချွန်ကြောင်း စသည်ဖြင့် ရေးပါတယ်။ နိုင်ငံရေးနဲ့ ထောင်ကျဖူးတဲ့ တပည့် ကျောင်းသားအကြောင်းကို ဆရာကိုယ်တိုင်က ရေးတာပါ။ ဒီလိုရေးရဲဖို့ မလွယ်ပါ။ ဆရာဦးမောင်မောင်တင်က မန္တလေးဇာတိဖြစ်တဲ့အပြင် သူကိုယ်တိုင်ကလည်း မှူးမျိုးမတ်မျိုးတွေထဲကဖြစ်ပါတယ်။ စာတော်တဲ့ ကျောင်းသားတွေကိုလည်း အားပေးတတ်ပါတယ်။ တင်မိုးတို့၊ မောင်သိန်းနိုင်တို့ကို သူ့အိမ်ပေါ်ခေါ်တင်ထားပြီး ကျောင်းစရိတ်ရအောင် ကျူရှင်ဆရာလုပ်ဖို့ အလွတ်ပညာသင်ကျောင်းကြီးတွေနဲ့ ဆက်သွယ်ပေးခဲ့ပါတယ်။

ကိုသာနိုးဟာ တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းတွေမှာလည်း အင်္ဂလိပ်စာကဏ္ဍ စာတည်း၊ မြန်မာစာကဏ္ဍစာတည်းအဖြစ် ဆောင်ရွက်ရပါတယ်။ ကိုသာနိုးက ကျောင်းသားသမဂ္ဂဘက်မှာ အလုပ်များလို့ ကလောင်ရှင်အသင်းဘက်မှာ သူကိုယ်တိုင်မပါနိုင်ပေမဲ့ ကျွန်တော်တို့နဲ့အမြဲတွဲပြီး အကူအညီပေးလေ့ရှိပါတယ်။ တက္ကသိုလ်မှာ အားလပ်ချိန်ရရင် အတူသွားအတူလာ အတူသီချင်းဆိုကြပါတယ်။ စစ်ကိုင်းတောင်ကို လပြည့်ညတိုင်း အတူတက်ကြပါတယ်။ ကိုသာနိုးက ခရီးသွားတာလည်း ဝါသနာပါတယ်။

တက္ကသိုလ်မှာတော့ ကျွန်တော်တို့အားလုံး ဝင်လိုက်ထွက်လိုက်ပါပဲ။ အပြင်မှာတော့ ကျူရှင်ပေးကြပါတယ်။ တင်မိုးတို့၊ မောင်သိန်းနိုင်တို့က မြန်မာစာပြပြီး ကိုသာနိုးက အင်္ဂလိပ်စာပြပါတယ်။ တင်မိုးက သူငယ်ချင်းတွေ တစ်အိမ်တည်းအတူနေဖို့ ကြိုးစားပါတယ်။ သူက သူ့အိပ်ရာ ကိုယ့်အိပ်ရာ၊ သူ့အဝတ် ကိုယ့်အဝတ်၊ သူ့ဆေးလိပ် ကိုယ့်ဆေးလိပ် မခွဲခြားဘဲ

mgyoe.com

mgyoe.com


နေတတ်သူမျိုးပါ။ ကိုသာနိုးက ကျွန်တော့်လိုပဲ သူများနဲ့ အဲသလို ရောရော နှောနှော အိပ်တာ နေတာ မလုပ်တတ်ပါ။ ဒါကြောင့် ကိုသာနိုးနဲ့ တင်မိုးတို့ တစ်အိမ်တည်း အတူမနေဖြစ်ခဲ့ကြပါ။ ဒါပေမဲ့ နေ့တိုင်းမဟုတ်တောင် တစ်ပတ်တစ်ခါတော့ ဈေးချိုတော်အနောက်ဘက် အပြင်တန်းက ကိုသန်းညွန့်ရဲ့ စန်းသော်တာစာအုပ်ဆိုင်မှာ ဆုံလေ့ရှိပါတယ်။ အဲဒီကမှ မွေ့ရာတန်းကြားက စိန်လှိုင်ကဖေးမှာ ပန်းချီ၊ ဂီတ၊ သူငယ်ချင်းတွေပါ ဆုံကြပါတယ်။

မန္တလေး ကျူရှင်လောကမှာ ကျင်လည်နေကြစဉ်မှာပဲ မောင်စွမ်းရည်ရဲ့ အနီနှင့်အပြာကဗျာစာအုပ်ကို တင်မိုးနဲ့ ကိုညိုကြီးတို့ရဲ့ သပြေစာအုပ်တိုက်က ထုတ်ပါတယ်။ တင်မိုးက ကိုသာနိုးကို ကဗျာအားလုံး ဘာသာပြန်ခိုင်းပါတယ်။ ကြည်အောင်ကတော့ ကိုသာနိုးကို အိုမာခိုက်ယမ်းရဲ့ ရုဘာအီယက်ကို ဘာသာပြန်ခိုင်းပါတယ်။ ကိုသာနိုး ဖတ်နေတဲ့ ဗိုရာနှင့်ရှုရာရှုရှားစာအုပ်ကလေးကိုလည်း တင်မိုးက ကိုယ်တိုင်မဖတ်ဖူးသေးဘဲ ကိုသာနိုးကို ဘာသာပြန်ပေးဖို့ ပူဆာပါသေးတယ်။ တင်မိုး ရန်ကုန်ဆင်း ကျူရှင်ပြရင်း အိမ်ထောင်ကျသွားတော့ ဒီစာအုပ်ကလေး ဘာသာပြန်ဖြစ်အောင် မလုပ်လိုက်နိုင်ခဲ့ပါဘူး။

နောက်များမကြာခင်မှာပဲ တင်မိုး၊ မောင်သာနိုး၊ မောင်သိန်းနိုင်၊ ပန်းချီဝင်းဖေ၊ စန္ဒရားသိန်းမောင်၊ မောင်မိုးသူ စတဲ့ မန္တလေး လူငယ်အနုပညာအသိုင်းအဝိုင်းတစ်ခုလုံးလိုလို ရန်ကုန် ရွှေ့သွားခဲ့ကြပါတယ်။ နောက်ဆုံးတော့ မောင်စွမ်းရည်လည်း ပါသွားပါလေရော။ ဦးလေးလူထုဦးလှက ဗထူးကွင်းက လေ့ကျင့်ထားတာလေးတွေဟာ မကြာခင် ရန်ကုန်အောင်ဆန်းကွင်းရောက်သွားကြတာ ဓမ္မတာပါပဲလေလို့ ပြောလိုက်ရာပါတယ်။ အားလုံးလိုလို ရန်ကုန်ရောက်သွားပြီးနောက် ပထမတော့ ကိုသာနိုးနေတဲ့ တိုက်ခန်းနဲ့နီးတဲ့နေရာကို သွားကြပါတယ်။ ခွဲတို့၊ စာပေလောကတို့ရှိတဲ့လမ်းပေါ်က လက်ဖက်ရည်ဆိုင်မှာ စုကြတာပေါ့။ နောက်တော့ တင်မိုးရဲ့ အလုပ်ဌာနဖြစ်တဲ့ ဘီအိုစီကောလိပ်ဟောင်းအနီး သံတဲလက်ဖက်ရည်ဆိုင်ကို ရွှေ့ကြပါတယ်။

သံတဲလက်ဖက်ရည်ဆိုင်က အခြေခံပညာရေးဌာန၊ ပညာရေး သုတေ

mgyoe.com

mgyoe.com


သနဗျူရိုရှိနဲ့နိုးတယ်။ အဲဒီမှာ ရန်ကုန် တကသ၊ ဗကသ ရဲဘော်ကြီးများဖြစ်ကြတဲ့ ကိုဘကောင်းတို့၊ ကိုဇော်ဝင်းတို့ ရှိကြတယ်။ သူတို့ရှိရာမှာ အသုံးလုံး (စာမတတ်သူပပျောက်ရေး လှုပ်ရှားမှု)မှာ ပါဝင်ခဲ့ကြတဲ့ တက္ကသိုလ်ကျောင်းသားတွေဟာ လူစုမခွဲနိုင်သေးဘဲ စုစု စုစုလုပ်နေကြရာက မောင်သာနိုး၊ တင်မိုး၊ မောင်စွမ်းရည်တို့ ရှိရာကို ရွှေ့လာခဲ့ကြပြန်ပါတယ်။ တချို့က ကိုသာနိုးရဲ့အင်္ဂလိပ်စာသင်တန်းကို တက်ရင်း ကိုသာနိုးနဲ့ပါ ရင်းနှီးခင်မင်သွားကြရာက ကိုသာနိုးနဲ့ အပျော်ခရီးသွားကြတာတွေ လုပ်ကြပါတယ်။ တင်မိုးနဲ့ မောင်စွမ်းရည်တို့က တောင်ငူဆောင်ကို အလုပ်ဌာနပြောင်းကြတော့ တောင်ငူဆောင်၊ တောင်ပိန္နဲပင်အောက်က လက်ဖက်ရည်ဆိုင်ကို စာပေ ဝိုင်းရွှေ့လာခဲ့ကြတာဟာ ရှစ်လေးလုံးအပြီးလောက်မှာ လူစုကွဲသွားကြပါတယ်။

ခါတိုင်းတော့ နိုင်ငံရေးအခြေအနေ လှုပ်ခနဲဖြစ်လိုက်တိုင်း ကိုသာနိုးတစ်ယောက်အဆွဲခံရမြဲဖြစ်ပေမဲ့ ဒီတစ်ခါတော့ မောင်မိုးသူ၊ မောင်သိန်းနိုင်နဲ့ ဘယ်တုန်းကမှ အဖမ်းခံရမယ်လို့ ထင်မထားတဲ့ တင်မိုးပါ အဖမ်းခံလိုက်ရပါတယ်။ တင်မိုး ထောင်ကထွက်တော့ ဘယ်လ်ဂျီယံကသမီးက နောက်ထပ် အဖမ်းမခံရအောင် သူ့ဆီကိုခေါ်ယူတယ်။ ဘယ်လ်ဂျီယံမှာ စကားပြောဖက်၊ ဆေးလိပ်ဖွာဖက်မရှိလို့ မပျော်ဘူး။ အမေရိကကို ကူးပြီး မန်းစာဂုဏ်သူငယ်ချင်းဆရာ ဦးစောထွန်းဆီကို အရောက်ကူးသွားတယ်။ အဲဒီကမှ သူ့သမီးငယ်ရှိရာ လော့စ်အိန်ဂျလိစ်ကို အခြေချပြီးနောက် သူ့အလုပ်ကို စတော့တာပါပဲ။ ပထမအဆင့် မောင်စွမ်းရည်ကို နယ်သာလန်ကတစ်ဆင့် အမေရိကကိုခေါ်ယူတယ်။ ဆက်လက်ပြီး ကိုသာနိုးကို အိုင်အိုဝါ တက္ကသိုလ်က စာရေးသားမှုအစီအစဉ်ကို မောင်စွမ်းရည်တို့၊ ပန်းချီဝင်းဖေတို့ လာသလိုလာရအောင် ဖိတ်ပါလို့ မောင်စွမ်းရည်ကို တိုက်တွန်းတယ်။ ဒီလိုနဲ့ ကိုသာနိုးလည်း ထင်းရှူးပင်ရိပ်ကို ခဏဝင်ခိုလာရပါတယ်။ နောက်မကြာခင် ကိုရီးယားကို ဖိတ်ခေါ်ပြီး မိုးမခပင်ရိပ်မှာ ဆုံဖို့ကြိုးစားခဲ့ကြတဲ့အခါ ကိုသာနိုးပဲ သူ့ဇနီး နွယ်သာနိုးနဲ့ ရောက်သွားခဲ့ပါတယ်။ ကျွန်တော့်ပါ ဖိတ်ပေမဲ့ မသွားဖြစ်ခဲ့ပါ။

မြန်မာပြည်မှာ စစ်အစိုးရက နောက်တစ်လှမ်းဆုတ်ပြီးနောက် အရပ်

mgyoe.com

mgyoe.com


သား အစိုးရဖြစ်လာတော့ ကျွန်တော်တို့ ပြည်ပရောက်စာရေးဆရာတွေ ပြည် တော်ပြန်ခွင့်ရလာပါတယ်။ တင်မိုးကတော့ အရိုးပြာအိုးပဲ ပြန်သွားနိုင်ခဲ့ ရှာပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်၊ မန္တလေးသာမက မွေးဇာတိရွာ ကိုပါ အရောက်သွားခဲ့ပါတယ်။ သူငယ်ချင်းတွေနဲ့ တွေ့ဆုံပွဲတွေလည်း လုပ်ခဲ့ရပါတယ်။ သူငယ်ချင်းကြီး ကိုသာနိုးကတော့ ကိုယ်တစ်ခြမ်း လေဖျန်း လို့တဲ့။ လမ်းမလျှောက်နိုင်ရှာတော့ပါဘူး။ သူနဲ့ တင်မိုးက ကျွန်တော်တို့ ထက် အသက်သုံးလေးနှစ်ကြီးပါတယ်။ သူ့ဆီကိုသွားပြီး နှုတ်ဆက်တော့ ထူးခြားချက်နှစ်ချက် ကြုံခဲ့ရပါတယ်။ (၁) အချက်က သူ့ကို သူများက ပခုံးဖက်တာမကြိုက်ဘူး။ သူက မီးပူတိုက်ထားတဲ့ အင်္ကျီကို အမြဲဝတ်လေ့ရှိ လို့လားမသိဘူး။ ဒါပေမဲ့ ဒီတစ်ခေါက် ဓာတ်ပုံရိုက်တော့ သူငယ်ချင်း နှစ်ယောက် လည်ပင်းဖက်ပြီးတွဲရိုက်ခဲ့ရပါတယ်။ (၂) အချက်ကတော့ ကျွန်တော်က သူဟာ ကိုယ့်ထက်ကြီးသူမို့ ဦးချကန်တော့ခဲ့ပါတယ်။ သူက ခပ်တည်တည်ဆုတွေပေးနေလို့ ကျွန်တော့်မှာ ငြိမ်ဝပ်နေခဲ့ရပါတယ်။ ကျွန် တော်ပြန်တော့ သူ့ရဲ့ 'ထင်းရှူးပင်' နဲ့ 'မိုးမခပင်'ကို လက်ဆောင်ပေးလိုက်ပါ တယ်။ ဒီဘာသာပြန်တွေက သူ့သူငယ်ချင်းတွေအတွက် ပါရမီဖြည့်ဖို့ အဓိကလုပ်နေရာက သူ့တပည့်တွေနဲ့ ကဗျာလူငယ်တွေအတွက်ပါ အကျိုးရှိ မှန်းသိလို့ ဆက်လက်လုပ်ပေးနေတာ ဖြစ်ပုံရပါတယ်။

နောက်တစ်ခု သူ့ရဲ့စွမ်းဆောင်ချက်ကတော့ ဘာသာသိပ္ပံ၊ ဘာသာ စကားလေ့လာမှုပါပဲ။ ဒီနေရာမှာ စပ်မိလို့ပြောရရင် မြန်မာပြည်မှာ စာရေး ဆရာတွေ ထောင်ကျတိုင်း တိုင်းပြည်အတွက်၊ စာပေလောကအတွက် အများ ကြီးအကျိုးရှိခဲ့တယ်လို့ဆိုချင်ပါတယ်။ 'ထောင်ကျတာ ကောင်းတယ်'လို့ ဆိုလိုခြင်းတော့ မဟုတ်ပါ။ စာရေးဆရာတွေဟာ 'အခွင့်အရေးယူတတ်ပုံ' နှင့် 'အချိန်အသုံးချတတ်ပုံ' ကို ချီးကျူးချင်တာပါ။ ဦးလေး လူထုဦးလှ၊ ဆရာဇန်းမော်တင်အောင်၊ ဆရာမြသန်းတင့် စတဲ့ စာရေးဆရာတွေဟာ ထောင်ထဲကနေ စာပေရတနာထုပ်တွေ ပိုက်ပွေ့လာနိုင်ခဲ့ကြလို့ပါ။ ကိုသာနိုး ကတော့ ပထမအဆင့် ရုရှားဘာသာစကားကို လေ့လာပါတယ်။ နောက် တော့ စပ်မိစပ်ရာ ဂျာမန်၊ ပြင်သစ် စသည်တို့ကို စူးစမ်းလေ့လာပါတယ်။ တိုင်းရင်းသားဘာသာစကားတွေကိုလည်း စူးစမ်းရင်းက ဘာသာစကား

mgyoe.com

mgyoe.com


ဆိုင်ရာ ဆောင်းပါးတွေနဲ့ ဘာသာသိပ္ပံဆိုင်ရာဆောင်းပါးတွေကို အများကြီး ရေးနိုင်ခဲ့ပါတယ်။ ဘာသာသိပ္ပံ လေ့လာမှုအများကြီး နောက်ကျန်ရစ်ခဲ့တဲ့ ကာလမှာ ကိုသာနိုးက ထူးထူးခြားခြားနဲ့ ဘာသာသိပ္ပံဆောင်းပါးတွေရေးရင်း မြန်မာစာပေလောကကို အထူး အကျိုးပြုနေတယ်လို့ ယူဆပါတယ်။ မြန်မာ့ ဘာသာစကား လေ့လာမှုကို သူငယ်ချင်းက လမ်းဖွင့်ပေးလာနိုင်ခဲ့တာ ဂုဏ် ယူလျက်ပါ။ ခုအခါ ကျန်းမာရေးမကောင်းပေမဲ့ သူ့စာအုပ်တွေ ဆက်လက် ထွက်နေတာ ဝမ်းသာရပါတယ်။ သူ့ဇနီးနဲ့ သူ့တူမတွေက ကူညီရေးပေးနေပုံ ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူများတကာ လုပ်နိုင်ခဲတဲ့ စာပေလောက တာဝန်တွေကို ထမ်းဆောင်နေတဲ့ ကျွန်တော်တို့သူငယ်ချင်းအတွက် ကျွန် တော်တို့ ဂုဏ်ယူမဆုံးပါ။ မြန်မာစာပေလောကရဲ့ အဓိကလိုအပ်ချက်တွေ ယုတ်စွအဆုံး သူငယ်ချင်းတွေရဲ့ အဓိကလိုအပ်ချက်တွေကို ပါရမီဖြည့်ပေး နေတာလို့ ယုံကြည်ပါတယ်။ သူငယ်ချင်း မောင်သာနိုး ကျန်းကျန်းမာမာနဲ့ အသက်ရာကျော်ရှည်ပါစေ။

သူငယ်ချင်း
မောင်စွမ်းရည်

၂၀၁၈၊ စက်တင်ဘာ ၁

❑

mgyoe.com

mgyoe.com

# တစ်သက်တာစာပေဆုရှင်
# သူငယ်ချင်း မောင်သာနိုး

ကျွန်တော့်အဖို့ သူငယ်ချင်း မောင်သာနိုးအကြောင်း ဆောင်းပါးတွေ ရေးရတာ ဘယ်နှခါရှိမှန်းတောင် မသိတော့ဘူး။ တစ်ကြိမ်က ရေးရင်းနဲ့ လက်လွှန်သွားလိုက်တာ စာမျက်နှာလေးဆယ်နီးပါးရှိသွားလို့ မနည်းအရှိန်သတ်ပြီး 'မဒမ်နိုး' ဆီကိုပဲ ပို့လိုက်ရပါတယ်။

ဟိုအဝေးကြီးက အမေရိကမှာ ရောက်နေတဲ့ မောင်စွမ်းရည်ဟာ မောင်သာနိုးနဲ့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ဦးပါလို့ အများသိကြတဲ့အတွက် ဝမ်းသာရတယ်။ မန်းတက္ကသိုလ်သမဂ္ဂမှာ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်သူငယ်ချင်းဆိုလို့ လေးဦးပဲ ကျန်ရှိပါတော့တယ်။ မုံရွာတင်ရွှေ၊ တင်မိုး၊ မောင်ပေါက်စည်တို့ ဆုံးကုန်ကြပြီ၊ မောင်သာနိုး၊ မောင်မိုးသူ၊ မောင်သိန်းနိုင်၊ မောင်စွမ်းရည်တို့ ကျန်တယ်။ မောင်သိန်းနိုင်နဲ့ မောင်မိုးသူတို့ဆီ စာမူတောင်းကြပါဦးပေါ့။

'ထူးခြားတာ' က မန်းတက္ကသိုလ်စာပေသမားတွေဟာ လူထုတိုက်ထွက်တွေချည်း ဖြစ်ကြပြီး သူတို့အားလုံးဟာ တက္ကသိုလ်သမဂ္ဂနဲ့ကလောင်ရှင်အသင်း၊ တက္ကသိုလ်မဂ္ဂဇင်းကော်မတီတွေမှာ အမှုဆောင်တွေချည်းဆိုတာပါပဲ။ တစ်ခုတော့ ရှိရဲ့၊ မန္တလေးမှာက လူထုသတင်းစာ၊ လူထုဂျာနယ်ပဲ

mgyoe.com

mgyoe.com


စာရေးစရာ စာနယ်ဇင်းရယ်လို့ရှိတော့ အားလုံးလူထုတိုက်ထွက်တွေချည်းပဲ ဆိုတာ 'မထူးခြားချက်' တစ်ခုလည်းဖြစ်နေပါတယ်။ စာပေသမားဟာ စာပို ဖတ်တယ်။ စာပိုသိတယ်။ ဒါ့ကြောင့် နိုင်ငံရေးလည်းပိုသိပြီး သမဂ္ဂများ ပါဝင်ဆောင်ရွက်ကြပါတယ်။ သမဂ္ဂဆိုတာ ကိုယ်ပါချင်တိုင်း ပါလို့လည်း မရပါဘူး။ အဖွဲ့အစည်းတစ်ခုကိုဝင်ပြီး ကျောင်းသားထုရဲ့ အရွေးခံရမှ သမဂ္ဂမှာ ပါဝင်ဆောင်ရွက်ခွင့်ရတာပါ။

ကျောင်းသားသမဂ္ဂဆိုတာ တက္ကသိုလ်ဖွဲ့စည်းပုံ ဥပဒေအရ တက္ကသိုလ် နဲ့အတူ ပေါက်ဖွားလာခဲ့တာ ဖြစ်သလို တက္ကသိုလ်ကျောင်းသားသမဂ္ဂ သပိတ်မှောက်ကိစ္စတွေဟာလည်း ဖွားဖက်တော်တွေပါပဲ။ ဒီအချက်ဟာ လည်း ခုတော့ မျက်မှောက်ခေတ် မြန်မာနိုင်ငံသမိုင်းကဏ္ဍတွေမှာ ပါဝင် နေခဲ့ပါပြီ။ ပထမ ကောလိပ်သပိတ်တဲ့၊ ဒုတိယတက္ကသိုလ်သပိတ်၊ တတိယ တက္ကသိုလ်သပိတ်၊ သပိတ်သုံးလုံးလည်းစုံရော လွတ်လပ်ရေးတိုက်ပွဲထဲ ကို တည့်တည့်ရောက်သွားပြီး လွတ်လပ်ရေးရသည်အထိ ရှေ့ရှုသွားခဲ့တော့ တာပါ။ လွတ်လပ်ရေးသမိုင်းမှာ ကျောင်းသားကဏ္ဍက မသေးလှပါဘူး။

မန္တလေးကောလိပ်ဆိုတာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ လက်ခွဲပညာရေး ဌာနတစ်ခုပါပဲ။ မန္တလေးတက္ကသိုလ်အက်ဥပဒေဆိုတာလည်း ရန်ကုန် တက္ကသိုလ်အက်ဥပဒေအတိုင်းပါပဲ။ ကျောင်းသားတိုင်းဟာ ကျောင်းသား သမဂ္ဂဝင်ပြီး သမဂ္ဂဝင်ကြေးကို ကျောင်းဝင်ငွေနဲ့အတူ တစ်ပါတည်း ပေးဆောင်ရပါတယ်။ တက္ကသိုလ်ရုံးကပဲ ကောက်ခံထားပြီး ကျောင်းသား သမဂ္ဂအသုံးစရိတ်ကို တက္ကသိုလ်ကပဲ လိုလားသည်ဖြစ်စေ၊ မလိုလားသည် ဖြစ်စေ ထုတ်ပေးရပါတယ်။ ကျောင်းသားသမဂ္ဂရွေးကောက်ပွဲကိုလည်း တက္ကသိုလ်ပါမောက္ခကြီးတွေကပဲ သမဂ္ဂအမှုဆောင်ဟောင်းများနဲ့ ရွေးကောက်ပွဲကော်မတီဖွဲ့ပြီး သမဂ္ဂအမှုဆောင်သစ်ကို ရွေးချယ်ပေးရပါ တယ်။ ခုသမဂ္ဂရှိသေးရဲ့လား၊ အဲသလို ရွေးကောက်ပွဲ လုပ်သေးသလား မသိပါ။ ကျွန်တော်တို့ခေတ်တုန်းကတော့ သမဂ္ဂအမှုဆောင်ရွေးကောက်ပွဲ ဟာ တစ်နှစ်တာ ကျောင်းသားလှုပ်ရှားမှုတွေမှာ အကြီးဆုံးလှုပ်ရှားမှုကြီးပါပဲ။

မောင်သာနိုးက ၁၉၅၀ ပြည့်နှစ်မှာ စစ်ကိုင်းမြို့ အစိုးရအထက်တန်း ကျောင်းမှာ ၁၀ တန်းကျောင်းသားပါ။ ၁၉၅၀ လူထုဂျာနယ်ဟောင်းတစ်ခု

mgyoe.com

mgyoe.com

မှာ မောင်သာနိုးက လူထုဂျာနယ် စာပေပြိုင်ပွဲမှာ ကဏ္ဍသုံးမျိုး (ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးရယ်လို့) ရှိတဲ့အနက် ဆောင်းပါးကဏ္ဍမှာ ဝင်ပြိုင်တာ တွေ့ရပါတယ်။ ဆောင်းပါးပြိုင်ပွဲခေါင်းစဉ်က "မတ်က်စ်ဝါဒကို အစိုးရ ကျောင်းများတွင် သင်ကြားသင့်ကြောင်း" တဲ့၊ မောင်သာနိုးက ဒုတိယဆု ချိတ်ပါတယ်။ ပထမဆုချိတ်သူက တက္ကသိုလ်ကျောင်းသားကြီးတစ်ဦးပါ။ နောင်တော့ တောခိုသွားတယ်လို့ တင်မိုးပြောပြပါတယ်။ မောင်သာနိုးဟာ အဿဇိ(၂)ဆိုတဲ့ ကလောင်နာမည်နဲ့ ဘာသာရေးဆောင်းပါးတွေပဲ ရေးပြီး၊ မောင်သိင်္ဂါအမည်နဲ့ ကဗျာတွေလည်း ရေးနေသူဖြစ်တယ်လို့ တင်မိုးက ပြောပါတယ်။ တင်မိုးကလည်း ၁၉၅၀ လောက်ကပဲ မန္တလေးမှာ ကိုရင်လေး ရှင်ဣန္ဒက ဘဝနဲ့စာသင်ရင်း လူထုဂျာနယ်မှာ ကန်မြဲနန်းမြင့်နွယ် အမည်နဲ့ ကဗျာတွေရေး။ ကလောင်သွေးနေပြီဆိုကိုး။

မောင်သာနိုး တက္ကသိုလ်ရောက်တဲ့နှစ် ၁၉၅၁ ခုနှစ်မှာ မောင်စွမ်းရည် က မြင်းခြံအထက(၁)ပဉ္စမတန်းမှာ စာသင်ဆဲ။ ပထဝီ၊ သမိုင်းမှာ သင်ရ တော့ မြေပုံထဲမှာ မန္တလေးနဲ့ စစ်ကိုင်းတည်နေရာကို တုတ်ထောက်ရှာရဆဲ။ မီးရထားလမ်းနဲ့ သွားရင်ဘယ်လို၊ ကားလမ်းနဲ့ သွားရင်ဘယ်နည်း၊ သင်္ဘောနဲ့ သွားရင် ဘယ်ပုံဆိုတာ ခရီးစဉ်ကို အလွတ်ပြောတတ်ရပါတယ်။ ခရီးစဉ်ကိုကြိုသင်ထားခဲ့ပေမဲ့ ၁၉၅၆ ခုနှစ်ကျမှ မန်းတက္ကသိုလ်ကို ရောက် ပါတယ်။ မောင်သာနိုးကလည်း ၁၉၅၃ အောက်တိုဘာက ကျောင်းသား သပိတ်အရေးမှာ ခေါင်းဆောင်ခဲ့လို့တဲ့ အဖမ်းခံ၊ ထောင်ချခံနေရာက ၁၉၅၆ ကျမှ လွတ်လာတာပါ။ လူထုဦးလှနှင့် ဒို့ဘုရင် ဦးဘရင်ဆိုသူ မန္တလေး မြို့မိမြို့ဖလူကြီးနှစ်ဦးကိုလည်း သူတို့အမှုတွဲ–ပုဒ်မ ၅ နဲ့တွဲပြီး မန္တလေး နန်းမြို့ရိုးတွင်းက ထောင်ကြီးထဲသို့ ဆွဲထည့်ထားသတဲ့။ ဖမ်းမိန့်ထုတ်သူတွေ က သူတို့ကိုယ်တိုင် ဗိုလ်နေဝင်းဖမ်းတာခံရပြီး ဝင်္ကလည်တော့မှ လူထုဦးလှ ထံ ဘာမှုမှမရှိဘဲ ဖမ်းထည့်ထားခဲ့တာကို ကန်တော့တောင်းပန်ကြောင်း မောင်သာနိုးကိုပြောပြခဲ့ဖူးပါသတဲ့။ "ငါကလည်း အကြာကြီးကန်တော့ ခံရ အောင် အကြာကြီးဆုတွေပေးလိုက်တာပေါ့" လို့လည်း နောက်ဆက်တွဲ ပြောလိုက်သတဲ့။ ကိုသာနိုးက တက္ကသိုလ်ရောက်တော့ လူထုမှာ ည အယ်ဒီတာဝင်လုပ်ပြီး သတင်းတွေကို ရေဒီယိုကလိုက်ကူးရတာ၊

mgyoe.com


ဘာသာပြန်ပေးရတာတွေလုပ်ရသတဲ့။ သူရ(ရှမ်းပြည်)၊ ဆရာဦးဆန်းထွန်း (ဆန်းထွန်း–မန်းတက္ကသိုလ်) တို့နဲ့အတူပေါ့။

တက္ကသိုလ်ကို ၁၉၅၆ မှာ ရောက်လာတာတော့ ကျွန်တော်တို့ ကြည်အောင်တို့နဲ့ တစ်နှစ်တည်းပေါ့။ နောက်နှစ် ၁၉၅၇ ကျမှ မောင်သိန်းနိုင် (မုံရွာ)နဲ့ တင်မိုး(မောင်ဘဂျမ်း–ရေစကြို)တို့က မြန်မာစာဂုဏ်ထူးကိုယ်စီနဲ့ ၁၀ တန်းအောင်ပြီး တက္ကသိုလ်ရောက်လာခဲ့ကြတာပါ။ ၁၉၅၈ မှာ ထင်ပါတယ်။ မြင်းခြံကိုသာလှက သမဂ္ဂဥက္ကဋ္ဌ၊ ကိုသာနိုးက အတွင်းရေးမှူး မောင်မိုးသူက ဒုတိယဥက္ကဋ္ဌ(ပြန်ကြားရေး)၊ ခင်မောင်ဝင်း(ကသာဝင်းကြွယ်) က (ဘဏ္ဍာရေး)၊ မောင်စွမ်းရည် (မြင်းခြံဝင်းဖေ)ကလည်း ပြန်ကြားရေး ဗျူရိုရဲ့ အတွင်းရေးမှူး စသဖြင့် အရွေးခံကြပါတယ်။ အဲဒီနှစ်ကစပြီး ရန်ကုန်ရော မန္တလေးမှာပါ တပ်ဦးဟောင်းရယ် တပ်ဦးသစ် တွဲပါတယ်။ အဓိကအားဖြင့်တော့ D.S.O ခေါ် ဒီမိုကရက်တစ်ကျောင်းသားများအဖွဲ့နဲ့ S.U.F ခေါ် ကျောင်းသားညီညွတ်ရေးတပ်ဦးအဖွဲ့ရယ်လို့ နှစ်ဖွဲ့ပဲ ရှိခဲ့တာပါ။ ဒီနှစ်မှာ ကျောင်းသားညီညွတ်ရေးတပ်ဦး (တပ်ဦး) အဖွဲ့က နှစ်ခြမ်းကွဲပြီး တပ်ဦးသစ် ပေါ်ပေါက်ခဲ့တာပါ။ မောင်သာနိုး၊ မောင်မိုးသူ၊ မောင်စွမ်းရည်တို့အဖွဲ့က မဲအပြတ်အသတ်နဲ့နိုင်ပါတယ်။

အင်္ဂလိပ်စာမလိုက်နိုင်တဲ့ ကျောင်းသားတွေကို ကျောင်းသားခေါင်းဆောင် ကိုသာနိုးက အချိန်ပိုခေါ်ပြီး စာသင်ပေးပါတယ်။ အင်္ဂလိပ်စာဌာနမှူး မစ္စတာမူနီက စာသင်ခန်းပေးတဲ့အပြင် သူကိုယ်တိုင်လာပြီး နောက်နားက ရပ်နားထောင်ပါတယ်။ နံရံကပ်စာစောင်တွေမှာ အင်္ဂလိပ်လို ရေးရင်လည်း နံရံကပ်စာစောင်မှာ လာဖတ်ပါတယ်။ ကျောင်းအုပ်ဆရာကြီး ဦးကိုလေး(စာရေးဆရာဇေယျာမောင်)ကိုယ်တိုင်လည်းလာဖတ်ပါတယ်။ နံရံကပ် စာစောင်က မြန်မာစာဌာနနဲ့အနီးစင်္ကြံမှာ သင်ပုန်းနဲ့ ထောင်ထားတာပါ။ မြန်မာစာဆရာများကတော့ ကျောင်းသားတွေရေးတာကို အထင်ကြီးလေ့ မရှိတာကြောင့်တစ်ကြောင်း၊ လောင်စာလေးတွေရေးတာကို မဖတ်ရဲတာလည်းတစ်ကြောင်း လာဖတ်လေ့ မရှိပါ။ မောင်သာနိုးက တက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်းတွေမှာလည်း အင်္ဂလိပ်စာတည်းတာဝန်ယူဖူးပါတယ်။ မောင်သိန်းနိုင်၊ တင်မိုးတို့က မြန်မာစာတည်းပါ။

mgyoe.com

mgyoe.com


ကြည်အောင်က အင်္ဂလိပ် စာတည်းလုပ်ဖူးပါတယ်။ မောင်စွမ်းရည်က မဂ္ဂဇင်း အတွင်းရေးမှူးတာဝန်ယူ၍ (မြန်မာစာ စာတည်း တာဝန်ပါတွဲဖက်ပြီး) တာဝန်ယူခဲ့ရဖူးပါတယ်။

ကျောင်းသားခေါင်းဆောင်အနေနဲ့ ထောင်အကျဆုံးကတော့ မန္တလေးမှာ ကိုသာနိုးပါ။ ဒုတိယ တတိယလိုက်သူများကတော့ မောင်မိုးသူနဲ့ မောင်သိန်းနိုင်ပါ။ မောင်စွမ်းရည်က ထောင်ကျတာမပါပါ။ အဖမ်းခံရမယ်လို့ အလိုက်ခံရဆဲ ထောင်မကျဘဲ ပြေးရင်းလွှားရင်း အိမ်ထောင်ကျသွားခဲ့ပါတယ်။ နောက်တစ်ခါ အလိုက်ခံရဆဲမှာတော့ အလွတ်ကျောင်းတွေပြည်သူပိုင်သိမ်းလိုက်လို့ အလွတ်ကျောင်းဆရာက အစိုးရကျောင်းဆရာဖြစ်သွားတဲ့ မောင်စွမ်းရည် မြန်မာပြည် မြောက်အစွန် စစ်ကိုင်းတိုင်း၊ ရေဦး မြောက်ဘက်တန့်ဆည်ကို ပို့လိုက်လို့ ရဲတွေ မျက်စပြတ်သွားခဲ့ပါသတဲ့။ ကံကြီးပေစွ။ နောက်ထပ် တင်မိုးနဲ့ စောလူတို့က မောင်စွမ်းရည်ကို ဥရောပကတစ်ဆင့် အမေရိကကိုခေါ်ထုတ်လိုက်လို့ အဖမ်းခံလွတ်ခဲ့ရပြန်တယ်။

အမေရိကရောက်တော့ ကျန်ရစ်တဲ့သူငယ်ချင်းတွေကို လွမ်းတယ်။ မောင်မိုးသူရဲ့သား "အာဂျလာ"ကို "မင်းအဖေခေါ်ကွာ"ဆိုတော့ အဖေက ငြင်းသတဲ့။ ဒါနဲ့ တင်မိုးနဲ့ မောင်စွမ်းရည်တို့က မောင်သာနိုးကို ဖိတ်ခေါ်တယ်။ Iowa အပြည်ပြည်ဆိုင်ရာ စာရေးသားမှုအစီအစဉ်*ကို သူငယ်ချင်းရဲ့ သမီးဝင်နီရွှေစင်ဦးက ဖုန်းနဲ့ဖိတ်ခေါ်တယ်။ "မင်းသား"က "မင်းသမီး" မပါရင် မလာဘူးတဲ့ ငြင်းတယ်။ မင်းသမီးကို ကိုယ့်စရိတ်နဲ့ ကိုယ်ခေါ်ရင် ရစေမယ်ဆိုတော့မှ လာတယ်။ ဒါ့ကြောင့် အိုင်အိုဝါမှာရော၊ စောလူအိမ်မှာရော မောင်သာနိုးနဲ့ သူငယ်ချင်းသုံးယောက်ပျော်ပျော်ကြီး ပြန်ဆုံကြရပါတယ်။

ကျွန်တော်တို့က ပြည်တွင်းကို ပြန်လာခွင့်မရတာ ၁၀ နှစ်လောက်ကြာခဲ့ပြီဆိုတော့ သူငယ်ချင်းတွေကိုလွမ်းတာပေါ့။ နောက်တစ်ခါ ကိုသာနိုးနဲ့တွေ့ဖို့ အခွင့်အလမ်းရပြန်ပါတယ်။ ကိုရီးယား(တောင်)က ဖိတ်ကြားတာပါ။ မောင်စွမ်းရည်နဲ့ အဖော်တစ်ဦးတဲ့။ အမေရိကမှာရှိတဲ့ မောင်သာရကို မခေါ်ဘဲ ပြည်တွင်းက စာရေးဆရာကို ခေါ်ခွင့်ရရင် ခေါ်ချင်တယ်လို့

* International Writing Programme

mgyoe.com

mgyoe.com


အကြောင်းပြန်တော့ ကိုသာနိုးကိုပါ ခေါ်ခွင့်ရပါတယ်။ ကိုသာနိုးသာ ကိုရီးယားရောက်သွားတယ် ကျွန်တော်က ခရီးသွားလက်မှတ် အဆင်မပြေဘဲ ဖြစ်သွားခဲ့လို့ မသွားလိုက်ရတော့ပါ။ ဒါပေမဲ့ ဖုန်းဆက်ပြီးတော့ လွမ်းစကားမန်းစကားတွေ အားရအောင် ပြောလိုက်ကြပါတယ်။ ကျုပ်တို့ ဆရာနိုးဟာ အနောက်နိုင်ငံတွေက 'ထင်းရှူးပင်ရိပ်' ကိုရော၊ အရှေ့နိုင်ငံက 'မိုးမခပင်ရိပ်' ကိုရော ရောက်ရှိဖူးသွားလို့ ကျွန်တော်တို့က ကိုယ်တိုင် ရောက်ရတာထက် ဝမ်းသာပါတယ်။ ဆရာနိုးက အရှေ့အနောက် ကဗျာတွေကို ဘာသာပြန်သူဖြစ်လို့ပါ။

ကိုသာနိုးက အင်္ဂလိပ်စာ ထူးချွန်တယ်လို့ သူပြောလူပြောနဲ့ ကြားဖူးရုံပဲရှိခဲ့တာပါ။ နောက်တော့ ကျွန်တော်တို့ သူငယ်ချင်းတစ်စုရဲ့ ကဗျာတွေကိုသူပဲ ဒိုင်ခံပြီး အင်္ဂလိပ်လိုဘာသာပြန်ခဲ့တာပါ။ ကျွန်တော်ရဲ့ 'အနီနဲ့အပြာ' ကဗျာများစာအုပ်ကို ဘာသာပြန်ပေးဖို့ ကျွန်တော်ကိုယ်တိုင် မပြောခဲ့ရပါ။ အားနာလို့ပါ။ သူငယ်ချင်းတင်မိုးက သူ့ဘာသာပြောပြီး အင်္ဂလိပ်မြန်မာနှစ်ဘာသာတွဲကို သူကိုယ်တိုင်ထုတ်ပေးရှာခဲ့တာပါ။ ဒါနဲ့ အားမရသေးဘဲ တရုတ်၊ ရုရှားတို့ကို အားကျလို့တဲ့ 'မြန်မာစာပေမဂ္ဂဇင်း' တစ်စောင်ကို အင်္ဂလိပ်လို ထုတ်ချင်သေးတာလို့ ကိုသာနိုးကို အပူကပ်ခဲ့ပါသေးတယ်။ တင်မိုးက အိမ်ထောင်ကျပြီး ရန်ကုန်ကို ခေတ္တပြောင်းသွားရလို့ မလုပ်ဖြစ်တော့ပါ။ ထုတ်ပေးမယ့်သူရှိပါတယ်။

မြန်မာလိုက အင်္ဂလိပ်လို ဘာသာပြန်နိုင်ရုံမက အင်္ဂလိပ်လိုက မြန်မာလိုဘာသာပြန်ပေးပါဆိုတာကိုလည်း တင်မိုးနဲ့ ကြည်အောင်တို့က အမြဲပူဆာခဲ့ကြပါတယ်။ တင်မိုးက ဘာသာပြန်မဂ္ဂဇင်းတောင် ထုတ်ချင်သေးသတဲ့။ အိုမာခိုက်ယမ်းရဲ့ 'ရူဘာအီယက်' ကိုတော့ ကြည်အောင်က ဘာသာပြန်ခိုင်းလို့ပါ။ တင်မိုးက ကိုသာနိုးကို ဘာသာပြန်ခိုင်းဖူးတာက 'ဇိုယာနဲ့ရှူရာ' ရုရှားဝတ္ထုပါ။ နောင်အခါ ဆရာကြီး ဦးကိုလေး (ဇေယျာမောင်) ဘာသာပြန်လို့ ဘာသာပြန်ဆုရတဲ့စာအုပ်ပါ။ ကိုသာနိုးက ထောင်ကျသွားလို့နဲ့တူပါရဲ့။ အဲဒီကာလက ဘာသာမပြန်ဖြစ်ခဲ့ပါ။ ရန်ကုန်ရောက်တော့ တိုင်းမ်း၊ နျူးစ်ဝိက်–တို့က သတင်းတချို့ကို ကိုသာနိုးက ဖတ်လာပြီး ဘီအိုစီကောလိပ်လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ကို ဘာသာပြန်ပြီး ပြောပြလေ့

mgyoe.com

mgyoe.com


ရှိပါတယ်။ တင်မိုးနားမထောင်ဘဲ အိပ်ငိုက်နေရင် ကိုသာနိုးက "ဟေ့လူ၊ ကိုဘဂျမ်း ခင်ဗျားအတွက်ပြောနေတာလေ နားထောင်ဦး" လို့ လှမ်းအော်လေ့ရှိပါတယ်။ ကိုသာနိုးက ကျွန်တော်တို့အတွက် ပါရမီဖြည့်ရင်းက နိုင်ငံခြားကဗျာတွေ ဘာသာပြန်တဲ့အလုပ်ကို စတင်မိခဲ့တာလို့ ထင်ပါတယ်။ နောက်တော့ 'ထင်းရှူးပင်ကြီး' တစ်ပင်နဲ့ 'မိုးမခပင်' ကြီးတစ်ပင် စိုက်ထူမိခဲ့ပါလေရောလား။ မိုးမခပင်ကြီးစိုက်ထူမိတော့ တင်မိုးနဲ့ ကြည်အောင်တို့ မရှိတော့ပါ။ လူငယ်ကဗျာဆရာတွေကတော့ ဖတ်ကြပါတယ်။

ကိုသာနိုးက တက္ကသိုလ်ရောက်စမှာ မြန်မာဘာသာနဲ့ ကဗျာလေးတွေ ရေးနေပါသေးတယ်။ ကြည်အေးရဲ့ လေးချိုးသံချိုဆန်ဆန် ကဗျာလေးတွေ ရေးခဲ့တာပါ။ (မြန်မာလိုရေးထားတဲ့ ငယ်လက်ရာကဗျာလေးတွေကို ပြန်ရှာပြီး စာအုပ်ထုတ်ဖို့ကောင်းပါတယ်) နောက်ပိုင်း လူထုမှာရေးခဲ့တဲ့ "မလင်းပြာ" ကဗျာကလည်း အတော်လေးလှုပ်လှုပ်ခတ်ခတ်ဖြစ်ဖူးပါတယ်။ ကျွန်တော်တို့သုံးယောက်ရေးကြတာတွေက ရိုးရာဆန်လွန်းလှတယ်လို့ ထင်ပါတယ်။ ကိုသာနိုးက ရိုးရာပုံစံကို ခေတ်ဆန်အောင် ရေးထားတာမို့ ကျွန်တော်တို့ အလွတ်ရခဲ့ဖူးပါတယ်။ ကျွန်တော်နဲ့တင်မိုးတို့က ရွေးကောက်ပွဲအတွက် လက်ကမ်းစာစောင်တွေမှာ ကဗျာတွေရေးကြတော့လည်း ကိုသာနိုးက ဘာသာပြန်ပေးခဲ့တာတွေရှိပါတယ်။ သိမ်းထားပေမဲ့ ပြေးရ၊ လွှားရ၊ ပုန်းရလျှိုးရတာတွေများလို့ ဘာမှအစရှာမရတော့ပါ။

တင်မိုးနဲ့ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှာ အခြေခံပညာကျောင်းသုံး၊ မြန်မာဖတ်စာတွေလုပ်ဖို့ အတူပူးတွဲရုံးတက်ရဖူးပါတယ်။ အဖွဲ့ဥက္ကဋ္ဌက မြန်မာစာပါမောက္ခဖြစ်တဲ့အတွက် မြန်မာစာဌာနမှာ လာပြီး အလုပ်လုပ်ကြရတာပါ။ ကိုသာနိုးလည်း တောင်ငူဆောင်၊ (တောင်ပိန္နဲပင်အောက်က) လက်ဖက်ရည်ဆိုင်ကို လာနေကျပါ။ တစ်ခါတော့ ကိုသာနိုးမလာခင် မြန်မာစာဆရာတစ်ယောက် ရှေ့မှာ ကိုသာနိုး အင်္ဂလိပ်စာထူးချွန်ပုံကို ပြောပြနေကြပါတယ်။ ကျောင်းသားတွေကို ပြောပြနေတာပါ။ မြန်မာစာဆရာတစ်ယောက်က အနီးမှာရှိတာပါ။ သူကဘိလပ် ပြန်ပါ။ ဘာသာဗေဒသွားသင်ယူကာ စာမေးပွဲကျသူပါ။ သူက 'မောင်သာနိုး ဘာသာဗေဒဗီးရိုး' လို့ ဆောင်းပါးရေးဖူးသူပါ။ သူက "ခင်ဗျား ထိုင်ပြောနေတာ နားခါးတယ်

mgyoe.com

mgyoe.com


ဗျာ၊ မောင်သာနိုးလောက်တော့ လူတိုင်းတတ်ပါတယ်။ ခင်ဗျားတို့သာ အင်္ဂလိပ်စာ ညံ့လို့ပါ။ ခင်ဗျားတို့ကိုယ်တိုင် အင်္ဂလိပ်စာမကျွမ်းဘဲ သာနိုး အင်္ဂလိပ်စာကျွမ်းတယ်လို့ ခင်ဗျားတို့က ဘယ်လိုသိသလဲ" တဲ့၊ တင်မိုးနဲ့ အဲဒီ မြန်မာစာဆရာနဲ့က ရင်းနှီးပါတယ်။ အိမ်နီးချင်းပါ။ သူက ဒါမျိုးတွေ ပြောနေကျပဲ ဆိုပြီး ရယ်မောနေတာပါ။ ကျွန်တော်ကတော့ ဒီလို ပြန်ပြော ပါတယ်။ "ဒီမှာ ကိုယ့်လူ၊ ကိုသာနိုး မကြာခင်ကပဲ အင်္ဂလိပ်စာ ဘာသာ ဝပ်ကင်းပီးပဲလ်ဒေးလီးသတင်းစာမှာ အင်္ဂလိပ်လိုဆောင်းပါးတစ်ပုဒ် ရေးတာ တွေ့မိသလား" လို့မေးတော့ "သောက်ဂရုစိုက်ပြီး မဖတ်ဘူး"တဲ့။ ဒီတော့ ကျွန်တော်က ပြောရတယ်။ "မောင်သာနိုး အင်္ဂလိပ်လိုရေးတာ ကောင်းလှချေ လား" လို့ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်လို ဘိလပ်ပြန်တွေက ချီးကျူးတယ် ဗျ။ ဆရာမောင်ထင်ကလည်း ချီးကျူးတယ်။ ဒေါ်ခင်မျိုးချစ် အင်္ဂလိပ်စာ တတ်တယ်ဆိုတာကိုတော့ ခင်ဗျား မငြင်းနိုင်ဘူး။ သူတို့မောင်နှံက မောင်သာ နိုးကို မတွေ့ဖူးသေးဘူးတဲ့၊ သူ အင်္ဂလိပ်လိုရေးတာ သိပ်ကောင်းတာပဲကိုး ကွယ်။ သူ့ကို ချီးကျူးဂုဏ်ပြုချင်လို့ ထမင်းစားဖိတ်ပေးပါတဲ့။ ကျွန်တော့်ကို ဖိတ်ခိုင်းတာပါ။ ခင်ဗျားကို မြန်မာစာတော်လှချေရဲ့ အင်္ဂလိပ်စာ သာတော်လှ ချေရဲ့လို့ တစ်ခါမှ မကြားဖူးဘူး။ ခင်ဗျားလည်း အင်္ဂလိပ်လိုရော မြန်မာလို ရော မရေးတတ်လို့ မရေးဘူး။ ဘိလပ်ပြန်ကြီးရယ်လို့ ဘယ်သူက ဖိတ်ခေါ် ပြီး ချီးကျူးတယ်လို့လည်း မကြားပေါင်ဗျာ"လို့ပြောတော့ "ခင်ဗျားတို့ မန္တလေးသားတွေ ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေကြရစ်တော့" ဆိုပြီးထသွားပါ တယ်။ "ခင်ဗျားကိုတော့ ဘယ်သူမှ ချိုတယ်ရော ချဉ်တယ်ရော မပြောကြပါ လားလို့" "မောင်သာနိုးကို ဘာသာဗေဒ 'ဇီးရိုး'လို့ ခင်ဗျားပြောခဲ့တယ် ခင်ဗျားသာဆိုရင် ဘာသာဗေဒ မိုင်းနပ်–ဇီးရိုးဖြစ်မှာပေါ့"လို့လည်း လှမ်း အော်လိုက်ပါတယ်။ ကိုသာနိုးရဲ့ အင်္ဂလိပ်စာအရေးအသားကို ချီးကျူးချင် လို့ဆိုပြီး ဒေါ်ခင်မျိုးချစ်က ဖိတ်ကြားခိုင်းလို့ ကျွန်တော်ကိုယ်တိုင် ဖိတ်ကြား ပေးခဲ့ရတာပါ။

မြန်မာစာဌာနမှာ ဘာသာသိပ္ပံ သင်ကြားပို့ချမှုမရှိပါ။ သဒ္ဒဗေဒကို ဆရာဦးရွှေသွင်က သင်ပေးခဲ့ဖူးပါတယ်။ ဦးဖေမောင်တင်ရဲ့ စာအုပ်ကိုပဲ ဘာသာပြန်ခဲ့ရပြီး သူကိုယ်တိုင် အသစ်ပြုစုမသွားပါ။ ဘာသာသိပ္ပံပညာ

mgyoe.com

mgyoe.com


သင်လွှတ်ဖို့ စီစဉ်ရာမှာလည်း ဗိုလ်နေဝင်းက မြန်မာစာကို မြန်မာလူမျိုးထက် တတ်တဲ့သူမရှိဘူး မသွားနဲ့လို့ ပိတ်လိုက်ပါတယ်။ ဘာသာသိပ္ပံဆိုတာ ဗိုလ်နေဝင်းဘာမှန်းမသိခဲ့ရှာပါ။ မသိပေမဲ့ မစုံစမ်းဘဲ ပိတ်လိုက်တော့ ပညာရေးမှာ နစ်နာတာပဲရှိမှာပေါ့။ မြန်မာပြည်မှာ တိုင်းရင်းသားဘာသာစကားတွေ အမျိုးမျိုးရှိတယ်။ ဘာသာ သိပ္ပံနည်းကျလေ့လာဖို့ကောင်းတယ်။ ပြင်သစ်၊ ဂျပန်၊ အင်္ဂလန်ပညာရှင်တွေက မြန်မာစကားမြန်မာစာပေ၊ တိုင်းရင်းသားစကားတွေကို စနစ်တကျလေ့လာသွားကြတာတွေရှိပေမဲ့ မြန်မာပညာရှင်လေ့လာတာနည်းပါသေးတယ်။ ကျွန်တော်တို့တော့ သူငယ်ချင်း မောင်သာနိုးရေးသလောက်တောင် နားလည်အောင်မနည်းမနော လိုက်ဖတ်နေရတာပါ။ ဘာသာသိပ္ပံလေ့လာမှုတိုးတက်ပါစေသောဝ်.....။

Myanmar Gazette၊ နိုဝင်ဘာ၊ ၂၀၁၈

❑

mgyoe.com

mgyoe.com

# ကဗျာဆရာ မောင်သိင်္ဂါ

ကဗျာဆရာ မောင်သိင်္ဂါဆိုတာ ခုအခါမှာ သူနဲ့ ခေတ်ပြိုင်ရေးဘက် ကဗျာဆရာများကလွဲလို့ သိတဲ့လူရှိမယ်မထင်ပါ။ သူကလည်း ဒီကလောင် နာမည်ကြီးဟာ ပါဠိဆန်၊ ရှေးဆန်လို့လားမသိ၊ ဆက်မသုံးတော့ဘဲ သူ့ နာမည်ရင်းနဲ့သာ ရေးနေပါတော့တယ်။

ကျွန်တော်တို့တစ်တွေ၊ ကြည်အောင်၊ မောင်မိုးသူ၊ လေးမောင်(မြင်းခြံ) တို့နဲ့ တက္ကသိုလ်ရောက်တာက ၁၉၅၆ ခုနှစ်ပါ။ အဲဒီနှစ်မှာ မောင်သိင်္ဂါ၊ မောင်ပေါက်စည်၊ မောင်အောင်သျှန်၊ တက္ကသိုလ်နွယ်ထွန်း၊ ဘုတလင် ချစ်လေး၊ တက္ကသိုလ်မောင်ထွန်းဝေတို့က နာမည်ရစ ကဗျာဆရာတွေပါ။ ကျွန်တော်တို့က ကလောင်နာမည်တောင် မရှိသေးပါ။ ကိုဘဂျမ်း(တင်မိုး) ဆိုတာ ၁၉၅၇–၅၈ ကျမှ တက္ကသိုလ်ရောက်တာ။ ကျွန်တော်တို့ တက္ကသိုလ် ရောက်တော့ အထူးသဖြင့် မောင်သိင်္ဂါနဲ့ မောင်ပေါက်စည်တို့က နံရံကပ် စာစောင်တွေနဲ့ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတို့မှာ လေးချိုး၊ သံချိုကဗျာမျိုး တွေနဲ့ ရေးနေကြပါပြီ။ ကြည်အေးရဲ့ လေးချိုးကဗျာသံတွေရဲ့ လေသံနဲ့ တူသလိုပါပဲ။

ကျွန်တော် မှတ်မိတာက မောင်သိင်္ဂါရဲ့ ကဗျာမှာ

mgyoe.com

mgyoe.com


လက်ကလေး တကကက
အရက်ကလေး တမြမြ
ကြက်ကလေး တမွမွနဲ့

- - - - - - - - - - -

သဲတွေ ခဲတွေ လျှံတဲ့
ဘဲငွေစံ ချောင်းငွေရိပ်မှာလ
ပုန်းအိပ်မယ်လေး ....။ ဆိုတာကလေးတွေကို မှတ်မိပါတယ်။
နောက်တစ်ပုဒ်ကတော့ ဘဝသရုပ်ဖော်၊ နိုင်ငံရေးဆန်လာသလိုပဲ။
ဤကလေး
ဆင်းသေးနုဖပ်
အဝတ်
မြင်ဖွယ်မကောင်း
ကျောင်း
တက်ချိန်မရှိ
ဝမ်းစာကိုယ်တိုင် ကျောင်းနေရရှာ၏။

စသည်ဖြင့် ပုံစံမျိုးနဲ့ အတွေးရော အရေးပါ ခေတ်ဆန်လာပါတယ်။ နောက်တစ်ပုဒ်ကတော့ ပိုပြီးနိုင်ငံရေးဆန်လာပါတယ်။ အဲဒီကဗျာကတော့ ကျွန်တော့်ဆီမှာ အပြည့်အစုံရှိလို့ အပြည့်အစုံပဲ ဖော်ပြလိုက်ပါမယ်။ ဒီကဗျာ ပြီးတော့ နောက်ထပ်ကဗျာရေးတာ မတွေ့ရတော့ပါဘူး။ အင်္ဂလိပ်ကဗျာ တွေကိုပဲ ဘာသာပြန်နေရတာများပါတယ်။ သူ့သူငယ်ချင်း တင်မိုး၊ ကြည်အောင်၊ မောင်စွမ်းရည် စတဲ့ ကဗျာဆရာများက သူတို့ အင်္ဂလိပ်လို မကျွမ်းတော့ သူတို့ သူငယ်ချင်း အစ်ကိုကြီးကိုပဲ ဘာသာပြန်ပေးဖို့ ပူဆာ ကြလွန်းလို့ သူက ဘာသာပြန်ဆရာဖြစ်သွားရတာပါ။ ဘာသာပြန်တော့ နာမည်ရင်း မောင်သာနိုးအမည်နဲ့ပဲ ပြန်ပါတယ်။ သူငယ်ချင်းတွေရဲ့ ကဗျာ တွေကို အင်္ဂလိပ်လို ပြန်ပေးရတာကိုက မနည်းလှဘူး။ ကဗျာတွေ သာမက ကဗျာသဘောတရားစာအုပ်တွေပါ ဘာသာပြန်ပေးသေးတာ။ တင်မိုး ပူဆာ လို့ ဂျော့သွမ်ဆင်ရဲ့ "မတ်က်စ်ဝါဒနှင့် ကဗျာ"ကို "ကဗျာသဘောတရား" ဆိုပြီး ဘာသာပြန်တယ်။ ဆာအက်ဒွင်အန်းန်ဒ်ရဲ့ "အာရှအလင်းရောင်"ကို

mgyoe.com

mgyoe.com

ဘာသာပြန်တယ်။ ကဗျာကိုတစ်အုပ်လုံး ပြန်ပေးရတာက ကြည်အောင် ပူဆာလို့ ပြန်ရတာ။ အိုမာခိုက်ယမ်းရဲ့ ရူဘာအီယက်ကဗျာကို ဘာသာပြန် ပေးရသေး တယ်။ နောက်တော့ အနောက်နိုင်ငံကဗျာစုံနဲ့ အရှေ့နိုင်ငံ ကဗျာစုံတွေ ဘာသာပြန်ရတာက မဆုံးနိုင်တော့ဘူး။ နှစ်ပေါင်း ၅၀ လောက် ကြာတဲ့ ကာလအတွင်း လက်လေးလုံးလောက်ထူတဲ့ အရှေ့အနောက်ကဗျာစုံ ဘာသာ ပြန်ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါတယ်။ မြန်မာပြည်အဖို့က ဘာသာပြန်တာ ဟာ အလွန်အကျိုးရှိပါတယ်။ စာပေဗိမာန်ဆိုတာ အစိုးရရဲ့ဘာသာပြန်ဌာန။ ကဗျာဘာသာပြန်မပါဘူး။ ကဗျာဘာသာပြန်ဆုလည်း မရှိဘူး။ ရှိရင် ဆရာနိုးဆုရတာကြာလှရော့မယ်။ ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်လို မဖတ်နိုင်သူများ တဲ့ မြန်မာပြည်က လူငယ်ကဗျာသမားများအတွက် အထူးလိုအပ်တာက ကဗျာဘာသာပြန်ပဲ ဖြစ်ပါတယ်။ တကယ်လည်း အကျိုးရှိပါတယ်။ ကဲ စောစောက ဖော်ပြခဲ့တဲ့အတိုင်း မောင်သိင်္ဂါရဲ့ မလင်းပြာကဗျာကို တစ်ပုဒ်လုံး တင်ပြလိုက်ပါတယ်။ မူလကလောင်နာမည်ပါ ဘာသာပြန်ရင်တော့ မောင်သိင်္ဂါ ဆိုတာ မောင်ရွှေပေါ့နော်။ (မသိင်္ဂီဆိုရင်တော့ မရွှေပေါ့)

မလင်းပြာဆိုတာရော အဓိပ္ပာယ်သိလား။ လင်းပြာဆိုတာ ချိုးလင်းပြာ လို့ပြောတာ။ သဘောကောင်းတဲ့၊ အေးဆေးတဲ့ ငြိမ်းချမ်းရေး ချိုးမလေးလို့ အဓိပ္ပာယ်ရတယ်။ ကျီးကန်းတို့၊ ဆက်ရက်တို့(ဇရက်) တို့လို မစွာဘူး၊ မပျာယာဘူးပေါ့။

မလင်းပြာ
မလင်းပြာ
မင်းဘာကြောင့် မိုက်ချင်တယ်
မလင်းပြာ
မင်းဘာကြောင့် စိမ်းရတယ်
မလင်းပြာ
ငါ့လက်တံ လက်မောင်းတွေဟာ
တရကြမ်း ချီလာနေတဲ့
သံချပ်ကာ တင့်ကားကြီးကို

mgyoe.com

mgyoe.com


ကာဆီးဟန့်တား
ဆွဲကိုင်ရပ်ထားနိုင်အောင် သန်မာရမယ်။

မလင်းပြာ
ငါ့ရင်ကိုခွဲ
ငါ့အသည်းနှလုံးကိုထုတ်
နောက်တစ်လှမ်းဆုတ်
ရှေ့တအားပစ်သွင်းလိုက်ရင်
*မရင်းတပ်သားတွေ အတုံးအရုံး
ဗုန်းခနဲ ဗုန်းခနဲ
လဲသေစေရမယ်။

မလင်းပြာ
ငါမလွမ်းချင်ဘူး
မလင်းပြာ
ငါမငိုချင်ဘူး။
ငါ မပျော့ချင်ဘူးကွယ်။
ငါ အခုပဲ စစ်ထွက်ရတော့မယ်

*

မလင်းပြာ
ငါ ဗီယက်နမ်ကို သွားရမယ်
အဲဒီမှာ ရွှံ့ရည်ညစ်ညစ်
သလုံးသားနစ်တဲ့ လယ်တရိုးမှာ
ပျိုးနုတ်နေသူ လုံမရဲ့
ကျောက ရိုင်ဖယ်ကိုယူ

မရင်း= Marines

mgyoe.com